www.burmeseclassic.com

ကျွန်တော်နှင့်

# ဆယ့်နှစ်ကြိုးဆိုင်ဒါ

BURMESE CLASSIC

ပေါ်
ဖော်
ဇော်

DESIGN : BHANT MINN HTET

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၂၉၄၀၉၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၂၉၀၀၉၀၉ |
| စီစဉ်သူ | - | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - | အောက်တိုဘာလ၊ ၂၀၀၉ ခုနှစ် |
| ကွန်ပျူတာစာစီ | - | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | - | ခန့်မင်းထက် |
| အဖုံးဖလင် | - | EMPIRE |
| အတွင်းဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် မျက်နှာဖုံးပုံနှိပ် | - | ဒေါ်ခင်အေးမြင့် (၀၅၉၀၁) ရာပြည့်ပုံနှိပ်တိုက် အမှတ် ၂၄ သာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | - | ဦးကျော်ဟင်း ယုံကြည်ချက်စာပေ (မြဲ-၀၉၁၀) အမှတ် ၁၁၁ ၊ ၃-ထပ် (ညာ)၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၀၀၀ ကျပ် |

### ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

**လတ်တေဇအောင်**

ကျွန်တော်နှင့် ဆယ့်နှစ်ကြိုးဆိုင်ခီ / လတ်တေဇအောင် ရန်ကုန်။

ယုံကြည်ချက်စာပေ၊ ၂၀၀၉။

၁၆၅ - စ။ ၁၂ စင်တီမီတာ × ၁၈ စင်တီမီတာ


www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ခီ (Psyche) = ကျူးပစ် (Cupid) ၏ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com

(၁)

တက္ကသိုလ်ရှေ့က မနက်ခင်းဟာ ထုံးစံအတိုင်း လတ်ဆတ်လှပနေပါတယ်။ ကျွန်တော်စီးလာတဲ့ ကျောင်းကားကြီးကလည်း ထုံးစံအတိုင်း ကျောင်းအဝင်မုခ်ဦးရှေ့မှာ ထိုးရပ်လိုက်တယ်။ ကျောင်းဝန်းထဲကို တန်းဝင်လို့ရအောင်ပေါ့လေ။ မုခ်ဦးအောက်က ကျောင်းတံခါးကလည်း ထုံးစံအတိုင်းဖွင့်ထားပါပြီ။ သိတဲ့အတိုင်းပဲ။ ကျွန်တော်ကလည်း ထုံးစံအတိုင်း ကျောင်းဝန်းထဲကို မဝင်ချင်သေးဘူး။ ကျောင်းကားကြီးကိုသနားလို့ သူ့အပေါ်ကတော့ ဆင်းလိုက်တယ်။ ပြီးတော့ ထုံးစံအတိုင်းပါပဲ . . . ။ ဂန္ဓဝင်ကင်တင်းကိုပေါ့။

ကင်တင်းထဲမှာလည်း မှာယူစားသောက်သံတွေနဲ့ ထုံးစံအတိုင်း ပွက်လောရိုက်နေလေရဲ့။ မျက်စိကိုဝေ့ကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com

(၁)

တက္ကသိုလ်ရှေ့က မနက်ခင်းဟာ ထုံးစံအတိုင်း လတ်ဆတ်လှပနေပါတယ်။ ကျွန်တော်စီးလာတဲ့ ကျောင်းကားကြီးကလည်း ထုံးစံအတိုင်း ကျောင်းအဝင်မုခ်ဦးရှေ့မှာ ထိုးရပ်လိုက်တယ်။ ကျောင်းဝန်းထဲကို တန်းဝင်လို့ရအောင်ပေါ့လေ။ မုခ်ဦးအောက်က ကျောင်းတံခါးကလည်း ထုံးစံအတိုင်းဖွင့်ထားပါပြီ။ သိတဲ့အတိုင်းပဲ။ ကျွန်တော်ကလည်း ထုံးစံအတိုင်း ကျောင်းဝန်းထဲကို မဝင်ချင်သေးဘူး။ ကျောင်းကားကြီးကိုသနားလို့ သူ့အပေါ်ကတော့ ဆင်းလိုက်တယ်။ ပြီးတော့ ထုံးစံအတိုင်းပါပဲ . . . ။ ဂန္ဓဝင်ကင်တင်းကိုပေါ့။

ကင်တင်းထဲမှာလည်း မှာယူစားသောက်သံတွေနဲ့ ထုံးစံအတိုင်း ပွတ်လောရိုက်နေလေရဲ့။ မျက်စိကိုဝေ့ကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို လက်လှမ်းပြနေတဲ့ နေမျိုးကျော်ကို တွေ့လိုက်ရတယ်။ ထုံးစံအတိုင်း မျက်နှာပွယောင်းယောင်းကြီးနဲ့။ ဒီကောင်က အရက်သောက်တတ်တယ်။ ခုလည်း ညက ဘယ်လောက်သောက်ထားလည်း မသိဘူး။ ကျွန်တော်ရောက်သွားတဲ့အချိန်မှာ ရန်နိုင်နဲ့ဝင်းဇော်ကိုခြံရုံပြီး ကော်ဖီကြမ်းသောက်နေတယ်။ ကျွန်တော်က လက်ဖက်ရည်လှမ်းမှာရင်း . . .

"ဟော့ကောင်တွေ ဘိုဘိုဖြိုးတစ်ယောက် မလာသေးဘူးလား"

"ထုံးစံအတိုင်းပေါ့ကွာ"

ရန်နိုင်က လှမ်းပြောတယ်။ ကျွန်တော်လည်း ထပ်မမေးတော့ဘူး။ ဘိုဘိုဖြိုးက တက္ကသိုလ်လက်ရွေးစင် ဘောလုံးသမားပါ။ ခုလည်း ထုံးစံအတိုင်း ဘောလုံးထရိန်နင်ဆင်းနေတယ်လို့ ပြောတာ။ ဒီကောင်တွေကတော့ ဘောလုံးကို လုံးလုံးကြီးဆိုတာကလွဲပြီး သိတဲ့ကောင်တွေ မဟုတ်ဖူး။ ပြောရရင် ကျွန်တော်ကတောင် နည်းနည်းသာမလားပဲ။ ကျွန်တော်က ဘောလုံးမကန်တတ်ပေမယ့် စစ်တုရင်တော့ အတော်လေးထိုးတတ်တယ်။ နည်းနည်းတော့ တကယ်သာတာပေါ့။

ထွေရာလေးပါးတွေပြောရင်း နေမျိုးကျော်က စပြီးအဆိုတင်သွင်းလာတယ်။

"ဟော့ကောင်တွေ ပေါက်ကရတွေ ပြောနေမယ့်အစား အကျိုးရှိမယ့် စကားပြောရအောင်"

"အေး . . မင်းညီမတွေအကြောင်း ပြောကြတာပေါ့ ဘယ်သူ သုံးလုံးနဲ့ဖယ်ထုံ ဟုတ်တယ်မလား"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် . . ကောင်းတယ်၊ အငယ်နဲ့အကြီးမှာ ဘယ်ဟာက ပိုချောလည်း ဟော့ကောင် . . ."

နေမျိုးကျော်က မဖြေဘဲ အသံတိတ်လှမ်းဆဲပါတယ်။ ဝင်းဇော်က နေမျိုးကျော်နဲ့ အိမ်နီးချင်းမို့ ဒီကောင့်ညီမတွေရဲ့ အိမ်နာမည်တွေသိနေတာ။ တစ်ရက်တစ်ရက် စကားပြောတိုင်း ခလုတ်တိုက်နေကြမို့ ဒီကောင့်ညီမတွေခမျာ မသက်သာလှပါဘူး။ အမှတ်မရှိတဲ့ နေမျိုးကျော်က စကားထပ်စလာတယ်။ ဒီတစ်ခါတော့ ကျွန်တော့်ကို မေးတာပါ။

"ဟော့ကောင် စည်သူ၊ မိန်းမတွေဟာ မြစ်လိုကွေ့ကောက်တတ်တယ်ဆိုတာ မင်းလက်ခံလား"

"အေး . . ."

တုံးတိကြီး တစ်ခွန်းတည်းဖြေလိုက်လို့ နေမျိုးကျော်စိတ်ညစ်သွားတယ်။ ဒီကောင် ပထမနှစ်တုန်းက သူလိုက်ဖူးတဲ့ကောင်မလေး ရည်းစားရသွားကတည်းက မိန်းမတွေကို အသားလွတ်ကြီးစိတ်နာနေတာ။ ကျွန်တော်တို့က ဒုတိယနှစ်လောက်မှ တွဲမိကြလို့ ဒီအဖြစ်အပျက်တွေကို မသိဘူးလေ။ နေမျိုးကျော်ကပဲ . . .

"ဆက်ပြောဦးလေကွာ"

"အဟမ်း . . ."

မလိုအပ်ဘဲ ချောင်းဟန့်လိုက်ပေမယ့် ဒီကောင်တွေအားလုံး ငြူပ်လှုပ်ရှရှဖြစ်သွားတယ်။ ကျွန်တော့်ဆီက ဗဟုသုတ ဒါမှမဟုတ် ဆေါက်ကရတစ်ခုခု ကြားရတော့မယ်ဆိုပြီး နားရွက်တွေ အသင့်ပြင်ထိုက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း အကြာကြီးစဉ်းစားပြီးမှ . . .

"အေး . . ကွေ့ကောက်တာပေါ့ကွာ"

"ဟာကွာ . . ."

"မင်းကလည်း . . ."

လေလျော့သွားတဲ့ ပူဖောင်းတွေလို အားလုံးရှုံ့တွတွ ဖြစ်သွားကြတယ်။ နေမျိုးကျော်က အဆိုးဆုံးပဲ။ ဒီကောင်က မိန်းမမကောင်းကြောင်း တစ်တစ်ခွခွပြောတာကို နားအရသာခံချင်နေတာ။ ကျွန်တော်ကတော့ အဲဒီလောက်အထိ မပြောနိုင်ပါဘူး။ ရည်းစားသနာလည်း မရှိ အသည်းကွဲပြီး ဇာတ်နာနေတဲ့ကောင်လည်း မဟုတ်ဘူးလေ။ ဒီကောင် ကျေနပ်အောင် နည်းနည်းတော့ အမြည်းလေး ကျွေးရမယ်ဆိုတာ တွေးမိတယ်။

"နောက်တာပါကွာ၊ အဲဒီလိုကွ"

"အင်းပြော . . ."

ပြန်တက်ကြွလာကြတယ်။ ဒါနဲ့ပဲ . . .

"မိန်းမတွေရဲ့သဘောဟာ ဆောင်းလေပမာညီတယ် ဘာညာနဲ့ကြားဖူးမှာပေါ့"

"အေး . . ."

"ဝက်ဒ္ဒကွေ့ကောက်တတ်တယ်လို့လည်း ဆိုထားသေးတယ်"

"ဟုတ်ပြီ"

"မန်လည်ဆရာတော်ဘုရားကြီးရဲ့ မာဃဒေဝလင်္ကာသစ်မှာလည်း အကျယ်တဝံ့ ဖွင့်ဆိုထားတာပဲ၊ ဆယ့်ခြောက်မှတ်နှာကျော်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"နည်းလိုက်တာကွာ၊ ဆက်ပြော . . ."

စောင်းငန်းငန်းနဲ့ နေမျိုးကျော်က ထောက်ခံပါတယ်။

"အေးကွာ၊ မင်းညီမတွေကို သတိရတယ်"

". . . . ပဲ . . . ."

ဝင်းဇော်နဲ့ ရန်နိုင်ကတော့ တဟားဟားနဲ့ ရယ်ကြတော့တယ်။ အရယ်ရပ်တော့မှ . . .

"မိန်းမဆိုတာ မရှိမကောင်း၊ ရှိမကောင်းပဲပေါ့ကွာ၊ သူတို့ရှိလို့လည်း ငါတို့ရှိလာတာပေါ့၊ နေရင်းထိုင်ရင်း နာကျည်းမနေနဲ့လေ"

"ငါကလည်း အသားလွတ်ကြီး မဟုတ်ပါဘူးကွာ၊ ငါကြုံဖူးတဲ့ မိန်းမတွေက . . ."

"နေဦး . . ငါပြောပြမယ်"

"လုပ်စမ်းပါကွာ၊ ဒီကောင့်ကို ရှင်းပြလိုက် . . ."

ရန်နိုင်က ဆရာကြီးဝင်လုပ်တယ်။ ဒီကောင့်ဖုံးစံက ဒါပဲ။ ကျွန်တော်လည်း သူ့ခေါင်းပေါ်က ဗွေကိုယူမနေတော့ဘဲ . . .

"မင်းကြုံဖူးတဲ့ ကောင်မလေးအရွယ်က စူးစမ်းတဲ့အရွယ်ကွ၊ အချစ်ဆိုတာကို သေသေချာချာ မသိသေးဘူး"

ကျွန်တော်က ဖြီးလိုက်တာပါ။ ဒါကိုပဲ အားတက်သရောနဲ့ နေမျိုးကျော်က . . .

"ဒါတော့ ဟုတ်တယ်၊ ဆယ့်ရှစ်၊ နှစ်ဆယ်လောက်ပေါ့"

"ဆိုတော့ . . မင်းကိုလည်း ဒီအရွယ်နဲ့ သိပ်ခံစားနေဖွာ ဟုတ်ဖူးလေ၊ သိုးဆောင်းကဗျာလေးတစ်ပုဒ်ထဲမှာတော့ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တွေကို အသက်အရွယ်နဲ့တိုင်းတာပြီး မိန်းမတွေဟာ ကမ္ဘာကြီးနဲ့တူတယ်လို့ ဖတ်ဖူးတယ်"

"အကျယ်ကို ရှင်းစမ်းပါဦး"

"ဒီလိုကွ၊ ဒီကောင့်ကို ဖုတ်လေတဲ့ငပိ ရှိတယ်လို့တောင် မခံစားတဲ့ ကောင်မလေးအရွယ်ပေါ့ကွာ"

"ဟော့ကောင် . . အဲဒါမပါနဲ့လေ"

"အေး . . အေး . . အသက်နှစ်ဆယ်ပတ်ဝန်းကျင်လောက် အရွယ်ပေါ့ကွာ၊ မိန်းမတွေဟာ အာဖရိကတိုက်နဲ့တူတယ်လို့ ဆိုတယ်ကွ"

"ဟေ . . ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ သူတို့ဟာ တစ်ပိုင်းတစပဲ စူးစမ်းရှာဖွေရသေးလို့"

"ကောင်းတယ်ကွာ"

ရန်နိုင်ရဲ့ ထောက်ခံသံကြီးက တစ်မျိုးကြီးပဲ။ မပြီးသေးတော့လည်း ကျွန်တော့်မှာ ရှင်းရပြန်တယ်။

"သုံးဆယ်အရွယ်လောက်ကျတော့ ရင့်ကျက်လာပြီ၊ ပူနွေးလာပြီ၊ အဲ . . အိန္ဒိယနဲ့တူပြန်ရော . . ."

"ဒါဆို နည်းနည်းတော့ မဲနေမှာပေါ့နော်"

ဝင်းဇော်စကားကို ရန်နိုင်က ရှုတင်းတင်းနဲ့ . . .

"မင်းဟာမင်း လှန်ကြည့်ကွာ၊ စည်သူဆက်ပြော . . ."

"အင်း . . လေးဆယ်လောက်မှာတော့ အမေရိကနဲ့တူလာပြီကွ၊ အတတ်ပညာတွေ ပြည့်ဝလာပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်း ဟုတ်သားပဲ"

"ငါးဆယ်လောက်ကျတော့ ဥရောပနဲ့ တူပြန်တယ်လို့ဆိုတယ်၊ အားလုံးဟာ ပျက်စီးယိုယွင်းနေလို့တဲ့"

"နည်းနည်းတော့ များတယ်နော်၊ ဆက်ပါဦး"

"သူရေးထားတဲ့အတိုင်း ပြောရတာလေကွာ၊ ခြောက်ဆယ်လောက်လည်း ရောက်ရော . . ."

"ဘာ . . ဘာဖြစ်သွားလဲ"

"သွေးဆုံးတော့တာပဲ"

တသောသော ရယ်ကြတော့တယ်။ ကျွန်တော်က လက်ကာပြရင်း . . .

"နောက်တာပါကွာ၊ ကဗျာထဲမှာပါတာက ခြောက်ဆယ် အရွယ်လောက်ဟာ ဆိုက်ဘေးရီးယားနဲ့တူတယ်တဲ့"

"အဲဆိုတော့ ဘာဖြစ်ရောလဲကွာ"

"ဘာဖြစ်ရမှာလဲ၊ ဆိုက်ဘေးရီးယားကို မင်းသိလား"

"သိသားပဲ"

နေမျိုးကျော်ရဲ့အဖြေကို ကျွန်တော်က . . .

"ထားပါတော့၊ မင်း ဆိုက်ဘေးရီးယားမှာ သွားနေမလား"

"ဟာ . . ငါက နေရင်းထိုင်ရင်း အဲဒီနေရာကြီးမှာ သွားနေရမှာလား"

"အေး . . အဲဒါပဲ၊ ဘယ်နေရာမှာရှိမှန်း လူတိုင်းသိတယ်၊ ဒါပေမယ့် ဘယ်သူမှ မသွားချင်ကြတော့ဘူး"

"ဟီးဟီး . . သဘောပေါက်ပြီ၊ မဆိုးဘူးနော် အဲဒီကဗျာက"



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ ရန်နိုင်က မဆိုးဘူးလုပ်နေသေးတယ်။ သူကပဲ ပိုဘတ်သလိုလိုနဲ့။ ကျွန်တော်လည်း ပြောရ ဟောရတာ အာညောင်း သွားတာနဲ့ . . .

ခုံပေါ်က အေးနေတဲ့ ရေနွေးကြမ်းခွက်ကို ယူမော့လိုက်တယ်။ ဒီကောင်တွေက ဒီလောက်ပြောတာတောင် တစ်ခါတလေ နားလည်ချင်မှ နားလည်တာ။ တကယ် နားလဗိန်းတုံးတွေလိုပဲ။ ဟို ဆရာတော်ဘုရားကြီးတစ်ပါးပြောသလို ဟောရင်း၊ ပြောရင်းနဲ့ပဲ ပျံလွန်တော်မူရမယ့်ကိန်းပဲ။

စကားပြတ်သွားတော့မှ ပတ်ဝန်းကျင်ကိုဝေ့ကြည့်ရင်း ကျွန်တော် တော်တော်အံ့အားသင့်သွားတယ်။ ကောင်မလေးတစ်ယောက်ပါ။ လှတပတလေးနဲ့။ ခုနကပြောသလိုဆို အာဖရိကတိုက်လေးပေါ့။ တကယ်ပါ။ ကျွန်တော့်ကို စူးစမ်းသလို စိုက်ကြည့်နေလေရဲ့။ ကျွန်တော် ပြောတာတွေကို နားထောင်နေတဲ့ပုံပဲ။ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိတာနဲ့ . . .

"ဟီး . . ."

"ဟွန်း . . ."

သဘောပေါက်ကြမှာပါ။ ကျွန်တော်ရယ်ပြလိုက်တာကို အာဖရိကတိုက်ကလေးက မျက်စောင်းထိုးရင်း မဲ့သွားလေရဲ့။ ကြည့်ရတာ ဒင်းကလေးက ကျွန်တော့်ကို မကြည့်သလိုပဲ။ ကျွန်တော် ဟိုကောင်တွေအပေါ်မှာ ဆရာကြီးလုပ်နေတာကို ဒင်းကလေး မျက်မုန်းကျိုးသွားပြီထင်တယ်။ ကျွန်တော့်ကို ပြန်ကြည့်မလားလို့ ဟို ကောင်တွေမသိအောင် ခိုးငေးနေတုန်း . . .



www.burmeseclassic.com

www.burmeseclassic.com



"စည်သူရာ . . ရှာလိုက်ရတာ ဖတ်ဖတ်မောနေပြီ . . ဟူး"

အသံနဲ့အတူ သက်နိုင်ထွန်း ပြေးဝင်လာတယ်။ ဝရန်းသုန်းကားနဲ့ ဘာဖြစ်လာပြန်ပြီလဲ မသိဘူး။ ဒီကောင်နဲ့ ကျွန်တော်က တစ်ရပ်ကွက်ထဲသားပေမယ့် မေဂျာမတူလို့ ကျောင်းမှာမတွဲဖြစ်တာပါ။ မောကြီးပန်းကြီးပုံစံကြောင့် . . .

"ထိုင်ပါဦးကွာ၊ မျက်လုံးလည်း တက်နင်းမိပါဦးမယ်၊ ဘာဖြစ်လာတာလဲ"

ကိုယ်ရှိန်သတ်ရင်း သက်နိုင်ထွန်းဝင်ထိုင်တယ်။ ကျန်တဲ့ကောင်တွေနဲ့လည်း အထူးမိတ်ဆက်ပေးစရာ မလိုဘူးလေ။ ကျောင်းမှာဆုံဆုံနေရလို့ မျက်မှန်းတန်းပြီးသားပဲ။ သက်နိုင်ထွန်းက ရှက်သလို ရွံ့သလိုလုပ်နေပြီးမှ . . .

"ဒီလိုကွာ၊ ငါ ကြည်ပြာကို ရည်းစားစကားပြောမလို့ကိစ္စလေ၊ အဲဒါ . . ."

"ဟာ . . အဲဒါ ငါနဲ့ဘာပတ်သက်လို့လဲ၊ မင်းဟာမင်းပြောလေ၊ ဟိုတလောက အဲဆင်ပြေနေပြီဆို"

ကျွန်တော်လှမ်းပြောလိုက်တော့ သက်နိုင်ထွန်းက ကြေကွဲတဲ့ပုံစံနဲ့ . . .

"အေးကွာ၊ ဒီအတိုင်းကတော့ အဆင်ပြေပါတယ်၊ ခု ပရိုပို့စ်သုံးရမှာကို ဦးနှောက်စားနေလို့"

"ဘယ်လို . . ."

"ကြည်ပြာက သူ့ကိုပြောချင်ရင် သူ့သူငယ်ချင်းတွေ အနားမှာမရှိတဲ့ အချိန်မှပြောတဲ့၊ ရစ်တာပါကွာ၊ သူတို့အုပ်စုကြီးက အမြဲ



www.burmeseclassic.com

www.burmeseclassic.com



တမ်း တပူးတွဲတွဲနဲ့ဆိုတော့ ငါ့မှာ ဘယ်လိုပြောလို့ရတော့မလဲ"

နေမျိုးကျော်က ဝင်ပြီး . . .

"ဒါဆို အိမ်သာသွားတဲ့အချိန်ကော"

"ဟာ . . မကောင်းပါဘူး၊ သူတို့က အိမ်သာသွားရင်တောင် အနည်းဆုံးနှစ်ယောက်တတွဲဗျ"

"ကျောင်းဆင်းချိန်ဆိုရင် မဖြစ်ဖူးလား"

"မဖြစ်ဖူးဗျ၊ ကြည်ပြာနဲ့ သူတို့အုပ်စုထဲက သီရိက အိမ်နီးချင်းတွေ၊ ဘယ်လိုမှ မလွတ်ဘူး၊ ကျွန်တော်လည်း ချောင်းနေတာ ကြာပြီ"

သက်နိုင်ထွန်းခမျာ သနားစရာလေး ဖြစ်နေတယ်။ ဘယ်လောက်တောင်ချောင်းထားလည်း မသိဘူး။ မျက်တွင်းတွေ ဟောက်ပက်နဲ့။ ကြည့်ရတာ ကျွန်တော့်ဆီ အကြံလာတောင်းတယ်နဲ့တူတယ်။ ထင်တဲ့အတိုင်းပဲ။

"လုပ်စမ်းပါဦး စည်သူရာ၊ မင်းကို တိုင်ပင်ချင်လို့ ရှာနေတာ . . ."

"အေး . . ."

ကျွန်တော်က ဘာမှကိုမပြောရသေးဘူး။ ရန်နိုင်က ဆရာကြီးလေသံနဲ့ ဝင်ပြီး . . .

"မင်းကောင်မလေးက ဘယ်လောက်ကြီးနေပြီလဲ"

"ဗျာ . . ဘယ်ဟာကို ကြီးတာပြော . . ."

"မဟုတ်ဖူး . . မဟုတ်ဖူး၊ အသက်ကိုပြောတာ"

မျက်ကလူးဆန်ပြာနဲ့ ရန်နိုင်က ဝင်တာရှင်းပြောတယ်



www.burmeseclassic.com

www.burmeseclassic.com


လွှတ်ပေးလိုက်ရင် ခုနက အာဖရိကတွေ၊ အမေရိကတွေနဲ့ ဆရာကြီးလုပ်တော့မှာမို့ ကျွန်တော်ကပဲ . . .

“ခဏနေပါဦး ရန်နိုင်ရာ၊ သက်နိုင် မင်းသလိုဆိုရင် သူတစ်ယောက်ထဲ ရှိတဲ့အချိန်ဆို ခွင့်ပြုတယ်ပေါ့ ဟုတ်လား”

“ဟုတ်တယ် . . ဟုတ်တယ်၊ ဒါပေမယ့် မလစ်ပါဘူး စည်သူရာ . . .”

“မင်းဘက်က သူ့သူငယ်ချင်းတွေ ဖယ်ထုတ်ပစ်နိုင်ရင်ကော . . .”

“ဟော . . ခဏလေး . . ခဏလေး၊ အေးကွ . . အဲဒါဆို သူလက်ခံရမှာပေါ့၊ အဲဒီလို ပထုတ်နိုင်ရင် သူလက်ခံစကားပြောမယ်လို့ ငါ့ကိုပြောဖူးတယ်”

သက်နိုင်ထွန်း ပြန်အားတက်လာတယ်။ ဒီအချိန်ဟာ ညာစားလို့အကောင်းဆုံးပဲ။ အကြံတစ်ချက်နဲ့ ဒီဝိုင်းကိုရှင်းပေးမယ့် ဒကာတော့ရောက်နေပြီ။ သက်နိုင်ထွန်းက ရုပ်မရှိပေမယ့် ရေလျှံတယ်သေး။ ဒီကောင့်ဟန်းဖုန်းကို ကြည့်မိရင်းက ခေါင်းထဲမှာ လက်ခနဲဖြစ်သွားတယ်။

“ဒါနဲ့ . . ခုချိန် မင်းကြည်ပြာတို့အုပ်စုက ဘယ်မှာရှိနိုင်လဲ”

“ခုလား . . Ivory ကင်တင်းရှေ့နားက မုန့်ဟင်းခါးဆိုင်မှာ အုပ်စုလိုက်ကြီးနော်”

“ရပါတယ်၊ မင်းနဲ့ကြည်ပြာ နှစ်ယောက်တည်း စကားပြောရမယ်၊ မုန့်ဟင်းခါးရောင်းတဲ့ အဒေါ်ကြီးကိုတော့ မရှက်ပါဘူးနော်”


www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ . . ပြောရဲပါတယ်၊ မင်းက ဘယ်လိုလုပ်မှာလဲ"

"အေး . . မင်းပြောရဲရင်ရပြီ၊ ဒီလိုကွာ . . ."

". . . . . . . . . . . . . . . . . . . . . . ."

အစချီပြီး ကျွန်တော်ပြောပြလိုက်တယ်။ သက်နိုင်ထွန်းက မျက်လုံးပြူးပြီး ကမန်းကတမ်းနဲ့ . . .

"ဖြစ်ပါ့မလားကွာ၊ တော်ကြာ . . ."

"ဖြစ်ပါတယ်ကွာ၊ မင်းသာ ရုပ်တည်နဲ့လုပ် . . ."

နေမျိုးကျော်တို့ကလည်း ဝိုင်းလျှော်ပေးကြတယ်။ ဒါတောင် သက်နိုင်ထွန်းက အင်တင်တင်နဲ့။ နောက်ဆုံးတော့ ကျွန်တော်တို့ စားထားတာတွေ ရှင်းလိုက်ရတယ်။ ကျွန်တော်တို့ ကင်တင်းက အထွက်မှာ ခုနက အာဖရိကတိုက်ကလေးကို ကြည့်မိသေးတယ်။ ဒင်းကလေးက မရှိတော့ဘူး။ လစ်သွားပြီထင်တယ်။ ကျွန်တော့် ရင်ထဲမှာတော့ သူ့မျက်စောင်းလေးကို အမှတ်ရနေတုန်းပဲ။ ဘယ် မေဂျာကလည်း မသိဘူး။ ဒီလိုပါပဲ . . နေ့မြင်ညပျောက်ပေါ့။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၂)

Ivory ကင်တင်းရှေ့ရောက်တော့ မုန့်ဟင်းခါးဆိုင်ထဲမှာ ကြည်ပြာတို့အုပ်စုကြီးကို ငါးငါးစွံ့စွံ့ တွေ့လိုက်ရတယ်။ သူတို့အုပ်စုက ကြည်ပြာအပါအဝင် ငါးယောက်တောင်ဆိုတော့ မုန့်ဟင်းခါးဆိုင်တစ်ခုလုံး ပြည့်နေသလိုပဲ။ ပြိုင်ပွဲကြီးကျင်းပသလို ပယ်ပယ်နယ်နယ် သွတ်သွင်းနေကြတယ်။ ကျွန်တော်တို့ကိုတော့ သတိထားမိပုံမပေါ်ပါဘူး။ မုန့်ဟင်းခါးကိုပဲ မပြီးစမာန်ခုတ်နေကြတာ။

ကျွန်တော်က သက်နိုင်ထွန်းကို သွားတော့ဆိုပြီး မေးဆတ်ပြလိုက်တယ်။ အရေးထဲ လဒလေးက တုံ့ချည့်တုံ့ချည့် ဖြစ်နေသေးသည်။ အတင်းတွန်းထုတ်လိုက်မှ ကြည်ပြာတို့စားနေတဲ့ ဆိုင်နေးရှေ့တို့ တောက်ပြားခြေလှမ်းနဲ့ မယောင်မလည် ချဉ်းနင်းသွားလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒီဘက်က ကျွန်တော်တို့အုပ်စုလည်း မုန့်ဟင်းခါးဆိုင်နဲ့ မလှမ်းမကမ်းက အများသုံး (P.C.O) ဖုန်းဆိုင်လေးနားကိုသွားပြီး အခြေအနေကို အကဲခတ်ရပြီပေါ့။

ကြည့်နေတုန်းမှာပဲ သက်နိုင်ထွန်း ကြည်ပြာတို့အနားကို ကပ်သွားတယ်။ ခေါ်လိုက်လို့လား မသိဘူး။ ကြည်ပြာက ဆတ်ခနဲ လှည့်ကြည့်တယ်။ ပြီး သူ့ဘေးက သူငယ်ချင်းတွေကိုမေးငေါ့ပြီး ဘာပြောလိုက်လဲမသိဘူး။ သက်နိုင်ထွန်း ဘာမှပြန်မပြောနိုင်ဘဲ ပြန်ထွက်လာရတဲ့ပုံပဲ။ ကျွန်တော်တို့ကလည်း ဒီအနေအထားကို စောင့်နေတာပါ။ အချက်ပြလိုက်တာနဲ့ ရန်နိုင်က အများသုံးဖုန်းနဲ့ သက်နိုင်ထွန်းဟန်းဖုန်းကို ခေါ်လိုက်ရုံပဲ။ ပွဲကပြတ်ပြီ။

မုန့်ဟင်းခါးဆိုင်ရှေ့မှာရပ်နေတဲ့ သက်နိုင်ထွန်းက ဖုန်းမြည်လာလို့ သူ့ဟန်းဖုန်းကို ဟန်ပါပါထုတ်ပြီး နားထောင်လိုက်တယ်။ ကြည်ပြာတို့အုပ်စုကတော့ မေးငေါ့သူငေါ့နဲ့ မသိချင်ဟန်ဆောင်ပြီး စားသောက်နေတုန်းပဲ။ သက်နိုင်ထွန်းကို ဖုတ်လေတဲ့ငပိ ရှိတယ်လို့ တောင် ထင်ပုံမရဘူး။

သက်နိုင်ထွန်းကလည်း အေးအေးဆေးဆေးပါပဲ။ ဖုန်းပြောပါတော့တယ်။

"ဟလို . . အင်း . . ကိုညီလား ဟုတ်တယ်၊ ကျွန်တော် ဒီနေ့ သင်တန်းကိုလာနိုင်မယ် မထင်တော့ဘူး၊ ဟုတ်တယ် . . ဟုတ်တယ် . . ချီးတွေပန်းနေလို့လေ"

ကြားနေရတဲ့ ကြည်ပြာတို့အုပ်စု လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။ စားနေသောက်နေတဲ့အချိန်မှာ အင်အင်းကိစ္စကို သွားကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာကိုး။ သက်နိုင်ထွန်းကတော့ လုံးဝဂရုမစိုက်ပါဘူး။ တစ်ယောက်တည်း ဆက်ပြောနေလေရဲ့။

"ဟုတ်တယ် ကိုညီရာ၊ မနေ့က ကျောင်းကအပြန်မှာ ဝက်သားဒုတ်ထိုးတွေ နင်းကန်စားလိုက်မိလို့၊ အိမ်မှာ ညစာကလည်း ဘဲဥချဉ်ဟင်းဆိုတော့ ပြီးရော၊ တစ်ညလုံးဗျာ၊ ဟုတ်တာပေါ့၊ အရည်တွေချည်းပဲ၊ အိပ်ယာထဲမှာတောင် ထွက်ကျသေးတယ်၊ ဟုတ်ပါ့ဗျာ ငရုတ်သီးဖတ်တွေနဲ့ . . ."

တိုင်ပင်ထားတဲ့အတိုင်းပဲ ကြည်ပြာတို့အုပ်စုတစ်ခုလုံး မုန့်ဟင်းခါးပန်းကန်တွေကို ဝုန်းခနဲ ဆောင့်ချလိုက်ကြတယ်။ ဆက်ပြီး မျိုမကျတော့တဲ့ ပုံစံမျိုးပဲ။ ဒီကောင်ကလည်း တလောကလုံးကြားအောင် အီးကိုပုံဖော်နေတာကိုး။

"ဒါပေါ့၊ ကျောင်းတက်လို့တော့ ရတယ်ဆိုပြီး လာခဲ့တာ၊ ဒီလောက် ချီးပန်းနေတဲ့ကြားက မုန့်ဟင်းခါးတစ်ပွဲမေ့ပြီး စားလိုက်သေးတယ်၊ ခုတောင် ဗိုက်ထဲက ရစ်လာပြန်ပြီ၊ အရည်တွေပဲ လာဦးမလား မသိဘူး၊ ဒုက္ခပါပဲဗျာ . . အီး . . အား . . ကိုညီ ခဏလေး . . ခဏလေး"

ဗိုက်ထဲက ဝေဒနာကို မခံစားနိုင်တော့လို့ နေရာရှာသလို ကြည့်လိုက်တော့ ဟိုအုပ်စုကြီးလည်း . . .

"ဝေါ့ . . ."

"ထွီ . . ."

"ရွံလိုက်တာဟယ်၊ ကြည်ပြာ နင့်ကောင်ကိုပြောဦး"

"ငါလည်း မရတော့ဘူး၊ အန်ချင်လာပြီဟ"



www.burmeseclassic.com

www.burmeseclassic.com



အသံမျိုးစုံထွက်လာပြီး ကြည်ပြာတို့အုပ်စု ဖရိုဖရဲ ဖြစ်သွားကြတယ်။ ဝရုန်းသုန်းကားနဲ့ မုန့်ဟင်းခါးဆိုင်က ထပြီးပြေးကြတော့တာပဲ။ ဘယ်လောက်တောင် ဖြစ်သွားကြလည်း မသိဘူး။ ဒီဘက်ကကျွန်တော်တို့တောင် ဒီကောင် ပုံနှင့်တကွ ရှင်းပြတာကိုကြားပြီး ပျို့တက်လာကြတယ်။ စားနေတဲ့လူတွေဆို ပြီးရောပေါ့။ ဒီကောင်ထပ်မထွက်ကျခင်လေး ထပြေးကြတာဖြစ်မယ်။

ကြည်ပြာ့ခမျာ သူနဲ့ပတ်သက်သူဖြစ်နေတော့ သက်နိုင်ထွန်းကို ရဲရဲနီနေတဲ့မျက်နှာနဲ့ ရန်တွေ့ဖို့ပြင်လိုက်တယ်။ အရှက်ခွဲခံလိုက်ရသလို ဖြစ်သွားလို့ထင်ပါတယ်။ အသားတွေ တဆတ်ဆတ်တုန်နေလေရဲ့။

ဘယ်သူမှ မရှိတော့မှ သက်နိုင်ထွန်းက ဖုန်းကိုပိတ်လိုက်ပြီး ကြည်ပြာ့ဘေးမှာ ဆတ်ခနဲ ဝင်ထိုင်လိုက်တယ်။ ပြီး အသနားခံတဲ့ မျက်နှာလေးနဲ့ . . .

"ဒီလိုမှမလုပ်ရင် မဖြစ်လို့ပါ ကြည်ပြာရယ်၊ နင်နဲ့နှစ်ယောက်တည်း ပြောခွင့်ရချင်လို့ ခုလိုကြံလိုက်ရတာပါ၊ ငါ့ကိုခွင့်လွှတ်ပါဟာ၊ ငါ နင့်ကို အရမ်း . . ."

"ဟယ် . . ကြည်ပြာ ဟုတ်ပါတယ်နော်၊ ငါ မိသူလေ၊ နင်မှတ်မိတယ် မဟုတ်လား"

သက်နိုင်ထွန်း နင်သွားပါတယ်။ ဘယ်ကဘယ်လို ကောင်မလေးတစ်ယောက်က ရောက်လာပြန်လည်း မသိဘူး။ ကြည်ပြာကတော့ ရုတ်တရက် ကြောင်နေတယ်။ သက်နိုင်ထွန်းကို ဒေါသထွက်မိဆဲဆဲမှာ ရည်းစားစကား ပြောခံရမလိုဖြစ်သွားလို့ ပါးသက်နေတုန်း



www.burmeseclassic.com

www.burmeseclassic.com



ခုလိုကောင်မလေးတစ်ယောက်က သူနဲ့သူငယ်ချင်းဆိုပြီး ရောက်လာလို့ပါ။

ကြည်ပြာလည်း သက်နိုင်ထွန်းကိုကြည့်ပြီး ရယ်ချင်သွားတယ်။ ချက်ချင်းပဲ အခွင့်အရေးကို လက်လွှတ်မခံဘဲ . . .

"အေး . . အေး . . မိသူ ထိုင်လေဟယ်၊ မုန့်ဟင်းခါးစားဦး၊ ဒီမှာ ငါတစ်ယောက်တည်းဖြစ်နေလို့ . . ."

ပြောပြီး သက်နိုင်ထွန်းကို အဓိပ္ပါယ်ပါပါကြည့်ရင်း ခေါင်းခါပြလိုက်တယ်။ သဘောက သူတစ်ယောက်တည်း မဟုတ်တော့ဘူးပေါ့။ သက်နိုင်ထွန်းခမျာ ဒီလောက်ကြိုးစားထားပြီးမှ ဘာမှပြောခွင့်မရလိုက်တော့ဘူး။ ဒီအကြောင်းတွေကို သက်နိုင်ထွန်းက ပြောပြတာပါ။ ပြစ်ပြစ်နှစ်နှစ်ကြိုးစားပြီးမှ ဒီကောင် အ်တော်ရင်ကွဲပက်လက်ဖြစ်သွားတယ်။

ဒီဘက်က ကျွန်တော်တို့လည်း ဘာမှမတတ်နိုင်တော့ဘူး။ ဒီလောက် အခြေအနေကောင်းလာပြီးမှ ဖြတ်ရိုက်ခံလိုက်ရသလိုခင်သက်နေမိတယ်။ အဲဒီတစ်ယောက်က ဘယ်သူလဲ။ ဘယ်ကပေါ်လာတာလဲ။ ကြည်ပြာ့သူငယ်ချင်းကော ဟုတ်ရဲ့လား။

ကျွန်တော်တို့အုပ်စုကြောင်ပြီး ငေးနေတုန်း ကြည်ပြာနဲ့ အဲဒီကောင်မလေးက ရှေ့ကဖြတ်လျှောက်သွားတယ်။ ဖြတ်ခနဲ ကျွန်တော့်ကို မထိတရိလေး ကြည့်လိုက်တော့မှ မှတ်မိသွားတော့တယ်။ ဂန္ဓဝင်ဘင်တင်းထဲမှာ ကျွန်တော့်ကို မကြည်သလိုကြည့်သွားတဲ့ အာဖရိုးဆံပင်ကလေးပေါ့။

သူဘာဖြစ်လို့ ခုလိုလုပ်တာလဲ ကျွန်တော်မသိဘူး။ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာတော့ ပျော်စရာတွေကို လှမ်းမြင်လိုက်ရသလိုပဲ။ ကျွန်တော် အလိုလို ပြုံးမိသွားတယ်။ အဘဲ့ဖရိုကတိုက်ကလေးကို ဆက်လက် စူးစမ်းဖို့ လိုလာပြီလို့ တွေးမိလို့ပါ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၃)

အဖြစ်အပျက်တွေက ဒီလောက်နဲ့ ရပ်မသွားသေးဘူး။ သက်နိုင်ထွန်းတစ်ယောက် မော်ကွန်းထိန်းရုံးခန်းရောက်သွားတယ်။ မုန့်ဟင်းခါးဆိုင်ရှင် အဒေါ်ကြီးက တိုင်တာပါ။ အစားအသောက် ရောင်းတဲ့ သူ့ဆိုင်ရှေ့မှာ မဖွယ်မရာတွေ လာပြောလို့ဆိုပဲ။ သက်နိုင်ထွန်းခမျာ အတော်ရှင်းလိုက်ရတယ်။ ဝန်ခံဂတိ လက်မှတ်ထိုးရုံတင် မကဘူး။ ကြည်ပြာတို့အုပ်စု မရှင်းသွားတဲ့ မုန့်ဟင်းခါးဖိုးတွေပါ စိုက်ရှင်းလိုက်ရတယ်။

ဒီပိုက်ဆံလောက်က ဒီကောင်လည်း မမှုပါဘူး။ ခုလို စားရခါနီးမှ ထမင်းလုတ်ပုတ်ချခံလိုက်ရသလို ဖြစ်သွားတာကြောင့် ခံပြင်းနေတာပါ။ ခုလည်း ကျွန်တော့်ဆီကိုလာပြီး တဗျစ်တောက်



www.burmeseclassic.com

www.burmeseclassic.com



တောက်နဲ့ တိုင်တည်နေလေရဲ့။

"တကယ်ကွာ . . ဒီလောက် အရှက်ပြန်းပြန်းအကွဲခံပြီး ကြိုးစားထားဟာ အရာမထင်လိုက်ဖူး"

"အေးကွာ၊ အနည်းလို အများစားခြေပေါ့"

"ဟမ် . . ."

ဒီကောင် ကြောင်သွားတယ်။ ကျွန်တော့်ကိုလည်း မျက်လုံး ပြူးပြီး လှမ်းကြည့်တယ်။ ကျွန်တော်ပြောတာကို နားမလည်ဘူး ထင်ပါရဲ့။ ပါးစပ်ထဲတွေ့တာ ပြောလိုက်တာကိုး။ ဒီကောင်မို့လို့ လိုက်ပြီးစဉ်းစားနေတယ်။

ကျွန်တော့်စိတ်ထဲမှာ ရောက်နေတာက မနေ့က အာဖရိက တိုက်လေးပါ။ သူ့ပုံစံလေးက မရိုးမယဉ်နဲ့ ချစ်စရာလေး။ မထိတရိ ကြည့်လိုက်တဲ့ မျက်ဝန်းလေးကို သတိရနေတာနဲ့ အနားက သက်နိုင် ထွန်းကိုတောင် မေ့နေတယ်။

"ဟေ့ကောင် . . လုပ်ဦးလေ"

"ဩော် . . အင်း . . အင်း . . ."

ပြောသာ ပြောလိုက်ရတယ်။ ဒီကောင့်ကိစ္စကို ဘယ်လိုပြန် ကူညီရမှန်း မသိသေးဘူး။ ဒီကောင်ကတော့ ဘာပြောပြော လက်ခံ လိုက်နာမယ့် ခပ်တုံးတုံးတပည့်တစ်ယောက်လို အားကိုးတကြီးကို ဖြစ်နေတော့တာ။

"ဒီလိုလုပ်ကွာ၊ မင်း အရှက်ကွဲထားရတာကလည်း မနေ့က မှ လတ်လတ်ဆတ်ဆတ်ကြီးဆိုတော့ ဒီတစ်ရက်နှစ်ရက် သည်းခံ လိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဪော . . ငါက ထပ်ပြီး အရှက်ကွဲဖို့ ရှိသေးတယ်ပေါ့၊ ဟုတ်လား"

"အဲလိုမဖြစ်အောင် ဒီတစ်ခါ သေချာစဉ်းစားရမယ်လေ၊ ငါ့ကိုလည်း အချိန်ပေးဦးမှပေါ့"

"ပြီးရော . . ပြီးရော . . သေချာလေးလုပ်ပါ စည်သူရာ နော်"

"အေးပါကွာ"

ဒီလောက် လာအားကိုးပြနေတော့ ကျွန်တော်လည်း နည်းနည်းဘဝင်မြင့်ချင်လာတယ်။ ကျွန်တော့်လို အကွက်ကြိုမြင်တတ်တဲ့ စစ်တုရင်သမားကို ပုံအပ်နေတော့လည်း အပြစ်မြင်လို့မရဘူးပေါ့။

ခဏနေတော့ သက်နိုင်ထွန်းက ဆက်ပြောလာတယ်။

"မနေ့က ရောက်လာတဲ့ ကောင်မလေးက ကြည်ပြာတို့ အုပ်စုထဲကတော့ မဟုတ်ဖူးကွ၊ ဘယ်ကနေဘယ်လို ရောက်လာလဲ မသိဘူး၊ ကြည့်ရတာ ငယ်သူငယ်ချင်းလား မသိဘူးနော်"

"အဲလိုဆိုရင်တော့ ကောင်းတာပေါ့ကွာ"

အဲဒီအချိန်မှာပဲ ဘိုဘိုဖြိုးနဲ့ သူ့ကောင်မလေးမေဦးတို့ ကင်တင်းထဲဝင်လာလို့ စကားပြတ်သွားတယ်။ သက်နိုင်ထွန်းက ဒီကောင်တွေအတွဲကိုကြည့်ပြီး အားကျနေပုံပဲ။ မေဦးကလည်း ချစ်စရာလေး [illegible] ငယ်ငယ်ထဲက ဘောလုံးကစားတာကိုကြိုက်တော့ ဒီကောင့်လို [illegible]တ်ရွှေးစင်ဘောသမားနဲ့ လုံးသွားကြတာ မဆန်းဘူး။ နေရင်[illegible] ဟိုအာဖရိကတိုက်ကလေး ဘာဝါသနာပါလဲလို့ ကျွန်တော် [illegible] စဉ်းစားမိသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အုပ်စုက မိန်းကလေးသူငယ်ချင်း သိပ်ရှိတာ မဟုတ်ဖူး။ ဘိုဘိုဖြိုးနဲ့ ပတ်သက်ပြီးမှ မေဦးရယ် သူ့သူငယ်ချင်း မိုးပွင့်ရယ်ကို ခင်ရတာ။ ကျန်တဲ့ မိန်းကလေးသူငယ်ချင်းတွေဆိုတာ ခပ်နည်းနည်းပဲ။

ဘိုဘိုဖြိုးက ဝင်ထိုင်ရင်း ရန်နိုင်နဲ့ဝင်းဇော်ကို မေးတယ်။

"စည်သူ . . ဟိုကောင် နှစ်ကောင်ရော"

"မသိဘူးကွ၊ ဒီနေ့ မတွေ့သေးဘူး၊ နေမျိုးကျော်လည်း ဘယ်ရောက်နေလဲ မသိဘူး"

"ဒါနဲ့ . . မနေ့က မင်းတို့သတင်းတွေ ကြားတယ်၊ ဘာတွေ ဖြစ်ကြတာလဲကွ"

ဘိုဘိုဖြိုးအမေးကြောင့် သက်နိုင်ထွန်းက မျက်နှာမဲ့ပြတယ်။ ကျွန်တော်က အကြောင်းစုံရှင်းပြလိုက်တော့ မေဦးက ရယ်ပြီး . . .

"ကိုသက်နိုင်က စည်သူ့ကို သွားအားကိုးတာကိုး၊ ခစ် . . ခစ်"

"အောင်မာ . . နင့်ဘဲကို မေးကြည့်လိုက်စမ်း မေဦး၊ နင့်ကို အဲကောင်လိုက်တုန်းက ဘယ်သူ့အကြံအစည်တွေနဲ့လည်းဆိုတာ . .၊ နင့်မှတ်မိမှာပေါ့၊ လုံးဝစိတ်ဆိုးနေတဲ့ကြားက နင့်ကို ဒီကောင် စာတွေ ဘယ်လိုရအောင်ပေးခဲ့လည်းလို့ . . . "

"ဟင် . . ကို၊ စည်သူပြောတာ ဟုတ်လား၊ ပြောစမ်း ကို့အကြံအစည်တွေဆို . . . "

ဘိုဘိုဖြိုး ဘာဖြေရမှန်းမသိ ဖြစ်သွားတယ်။ ဒီကောင်က လွှတ်ကြွားထားတဲ့ပုံပဲ။ မေဦးကလည်း ဆက်မေးနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကို . . ဖြေကွာ၊ အဲဒီတုန်းက ဘယ်သူ့အကြံအစည်လဲ ဆိုတာ"

"ဟာ . . မေဦးကလည်းကွာ"

"ဘာမေဦးကလည်းလဲ၊ မရဘူး ဖြေနော်"

မေဦးက ဇွတ်မေးနေတယ်။ သူတို့အတွဲကိုကြည့်ပြီး ကျွန်တော် ရယ်ချင်လာတော့တယ်။ တကယ်လည်း ကျွန်တော့်အကြံအစည်တွေ ပါ။ နောက်ဆုံးတော့ ဘိုဘိုဖြိုးက စိတ်တိုလာတဲ့ပုံစံနဲ့ . . .

"အရေးမကြီးတာတွေကို မေးမနေနဲ့ကွာ၊ အဲဒီတုန်းက စည်သူ့အကြံအစည်တွေဆိုရင် မင်းက ခုစည်သူ့ကို ပြောင်းကြိုက် မလို့လား"

"ဘာ . . ကိုနော်"

"ပြောလေ . . ပြောပါဦး"

"ရှင် . . မမိုက်ရိုင်းနဲ့နော်၊ အကောင်းမေးတာကို . . ."

သက်နိုင်ထွန်းကို မျက်ရိပ်ပြပြီး ကျွန်တော်ထထွက်လာခဲ့ တယ်။ ဟိုအတွဲကတော့ ရန်ဖြစ်ရင်း ကျန်ခဲ့ကြလေရဲ့။ ခဏနေရင် တော့ အဆင်ပြေသွားမှာပါ။ ဒီကောင်တွေ အတွဲက ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်ဆိုတာမျိုး။

လျှောက်လာရင်းနဲ့ လှည့်ကြည့်လိုက်တော့ သက်နိုင်ထွန်း တ ပါမလာဘူး။ ကျွန်တော်က ကျောင်းဝန်းထဲကို လျှောက်လာတာ ဆိုတော့ အပြင်မှာပဲ ကျန်ခဲ့တယ်နဲ့တူတယ်။ ကျွန်တော်လည်း အတန်း သွားတက်နေလိုက်တယ်။ နေ့လည်ထမင်းစားချိန်ရောက်တဲ့အထိ ဒီကောင်မှပေါ်မလာကြဘူး။ အပြင်ပြန်ထွက်ဖို့ နေကာမှသည်း ပြင်း



www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ကျောင်းဝန်းထဲက ဦးပြောင်ကြီးကင်တင်းမှာပဲ ပေါင်မုန့်ကြက်ဥ ကြော် ဝင်စားနေလိုက်တယ်။

အဲဒီမှာပဲ ကျွန်တော့်နောက်ဝိုင်းက စကားပြောသံတွေကို အတိုင်းသားကြားနေရတယ်။ လှည့်မကြည့်ပေမယ့် ကောင်မလေး တွေအုပ်စုမှန်း သိသာတယ်။ အစားကော စားရဲ့လား မသိဘူး။ သူတို့ပါးစပ်တွေက ပြောနေလိုက်ကြတာ။ ပေါက်ပေါက်ဖောက်နေတဲ့ အတိုင်းပဲ။

"ဟဲ့ . . ပြည့်ပြည့်၊ နင့်ကို ကိုကောင်းထက်ကြီးက စာလာ ပေးတယ်ဆို . . . "

"ခို . . ရယ်ရတယ်ဟာ"

စာပေးခံရတာကိုပဲ ရယ်ရတယ်ဆိုပဲ။ ပြည့်ပြည့်ဆိုတဲ့ ကောင်မလေးက ဆက်ပြောသေးတယ်။

"ဒီလိုဟ . . အဲဒီလူကြီးက ငါ့ကိုလာပေးတာ မဟုတ်ဘူး၊ အောင်သွယ်နဲ့ပေးခိုင်းတာ၊ လာပေးတာက သချာင်္က မမိုးမိုးဆိုတဲ့ အစ်မကြီးလေ၊ သူက မုန့်တွေဘာတွေကျွေးရင် အဲဒီလိုပေးပေးတယ်"

ဈေးပေါလိုက်တာလို့ ကျွန်တော်က ဝင်တွေးမိသေးတယ်။ ကျွန်တော်ဆို အဲဒီလောက်နဲ့ မလုပ်ဖူး။

"နင့် ယူထားလိုက်တာပေါ့ ဟုတ်လား"

"အေးလေ . . ငါက ယူချင်တာတော့ မဟုတ်ပါဘူး၊ မိသူ က ယူထားလိုက်တဲ့၊ ပြီးတော့ သူ့ကိုပေးလို့မှာထားလို့ပေ"

"အဟီး . . ပြောပါဦး၊ မိသူပါလာရင် စိတ်ဝင်စားလာပြီ"

"သိတဲ့အတိုင်းပဲလေ၊ မိသူက အောင်သွယ်လုပ်တဲ့လူတွေဆို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လို့မှမရတာ၊ အဲဒီစာကို မမိုးမိုးနာမည်တွေပြောင်းရေးပြီး အဲဒီ အစ်မကြီးကို ပြန်သွားပေးရော၊ ငါ့ဆီလာတာ မဟုတ်ဖူးပေါ့ဟာ"

"ဟယ် . . အဲဒီတော့ . . ."

"ဘာဖြစ်ရမလဲ၊ ကိုကောင်းထက်က သူ့ကိုတဖက်လှည့်နဲ့ စာပေးပါတယ်ဆိုပြီး ပြဿနာတက်ကြတာပေါ့"

"ဟဲ့ . . ဟိုလူကြီးက မငြင်းဘူးလား"

"ငြင်းတာပေါ့၊ ဒါပေမယ့် စာသားတွေက အတူတူပဲလေ၊ သူတို့ချင်းကလည်း မရင်းနှီးတော့ တစ်မျိုးတွေ ဖြစ်ကုန်တာ"

"အေး . . မိသူကလည်း ဘာလဲမသိဘူး၊ အောင်သွယ်လုပ်တဲ့လူတွေဆို အဲလိုလိုက်ဖျက်နေတာပဲ"

"သူ့စိတ်က တစ်မျိုးပဲနော် ပြည့်ပြည့်"

"မိသူက ခင်ဖို့ကောင်းပါတယ်ဟာ၊ အဲဒါလည်း အကြောင်းရှိလို့နေမှာပေါ့၊ နင်တို့လည်း ကိုယ်မကြိုက်တဲ့လူက အောင်သွယ်ခိုင်းရင် မိသူဆီမှာ အကြံ့တောင်းလိုက်၊ ကွက်တိပဲ"

"အေး . . ဟုတ်တယ်၊ ဒါပေမယ့် ကိုယ်ကြိုက်ချင်တဲ့လူဆိုရင်တော့ ပြောလို့မဖြစ်ဘူး . . အဟီး"

"ကောင်မ . . ရှူနေတယ်"

စားသောက်ပြီးထလာတော့ သူတို့ပြောတာတွေကို ကျွန်တော်နားထဲမှာ ကြားယောင်နေတုန်းပဲ။ ပြီး စဉ်းစားမိတယ်။ မနေ့က ဘီစွမှာ ဖျက်လိုဖျက်ဆီးလုပ်သွားတဲ့ အာဖရိကတိုက်ကလေးဟာ သူတို့ပြောနေကြတဲ့ မိသူဆိုရင်တော့ . .။ အင်း . . ခက်ဦးမယ်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၄)

နောက်နေ့မနက်မှာ သက်နိုင်ထွန်း စောစောစီးစီး ကျွန်တော့်အိမ်အထိ ပေါက်ချလာတယ်။ ဒီလိုဆိုလို့ အိမ်ထိအောင် သေးတွေလာပေါက်ချတာ မဟုတ်ပါဘူး။ မမျှော်လင့်ဘဲ ပြုန်းစားကြီးရောက်လာတာမျိုးပါ။ ဒီကောင်နဲ့က တစ်ရပ်ကွက်ထဲနေပေမယ့် ကျောင်းသွားရင် အတူသွားတာမျိုး မရှိဘူး။ ခုလို လာပုံထောက်ရင် လက်ဖက်ရည်တိုက်ပြီး ကျွန်တော့်ဆီက အကြံနှိုက်ယူဖို့ပဲ ဖြစ်နိုင်တယ်။ ထင်တဲ့အတိုင်းပဲ။ သူငယ်ချင်းဆိုတော့ ဗွေယူမနေတော့ပါဘူး။ ကောင်ကျွေးမွေးတာကိုစားရင်း ဒီနေ့စရိတ်လျော့ရမှာပဲ။

ရပ်ကွက်ထဲက ဆိုင်တစ်ဆိုင်ကိုရောက်တော့ . .

"စည်သူ . . . ငါတော့ ဒီကိစ္စကို သိသွားပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ . . . အီကြာကွေးကို ဂျုံနဲ့လုပ်တယ်ဆိုတာလား၊ အဲဒါ ခွေးတောင်သိတယ်"

"ဟာကွာ"

ဒီကောင် နင်သွားတယ်။ ကျွန်တော့်ကိုပြောရင်း အီကြာကွေး စားနေလို့ နောက်လိုက်တာ။

အီကြာကွေးကို ဗိုက်ထဲပြစ်ချရင်း သက်နိုင်ထွန်းက . . .

"နားထောင်ဦးကွာ၊ ငါ အကောင်းပြောနေတာ . . ."

"အေး . . . ပြော၊ မင်းလည်း ပြောရင်လက်မပါနဲ့"

ခေါင်းကုတ်နေတဲ့ ဒီကောင့်လက်တစ်ဖက် ရပ်သွားတယ်။ ပြီးမှ . . .

"ဟိုကောင်မလေးက ကြည်ပြာသူငယ်ချင်း လုံးဝမဟုတ်ဖူး ကွ"

"ဟေ . . ."

ကျွန်တော်အံ့ဩဟန် လုပ်ပြလိုက်တော့ အားတက်သွားပုံ ရတယ်။ ဆက်ပြောလေရဲ့။

"အဲဒီ ကောင်မလေးနာမည်က မီသူတဲ့၊ နာမည်အရှည်က 'မိုးသူမ' တဲ့ကွာ၊ ဖလော်က . . ၊ ငါလည်း မကျေနပ်လို့ လိုက်စုံစမ်း ထားတာ၊ အဖြစ်ကတော့ ခပ်ဆန်းဆန်းပဲ"

ဒီလောက်ဆိုရင် ပရိတ်သတ်ကြီး ရိပ်မိနေလောက်ပါပြီ။ ကျွန်တော်ကတော့ ရိပ်မိရုံတင်မကဘူး။ တော်တော့်ကို ပြောင်ပြောင် ကြီးသိနေပါပြီ။ သူကလေးနာမည်ကလည်း မိုးသူမဆိုပဲ။ မိုးရာသီမှာ မွေးတဲ့ သူမပေါ့လေ။ ရပါတယ်။ ကျွန်တော်ဆိုတဲ့ စည်သူလည်း



www.burmeseclassic.com

www.burmeseclassic.com



နွေဦးမှာ မွေးတာကိုး။ ဘာမှမဆိုင်ပေမယ့် ဖလော်အရဆိုရင် ဆိုင်ပါတယ်။

ကျွန်တော် ငြိမ်ပြီးစဉ်းစားနေလို့ သက်နိုင်ထွန်းက ဆက်ပြောလာတယ်။

"မိသူဆိုတဲ့ကောင်မလေးက အောင်သွယ်လုပ်တဲ့လူတွေကို ကြည့်မရဘူးတဲ့ကွာ၊ အဲ . . တကူးတကန့်တော့လည်း မဟုတ်ဘူး၊ ဒါနဲ့ . . သူနဲ့ပတ်သက်တဲ့ လူတွေကြုံလာရင်၊ ပြီးတော့ ဟိုတစ်နေ့က လို သူ့မျက်စိရှေ့မှာဆုံလာရင် နှောင့်ယှက်တတ်တာမျိုးကွာ၊ အဲဒီ အူကြောင်ကြောင်ကောင်မလေးကြောင့် ငါတို့အကြံအစည်တွေ ပျက် သွားရတာ၊ ငါ အားလုံးစုံစမ်းပြီးသွားပြီ"

ကြည်ပြာနဲ့ပတ်သက်နေလို့ ဒီကောင်စုံစမ်းတာ သဘာဝ ကျပါတယ်။ မိသူဆိုတဲ့ မိုးသူမကို အူကြောင်ကြောင်လို့ ပြောတာကို တော့ ခွင့်မလွှတ်ချင်ဘူး။ ကိုယ်နဲ့မဆိုင်သေးတော့လည်း ဘယ်တတ် နိုင်ပါ့မလဲလို့ ကျွန်တော်ဖြေတွေးလိုက်ရတယ်။ မဟုတ်လို့ကတော့ နရင်းအုပ်ပြီးသားပဲ။

အကျိုးအကြောင်းတွေကို ဆက်စပ်တွေးပြီး ကျွန်တော်က-

"ကဲ . . ဟုတ်ပါပြီ၊ မင်းခုလိုသိရတော့ ဘယ်လိုဖြစ်ချင်လို့ လဲ"

"မသိဘူးလေကွာ၊ မင်း ငါ့ကို ကူညီမယ်ဆိုလို့ လိုအပ်မလား ဆိုပြီး ငါလည်း စုံစမ်းလာတာ၊ မင်းစဉ်းစားပေါ့"

"ငါ့ရာ ဟုတ်လား၊ ဘာကို စဉ်းစားရမှာတုန်း"

သက်နိုင်ထွန်း ခေါင်းကိုပြန်ကုတ်တယ်။ ဒီကောင် စကား



www.burmeseclassic.com

www.burmeseclassic.com


ပြောရင်း လက်ကပါလာပြန်ပြီ။

"ဒီလိုလေကွာ၊ ခု ငါနဲ့ကြည်ပြာကိစ္စကို အဲဒီမိသူက ဝင်ဖျက်လိုက်တော့ ခုဆိုရင် ကြည်ပြာနဲ့မိသူ လုံးဝသိသွားမှာ သေချာတယ်။ နောက်ပိုင်း ငါ့ကိစ္စကို ကြည်ပြာက တိုင်ပင်လိုက်ရင် ဘယ်လိုလုပ်မလဲ"

"လက်လျှော့လိုက်ပေါ့ သက်နိုင်ရာ၊ အဲဒါဆို မင်းကို ကြည်ပြာ ခါးခါးသီးသီးဆိုတာ သေချာသွားပြီ"

"ဟာ . . စည်သူရာ"

တစ်ချက်ထောက်ပြလိုက်လို့ သက်နိုင်ထွန်း ကြက်ကြီးလည်လိမ်သလို ဖြစ်သွားတယ်။ စဉ်းစားမိတာပါ။ ဒါပေမယ့်လည်း သူငယ်ချင်းတစ်ယောက် အချစ်အတွက်နဲ့ သေကြောင်းကြံစည်မှာ စိုးရတယ်။ ဒီကောင့်ကို ပြန်ပြီးဖေးမရပြန်တယ်။

"အလကားစတာပါ သက်နိုင်ရာ၊ ကြည်ပြာ့အနေနဲ့ မိသူဆိုတာကို တိုင်ပင်တယ်ထားဦး၊ ဒါဟာ မင်းကို အခွင့်အရေးထပ်ပေးတာပဲကွ"

"ဘယ်လို . . ဘယ်လို"

"ဟုတ်တယ်လေ၊ တစ်ဖက်က ပြန်တွေးကြည့်ရင် မင်း သူ့အပေါ်ကို ဘယ်လောက်သည်းခံပြီး ကြိုးစားမလဲ၊ နောက်ပြီး မိန်းကလေးဆိုတာမျိုးက အဲလိုအခက်အခဲကြားက ကြိုးစားတာမျိုးကို ရင်ခုန်ပြီး တစ်ဖက်ကလည်း ဂုဏ်ယူချင်ကြတာမျိုး မဟုတ်လား"

"ဟုတ်သားပဲကွ၊ နော် စည်သူ . . ."

ကျွန်တော့်ရဲ့ အချီအချမှာတင် ဒီကောင်မျောနေတယ်။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာလည်း ထောင့်ပေါင်းစုံက စဉ်းစားရပြီ။ ဒီကောင့်ကိစ္စမှာ မိသူက ပါလာနိုင်တာအမှန်ပဲ။ ကျွန်တော်ကတော့ ပါကိုပါစေချင်တာ။ ဒါမှလည်း အလုပ်ကဖြစ်မှာကိုး။ တွေးရင်းနဲ့ အကြံတစ်ခုထပ်ရလာတယ်။ ဒါနဲ့ပဲ . . .

"လာကွာ . . သက်နိုင် ကျောင်းသွားရအောင်"

"ဟို . . ဟို ငါ့ကိစ္စက ဘယ်လို . . ."

"လာပါကွာ၊ အဲ . . စားထားတာတွေ ပိုက်ဆံရှင်းလိုက်ဦး၊ မင်းကို အာမခံတယ်ကွာ၊ မင်းကိစ္စကို ငါရအောင်ကူညီမယ်၊ ဟုတ်ပြီလား"

"ပြီးရောကွာ"

ဒီတော့မှ သက်နိုင်ထွန်းလည်း မအီမလယ်နဲ့ ထလိုက်လာတော့တယ်။ ငြိမ်ပြီး တစ်လမ်းလုံးစဉ်းစားနေတဲ့ ကျွန်တော့်ကို ဘာမှထပ်မမေးတော့ဘူး။

ကျောင်းရောက်တော့ ထုံးစံအတိုင်း ဂန္ထဝင်ကင်တင်းကိုဦးတိုက်ရပြန်တယ်။ ဒီနေ့တော့ ကင်တင်းမှာလည်း ကျွန်တော်တို့အုပ်စု လူစုံတယ်လို့ပြောရမယ်။ ယောက်ျားရင့်မာကြီးတွေအပြင် ဘိုဘိုဖြိုးကောင်မလေးမေဦးနဲ့ သူ့သူငယ်ချင်းမိုးပွင့်တောင် အဆစ်ပါလိုက်သေး။

ကျွန်တော်တို့မရောက်ခင် တစ်ခုခုကို ငြင်းခုံနေကြပုံပေါ်တယ်။ နေမျိုးကျော်က ကျွန်တော့်ကိုကြည့်ပြီး . . .

"လာကွာ စည်သူ၊ ဒီမှာ ငါတို့ နှစ်လုံးတည်းနဲ့ သီချင်းဘီညပ်နေလို့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မျက်လုံးပြူးသွားရတယ်။ ကောင်မလေးနှစ်ယောက်ရှေ့မှာ နေမျိုးကျော် ဒီလိုပြောရဲတာကိုပါ။ ဟိုဟာမလေးတွေ ကြည့်လိုက်တော့လည်း ဒီစကားကို ထောက်ခံနေတဲ့ မျက်နှာမျိုးတွေ။ အင်းပေါ့လေ။ သူတို့ကိစ္စမှ မဟုတ်တာကို။ ဆက်ရှင်းပြတော့မှပဲ ဒီကောင်တွေ ဘောင်းဘီညှပ်တာ သိရတော့တယ်။ အဖြစ်က . . .

"ဒီလိုကွာ၊ ဘိုဘိုဖြိုးက မေဦးကို မြင်မြင်ချင်းချစ်မိသွားတာလို့ မရှက်မကြောက်ပြောတယ်၊ ထားပါတော့၊ ငါက အဲဒီစကားကို ချစ်ခြင်းအစ မျက်စိကလို့ မနေနိုင်၊ မထိုင်နိုင် ဝင်ပြောမိတယ်၊ အဲဒါကို မိုးပွင့်က အချစ်မှာ မျက်စိမရှိဘူးဆိုတဲ့ စကားကရော ဘယ်မှာသွားထားမလဲလို့ မထော်မနန်း ထပ်ပြောပြန်ရော၊ အဲဒါနဲ့ပဲ ငါတို့လည်း ဒီစကားပုံနှစ်ခုကို မသိကျိုးကျွံပြုလို့ မရတော့ဘူးလေ၊ စဉ်းစားကြရင်းနဲ့ မပြောမပြီး ဖြစ်နေကြတာ . . ."

"ဒီအတိုင်းပဲ မထုံတတ်တေး ထားလိုက်ပေါ့ကွာ"

အမြင်ကတတ်ကတ်နဲ့ ကျွန်တော်လည်း ဝင်ပြောလိုက်တယ်။ အဲဒါကို ရန်နိုင်က . . .

"မင်းသိရင် ပြောလိုက်စမ်းပါ စည်သူရာ၊ ငါလည်း လက်ဗိုက်ကြည့်နေရတယ်"

"အောင်မာ . . နင်သိရင် နင်ပြောပေါ့၊ ထစ်ခနဲဆို ဆရာကြီးလိုလိုနဲ့ . . ."

မိုးပွင့်စကားကြောင့် ရန်နိုင်ဇက်ပုသွားတယ်။ ကျွန်တော်လည်း မပြီးမစီးဖြစ်နေတဲ့ကိစ္စကို ရှင်းရပြီပေါ့။

"ချစ်ခြင်းအစ မျက်စိက ဆိုတဲ့စကားကို ထားလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ ရှင်းနေတာပဲ မြင်တာနဲ့ချစ်တယ်ပေါ့၊ ဟုတ်တယ် မဟုတ်လား၊ အချစ်မှာ မျက်စိမရှိဘူးဆိုတာက ကျူးပစ် (cupid) ဆီကလာတာကွ"

"လင်းစမ်းပါဦး"

"ရန်နိုင် . . မင်းပါပြန်ပြီကွာ"

ဝင်းဇော်က မကြည်သလိုပြောတော့ ဘိုဘိုဖြိုးက . . .

"ထားလိုက်ပါကွာ၊ ဖားလေး၊ ငါးလေး ပျော်ပါစေဆိုပြီး လွှတ်ထားပေးလိုက်"

"ဟော့ကောင်တွေ ငါမပြောရတော့ဘူးလား၊ ပြီးရော . . ."

ဒီတော့မှ အားလုံးငြိမ်သွားကြတယ်။ ပြောမိတဲ့ ပါးစပ်ကြောင့် ရှင်းရပြန်ပြီ။

"ဒီလိုကွာ၊ မြားနတ်မောင် ကျူးပစ် (cupid) ဟာ ဗီးနပ်(စ်) ရဲ့သားကွ၊ နတ်ရုပ်ကလေးပေါ့၊ သူက သူများတွေ ဖူးစာဆုံအောင် မြားနဲ့ပစ်ပေးလေ့ရှိတယ်၊ ပစ်တာမှ မကောင်းသူထိပ်၊ ကောင်းသူထိပ်ဆိုပြီး ပစ်တာ၊ အဲဒီမှာ ပြဿနာက စ,တာပဲ"

"ဘယ်လိုဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ ရမ်းပစ်နေတော့ အလွဲလွဲ၊ အချော်ချော် အချစ်ရေးတွေ၊ အိမ်ထောင်ရေးတွေ ပေါ်လာပြီပေါ့၊ အဲဒီမှာပဲ ကျူးပစ် (cupid) မြားပစ်တာမှာ မျက်စိလျှမ်းတာကို အချစ်မှာ မျက်စိမရှိဘူး လို့ တင်စားကြတာပဲ၊ ပုံပြင်ထဲက စကားပုံပါကွာ"

"အင်း . . မင်းပြောမှပဲ ကွဲပြားသွားတော့တယ် အဲဒီ ကျူးဖစ် (cupid) ကလည်း သူများတွေကိုသာ လိုက်ပစ်နေတာ ကိုယ့်ဟာကိုယ်ကျတော့ ပြန်မပစ်ဖူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ . . သူများတွေကိုတော့ လိုက်ပစ်ပြီး၊ သူ့မှာတော့ ရည်းစားမရှိဘူး"

ဘိုဘိုဖြိုးစကားကို သူ့ရည်းစားမေဦးက သံယောင်လိုက်တယ်။ ဘောစုံတွဲကို ကျန်တဲ့လူတွေက ဝိုင်းကြည့်တာပေါ့။ သူတို့နှစ်ယောက်ကိုလည်း ကျူးပစ်က ရမ်းပြီးပစ်တာ ဖြစ်နိုင်တာကိုး။

မနေနိုင်တဲ့ ကျွန်တော်ကပဲ . . .

"မဟုတ်ဖူးကွ၊ တော်တော်များများက ကျူးပစ်ကို လူပျိုလို့ထင်ကြတယ်၊ တကယ်တော့ ကျူးပစ်မှာလည်း လွမ်းစရာပုံပြင်လေး ရှိပါတယ်၊ သူ့ချစ်သူက လူသားမင်းသမီးလေးပဲ၊ နာမည်က ဆိုင်ခီ (psyche) တဲ့၊ ထားပါတော့ ခုကြုံတုန်းလေး မင်းတို့အားလုံးကို ငါပြောစရာရှိတယ်"

"ဟော . . ဘာလဲ"

အားလုံးက ကျွန်တော့်ကို ဝိုင်းကြည့်ကြပါတော့တယ်။ ကျွန်တော်ကလည်း ချောတာကိုးလို့ ထပ်မပြောချင်တော့ပါဘူး။ မင်းမောင်းလေးနဲ့ပဲ . . .

"ငါက ကျူးပစ်လိုမျိုး ရမ်းပစ်တာ မဟုတ်ပေမယ့်လည်း လိုအပ်လို့ကူညီခဲ့ရတဲ့ အတွဲတွေရှိတာ မင်းတို့လည်း အသိပဲ၊ ဥပမာ ဘိုဘိုဖြိုးတို့အတွဲကွာ"

"ဟုတ်ပါပြီ . . ပြောပါဦး"

"အေး . . ခု ငါစိတ်ပြောင်းသွားပြီ၊ လိုအပ်မှ မကူညီချင်တော့ဘူး"

အဲဒီစကားကြောင့် စကားတစ်ခွန်းမှ ဝင်မပြောဘဲငြိမ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



သက်နိုင်ထွန်းက ပြုံးပြလှမ်းကြည့်တယ်။ သူ့ကို လမ်းမှာကူညီမယ်လို့ ဂတိပေးလာတာကိုး။ ဒီကောင့်မျက်လုံးကြီး ထပ်မပြူးလာခင်မှာပဲ လေးလေးနက်နက် ကျွန်တော်ပြောလိုက်တော့တယ်။

"ငါ ဒီနေ့ကစပြီး ငါနဲ့မသိလို့ ငါ့ကိုအကူအညီမတောင်းတဲ့လူကိုလည်း လိုက်ကူညီတော့မယ်၊ လိုအပ်မှ မဟုတ်ဖူးကွာ၊ ငါ ခုချိန်ကစပြီး ဒီကျောင်းမှာ ကျူးပစ်လိုက်လုပ်တော့မယ်ဆိုတာပဲ"

အားလုံးက တအံ့တဩတွေ ဖြစ်ကုန်ကြတယ်။ ကျွန်တော်က ပျော်တတ်ပေမယ့် အဲဒီလို လိုက်လုပ်တတ်တဲ့ အကောင်မှမဟုတ်ဘဲ။ စကားအဆုံးမှာ နေမျိုးကျော်က . . .

"ဘာတွေဖြစ်သွားတာလဲ စည်သူရာ၊ မင်းဟာကလည်း အတင်းကြီးပဲ"

"အေး . . အတင်းပဲကွာ၊ ဘာလုပ်ချင်လဲ"

"ဟာ . . ဒီကောင် . . ."

"ဟဲ ဟဲ . . နောက်တာပါကွာ၊ ငါ ကျူးပစ်လုပ်မယ်ဆိုတာက ငါ့ရဲ့ဆိုင်ခီဖြစ်လာမယ့် ကောင်မလေးကြောင့်ကွ"

"ဟေ . . မင်းရူးများ ရူးသွားပြီလား"

"ရူးလား၊ မရူးလား စောင့်ကြည့်ပေါ့ကွာ၊ ကျူးပစ်ဆိုတာ ဘယ်တော့မှ မြားကို အပေါ်ထောင်မပစ်ဖူးကွ"

"ဘယ်သူလဲ . . ဘယ်ကောင်မလေးလဲ"

မိုးပွင့်အမေးကိုမဖြေဘဲ ကျွန်တော်ပြုံးနေလိုက်တယ်။ မပြီးခင် ဗမာမဖြင်ဖို့ လိုတယ်လေ။ ကျွန်တော်တို့အုပ်စုမှာ သူ့မျိုးခြားမပါလို့ မပြောပြတော့ဘူး။ ဘယ်သူမှလည်း ထပ်မမေးတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ပုတ်ရင်ပေါ်၊ ဟုတ်ရင်ကျော်မှာပဲ ဆိုတဲ့ပုံစံတွေ လုပ်ထားလိုက်ကြတယ်”

ဂန္ထဝင်ကင်တင်းက ထကြတော့ ကျွန်တော် သက်နိုင်ထွန်းကို ကပ်ပြောလိုက်တယ်။

“သက်နိုင် . . မနက်ဖြန်မှာ မင်းကြည်ပြာကို နှစ်ယောက်တည်း ရအောင်စကားပြောပြမယ်လို့ သူတို့အုပ်စုသိသွားအောင် သတင်းလွှင့်ထားလိုက်ကွာ၊ ကြားလား”

သက်နိုင်ထွန်း ခေါင်းညိတ်မှာ အမှန်ပါပဲ။ ဒါပေမယ့် ကျွန်တော်မမြင်တော့ဘူး။ မျက်စိထဲမှာ ကျွန်တော့်ရဲ့ဆိုင်ခီလောင်းလျှာလေးကိုပဲ အခွေပြန်ရစ်သလို မြင်ယောင်နေတော့တယ်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၅)

"ဟောကောင် စည်သူ၊ ငါတော့ မင်းမှာလိုက်တဲ့အတိုင်း ဟိုဘက်ကို သတင်းလွှင့်ထားပြီ၊ ဒီနေ့ ဘယ်လိုဆက်လုပ်ရမှာလဲ"

ကျောင်းရောက်တာနဲ့ သက်နိုင်ထွန်းက ဆီးပြောလာတယ်။ ကျွန်တော်ခေါင်းတစ်ချက်ပဲ အသာညိတ်ပြလိုက်တယ်။ ဒီကိစ္စအတွက် ထွေထွေထူးထူး ပြင်ဆင်လာတာမျိုး မရှိပါဘူး။ အခြေအနေအရ ကြည့်ကျက်လှုပ်ရှားရမှာပေါ့။ စီစဉ်ထားရင် လွဲတတ်လွန်းလို့ပါ။

ဒီကောင့်ကိုခေါ်ပြီး ကြည်ပြာတို့မေဂျာဘက်ကို နှစ်ယောက် သား ရောက်သွားတယ်။ တကယ်တော့ ကြည်ပြာနဲ့ ဒီကောင်က တစ်မေဂျာတည်းကပါ။ ဒါတောင် နီးရက်နဲ့ ဝေးနေကြသေးတယ်။ ကျွန်တော်တို့ရောက်တော့ ကြည်ပြာတို့တစ်အုပ်စုလုံး အတန်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



မရှိကြဘူး။ တော်တော်ကျောင်းသူပီသတဲ့ ဟာတွေ။ ကျောင်းဝန်းထဲမှာတော့ သူတို့ထိုင်တတ်တဲ့ ကင်တင်းရှိတယ်လို့ သက်နိုင်ထွန်းပြောလို့ ထပ်ထွက်ခဲ့ကြတယ်။ ခုချိန်မှာ တစေ့တစောင်း အကဲခတ်ဖို့ လိုနေပြီလေ။

ထင်ထားတဲ့အတိုင်းပါပဲ။ အဲဒီကင်တင်းလေးထဲမှာ အုပ်စုလိုက်ကြီးကိုတွေ့တာ။ တစေ့တစောင်းဆိုတဲ့အတိုင်း သူတို့နဲ့မျက်စောင်းထိုးခုံမှာ ခပ်တည်တည် ဝင်ထိုင်လိုက်ကြတယ်။ ကျွန်တော်တို့ကိုမြင်တော့ သူတို့တတွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေရဲ့။ ဟော . . ရောက်လာကြပြီ ဆိုတဲ့ပုံစံမျိုးတွေပါ။

တစ်ယောက်က ကြည်ပြာကို တီးတိုးပြောတော့ ကြည်ပြာက ဆိုင်အပြင်ဘက်ကို လှမ်းကြည့်တယ်။ ပြီး သက်နိုင်ထွန်းကိုလည်း မထီတရီ လှမ်းကြည့်သေးတယ်။ ခုချိန်မှာတော့ သက်နိုင်ထွန်း စကားပြောမယ့်ကိစ္စက ဘယ်လိုမှ အဆင်မပြေနိုင်ဘူး။ သူတို့က အုပ်စုလိုက်ကြီးကိုး။ ဒီကောင်ကတော့ ရတဲ့အခွင့်အရေးကို လက်လွှတ်မခံဘဲ ကြည်ပြာကို ရီဝေဝေ လှမ်းကြည့်နေတယ်။ ဟိုက သနားလာအောင်လား မသိဘူး။

အဲဒီအချိန်မှာပဲ ကင်တင်းထဲကို ကျောင်းသူတစ်ယောက် ဆပ်ဝင်လာပါတယ်။ ဘယ်သူရှိရမလဲ။ ကြည်ပြာရဲ့ကယ်တင်ရှင်မကြီး သူမပေါ့။ ကျွန်တော်ကတော့ သူများတွေခေါ်သလို မိသူလို့ မခေါ်ချင်ပါဘူး။ ဖြစ်နိုင်ရင် သူမလို့ပဲ ခေါ်ချင်တာ။

ရောက်တာဖြင့် မကြာသေးဘူး။ ကျွန်တော့်ကို လှမ်းမြင်တာနဲ့ သူမက ရှုတင်းတင်း တစ်ချက်လှမ်းကြည့်ပါတယ်။ ပြီး သူနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခါးလွယ်ခုတ်မှာထိုင်နေတဲ့ ကျွန်တော့်ကို စကားနဲ့ပေါ် တင်ကြီး လှမ်းခုတ်ပါတော့တယ်။

"အဲဒါပြောတာပေါ့၊ ကိုယ့်ထမင်းကိုယ်စားပြီး ကြီးတော်နွားကျောင်းတယ်ဆိုတာ . . ."

"ခစ် . . ခစ် . . ဟုတ်ပ မိသူရယ်"

"ခိုင်းတဲ့အတိုင်း လိုက်လုပ်ဝံ့တဲ့လူကလည်း ရှိသေးတယ်၊ အံ့ပါရဲ့"

တကယ့်ကို မလွယ်တဲ့ဟာလေးပါ။ ကျွန်တော့်မှာ ခံလိုက်ရတယ်။ ကျွန်တော်က တော်သေးတာပေါ့။ နွားကျောင်းသားလောက်ပဲ ဖြစ်ရတာ။ ဟိုကောင် သက်နိုင်ထွန်းဆို နွားကြီးကိုဖြစ်လို့။ ဘာပဲဖြစ်ဖြစ် သူ့မျက်နှာလေး မြင်ရတာနဲ့တင် စိတ်ချမ်းသာလှပါပြီ။ သက်နိုင်ထွန်းက မျက်စိမျက်နှာပျက်ပြီး လက်လာလာကုတ်လို့ ခဏနေဦးဆိုပြီး မျက်ရိပ်ပြထားရတယ်။

မျှော်လင့်ထားတဲ့အတိုင်း သူ့အသံလေးက စီခနဲ ထပ်ထွက်လာလေရဲ့။

"ကြည်ပြာ . . နင်ဘာမှမပူနဲ့ သိလား၊ ငါ ဒီနေ့ အတန်းဖျက်ပြီး နင့်အနားမှာနေပေးမယ်"

"တကယ် . . နင့်ကို ငါအရမ်းခင်သွားပြီ သိလား"

"နောက်မှ ငါ့ကို အပြစ်မတင်နဲ့နော်၊ တချို့ဆို အကူအညီတောင်းလို့လည်း ငါက လုပ်ပေးရသေးတယ်၊ ပြီးရင် ငါ့ကြောင့်ဆိုပြီး နောက်ကွယ်မှာ ပြောကြရော၊ ကိုယ့်ဇာတ်ကိုယ်နိုင်အောင် မကဘဲနဲ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟာ . . ငါတို့က အဲဒီလို မဟုတ်ပါဘူး၊ နောက် နင်သိလာမှာပါ။ ဒါနဲ့ နင့်သူငယ်ချင်းတွေ မပါဘူးလား"

"ဟင့်အင်း . . ငါက တစ်ကိုယ်တော်လေ၊ အဲ ဆိုင်းသမား တော့ မဟုတ်ဖူးနော်"

သူ့စကားကို လိုက်နားထောင်နေတဲ့ ကျွန်တော်ပါ ရယ်ချင် သွားတယ်။ အင်းလေ . . ဒီလောက် ဖျက်လိုဖျက်ဆီးတွေ လိုက်လုပ် နေတော့ ဘယ်လိုအပေါင်းအသင်းရှိတော့မှာလဲ။ ဒါပေမယ့် ခုလော လောဆယ်တော့ ကြည်ပြာတို့အုပ်စုနဲ့ ငယ်ပေါင်းတွေလို အဖွဲ့ကျနေ ကြပြီ။ ချစ်စရာကောင်းတဲ့ သူ့ပုံစံလေးကြောင့်လည်း ထင်ပါတယ်။

"ဒါနဲ့ မိသူက တစ်ယောက်ယောက်ကိုစိတ်နာပြီး ခုလို ကူညီနေတာလား၊ မေးတာ စိတ်မဆိုးနဲ့နော်"

"တစ်ယောက်ယောက် ဟုတ်လား၊ ရည်းစားကြောင့်လို့ ပြောတာလား"

အဲဒီစကားကို ကျွန်တော်ပါရှောင်ယောင်ပြီး ရင်ခုန်သွားတယ်။ ဒီကောင်မလေး အသဲကွဲပြီး ဒါမျိုးတွေ လျှောက်လုပ်နေတယ်ဆိုရင် သွားပြီ။ ဒါပေမယ့် မဟုတ်ပါဘူး။

"ဘယ်ကလာ ဟုတ်ရမှာလဲ၊ ရည်းစားထားဖို့ စိတ်ကူးထဲမှာ တောင် မရှိဘူး၊ ယောကျ်ားတွေဆိုတာ ကောင်းတာမဟုတ်ဖူးဟ"

"အေး . . ဟုတ်တယ်၊ တစ်ခြုံကွယ်ရင် တစ်ပုံတည်တယ် လို့ ကြားဖူးတယ်"

"ဟဲ့ . . သိရိနော်၊ ပေါက်ကရ . . ."

သူတို့တွေ ရယ်နေကြပြန်တယ်။ ခဏနေတော့ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ဆရာမလေးကပဲ စကားဝိုင်းကို ပြန်ဦးဆောင်ပါတယ်။

"ယောက်ျားမကောင်းကြောင်းတွေတော့ အများကြီးပေါ့ဟာ၊ အဲဒီအထဲကမှ ဖတ်ဖူးတာလေး ပြောပြမယ်"

"အေး . . .လုပ်စမ်းပါဦး၊ နင်နဲ့တွေ့မှပဲ အထူးအဆန်းတွေ ကြားရတော့တယ်"

"ဟုတ်ပ"

ဟိုဟာမလေးကလည်း ဟိုဟာမလေးပဲ။ မြှောက်ပေးတဲ့ အတိုင်းကို ပြောတော့တာ။

"ယောက်ျားတွေကို အသက်အရွယ်နဲ့လိုက်ပြီး မီးရထားနဲ့ တူတယ်လို့ ဆိုထားတယ်ဟ"

"မီးရထားနဲ့ ဟုတ်လား၊ ဟို အတွဲလေးနဲ့ကြောင့်လား"

"ဟဲ့ . . ကောင်မ"

သောခနဲ ထပ်ရယ်ကြတယ်။ ဒီတစ်ခါတော့ ကျွန်တော် မပြုံးနိုင်တော့ဘူး။ သူ့ပါးစပ်က ဘာတွေထွက်လာမယ်ဆိုတာ သိနေသလိုပဲ။ မိန်းမတွေအကြောင်း ကျွန်တော်ဆရာကြီးလုပ်ပြီး ပြောခဲ့သလိုလေ။ ခုလည်း သူ ကျွန်တော့်ကို ပြန်ဖဲ့နေပြီ။ လိုက်နားထောင်ကြည့်တော့ ထင်တဲ့အတိုင်းပဲ။ ဆရာမကြီးလေသံမျိုးတောင် လုပ်ထားလိုက်သေး။

"ပြောရရင်တော့ကွယ်၊ အသက်နှစ်ဆယ်အရွယ် ယောက်ျားတစ်ယောက်ဟာ လော်ကယ်ရထားနဲ့တူတယ်လို့ ဆိုထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘူတာတိုင်းမှာ ရပ်တတ်လို့တဲ့"

"အိုင်တွေ့တိုင်း ခြေဆေးတဲ့ သဘောပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ကြည်ပြာက တွေးတတ်သားပဲ"

ပြောရင်းနဲ့ ဒင်းကလေးက သက်နိုင်ထွန်းကို ရည်ညွှန်းပြီး မေးငေါ့ပြသေးတယ်။ သူတို့ဝိုင်းနဲ့က ခါးလွယ်ခုတ်ဆိုတော့ မြင်နေရတာပေါ့။ တကယ်လည်း တန့်နဲ့အခုတ်ခံနေရသလိုပဲ။ သက်နိုင်ထွန်း ခမျာ မျက်နှာအတော်ပျက်နေပြီ။ နဂိုတည်းက ကျွန်တော့်လို ရုပ်မချောလို့ဆိုတာကိုတော့ ထုတ်မပြောတော့ပါဘူး။ အသံစာစာလေးက ဆက်ကြားနေရသေးတယ်။

"အဲ . . သုံးဆယ်လောက်ရောက်တော့ဟယ် အထူးရထားနဲ့ တူပြန်ရော"

"ဘာဖြစ်လို့လဲ၊ လက်မှတ်ဈေးကြီးလို့လား"

"တယ်ကလာ ဟုတ်ရမှာလဲ၊ မြို့ကြီးတွေမှာပဲ ရပ်လို့တဲ့၊ တကယ့်ခွင်ကောင်းတဲ့ မိန်းမတွေကို သိုက်တူးမယ့်သဘောပေါ့ဟာ"

လာလာချည်သေး။ သူပြောမှပဲ ရစ်ကွက်ထဲက ကိုတင်မောင်ဝင်းကြီးကို ပြေးမြင်မိတယ်။ အဲဒီလူကြီးက သုံးဆယ်ကျော်မှ အိမ်ထောင်ကျတာ။ ရတော့လည်း ကလေးနှစ်ယောက်အမေနဲ့။ သူပြောတဲ့အတိုင်းဆို မဟုတ်သေးဘူး။ အထူးရထားတွေ စက်ချွတ်ယွင်းတတ်တာ၊ အချိန်မမှန်တာကို ဖြည့်တွေးပေးရတော့မယ်။ ဖြစ်တတ်တာကိုး။

သူပြောနေတာတွေကို ကျွန်တော်သိပါတယ်။ ကျွန်တော်တစ်ခါက မိန်းမတွေကို ကမ္ဘာမြေကြီးနဲ့ ယှဉ်ထိုးမိလို့ ခုလိုယောက်ျားတွေကို ရထားနဲ့ သမုတ်နေတာ။ ခုချိန်ထသွားရင်လည်း ကျော်ကြဲသယ်လို့ ထင်မှာစိုးလို့ အောင့်အီးပြီး နားထောင်နေရတယ်။ စေတနာ



www.burmeseclassic.com

www.burmeseclassic.com


ထားတာလည်း ပါ,ပါတယ်။ စိတ်ချမ်းသာသလို ပြောပါစေလို့ပါ။

"ပြောရဦးမယ်"

"ဟဲ့ . . မဆုံးသေးဘူးလား မိသူရယ်"

"ဪ . . ဇင်မာကလည်း ယောက်ျားဆိုတဲ့အမျိုးက ဖွဲ့တစ်ဆုပ်နိုင်တဲ့အထိ ဟိုဒင်းပြုချင်တယ်ဆိုတာ မကြားဖူးဘူးလား"

"ဟဲ့ . . ဘယ်ဟိုဒင်းလဲ"

ကြားထဲက မဟုတ်ပေမယ့် မျက်စောင်းထိုးက ကျွန်တော်တောင် ရှစိရှစိဖြစ်သွားတယ်။ မေးတဲ့ကောင်မလေးကလည်း ဗဟုသုတနည်းလိုက်တာ။ မေထုန်မှီဝဲတာပေါ့လို့ အော်ပြောလိုက်ချင်တော့တယ်။ တကတည်းမှပဲ။

ဒါပေမယ့် ဒင်းကလေးက ကျွန်တော့်ထက်တောင် ယဉ်ကျေးလိုက်သေး။

"ဟိုဒင်းဆိုတာဟယ် . . အဲ . . သံဝါသပြုတာကိုပြောတာ သိပြီလား"

"ခွိ . . ."

သူ့သီလရှင်နဲ့ သူ့ဆန်လောင်းသူနဲ့ကတော့ ဟုတ်နေတာပဲ။

"နားထောင်ဦး . . နားထောင်ဦး၊ လေးဆယ်လောက်ဘဲကြီးတွေကျတော့ အထူးမဟုတ်တော့ဘူး၊ အမြန်ရထားနဲ့ တူတယ်လို့ဆိုပြန်ရော"

"ဟို . . တီဗွီမှာကြော်ငြာတဲ့ မြဟသ်ာနဲ့ ပတ်သက်လို့လား၊ အဲဒီဆေးက အဲဒီအရွယ်တွေ အတွက်ဆို့ . . ."

ဒါကျတော့လည်း သိလွယ်လိုက်ကြတာ။ ဒါပေမယ့် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com


ခါဘူး။

"မဟုတ်ဖူးလေ၊ အမြန်ရထားဆိုတာက မြို့တော်ကြီးတွေမှာပဲ ရပ်တော့တာ မဟုတ်လား၊ ရန်ကုန်ကထွက်လာရင် ဒုတိယအကြီးဆုံးမြို့၊ တတိယအကြီးဆုံးမြို့တို့ပေါ့ဟာ၊ ခပ်ရိုင်းရိုင်းပြောရရင် အိမ်ကဟာကြီးကလွဲပြီး ဆက်ကင်း (Second) တို့ သတ်ဒ် (Third) တို့ဆီပေါ့၊ ရှင်းပြီလား"

"အလဲ့ . . ."

"ဟုတ်လိုက်လေ မိသူ့ရယ်"

"နင်ပြောတော့လည်း ရှင်းနေတာပဲ"

ညီညီညွတ်ညွတ်ကို ထောက်ခံနေကြပါတယ်။ ဟိုဟာမလေးကလည်း ရိုက်မစစ်ရဘဲကို ပြောနေတော့တာ။

"ငါးဆယ်လောက်လည်းရောက်ရော မီးရထားစက်ခေါင်းအိုကြီးနဲ့ တူသွားရော၊ ခဏ,ခဏရပ်ပြီး ရေထည့်ရတယ်လေ"

"အဟိ . . နားလည်သလိုပဲ"

"နောက်ဆုံး ခြောက်ဆယ်လောက်မှာတော့ ဘယ်ကိုမှ မထွက်တော့ဘူး၊ မီးရထားဝင်းထဲမှာပဲ နေတော့တယ်"

"မီးစာကုန်ရေခန်းပေါ့ဟာ"

"ဒါတောင် ကားလို တွန်းနှိုးလို့မရလို့နဲ့တူတယ်"

ကြားနေရတာ နားဝမသက်သာလှပါဘူး။ ယောက်ျားထုကြီးကိုယ်စား အတော်လေး အားနာမိတယ်။ ကြီးမိုက်ကြီးတွေကြားရင် ငှါဒီလောက် မိုက်လုံးကြီးနေပြီလားလို့ တရားကျလောက်တယ်။ အားမနာ၊ လျှာမကျိုးတဲ့ ဒင်းကလေးကတော့ မြိန်ရေယှက်ရေ ပြော


www.burmeseclassic.com

www.burmeseclassic.com



နေတာပဲ။ တစ်ဝိုင်းလုံး တဟီးဟီး၊ တဟားဟားနဲ့ ဟီလာတိုက်ရင်း မိုးသူမကိုတောင် ချီးမွမ်းနေကြသေး။ ဟိုကောင်မလေးကလည်း ပေါက်ပေါက်ရှာရှာ တော်တော်ရတတ်တယ်။ ကျွန်တော့်လိုပဲပေါ့။ အသွင်တူရင် . . အင်း . . . ။

ခဏနေတော့ ဘေးက သက်နိုင်ထွန်းကို စကားသွားပြောခိုင်းလိုက်တယ်။ ဟိုက အုပ်စုလိုက်ကြီးမို့ ဒီကောင်တွန့်ဆုတ်ဆုတ်နဲ့ နဝေတိမ်တောင်ဖြစ်နေတယ်။ နောက်တော့ မနေနိုင်တဲ့ ကျွန်တော်ပါ ထလိုက်လာရတယ်။

သက်နိုင်ထွန်းကတော့ မရဲတရဲနဲ့ ကပ်သွားပြီးမှ ကြည်ပြာကို စေ့စေ့ကြည့်ရင်း မျှော်လင့်တကြီး . . .

"ကြည်ပြာ . . ဒီနေ့ ကြည်ပြာ့ကို ကျွန်တော်စကားပြောပါရစေ"

"အန် . . ဟန် . . . "

ဒီလောက် တရိုတသေပြောတာတောင် ကြည်ပြာက ပခုံးတွန့်ပြီး နိုင်ငံခြားကားထဲကလို လုပ်ပြတယ်။ ရရင်လုပ်ပေါ့လေ။ ကျွန်တော်တို့ကလည်း လုပ်မှာပါ။ ဒါတောင် ဘေးနားက မိုးသူမဆိုတဲ့ ဒင်းကလေးက တမျှောင့်။

"ဟင်း . . ဟင်း . . ကြိုးစားကြည့်ပေါ့၊ သူများခိုင်းတာတွေချည်း လိုက်လုပ်မနေနဲ့ အောက်တယ်"

ဒါ ကျွန်တော့်ကို တိုက်ရိုက်သမတာပဲ။ ကျွန်တော်ကလည်း ဘယ်ခံမလဲ။

"ဟုတ်ပါတယ်၊ ကျွန်တော့်ကိုက အောက်တန်းစားလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရှင့်၊ ရှင်က သရော်တာလား"

မျက်ခုံးနှစ်ဖက်စုပြီး ဒေါ်သက စူထွက်လာပါတယ်။ ချက်စူ သလိုတော့ မမြင်ရပါဘူး။ အသံမာလာတာမျိုးပါ။

"မသရော်ပါဘူးလေ၊ ကျွန်တော်က ချက်ထိုးရင် အောက်က ဟာကိုပဲ အမိကစားတတ်လို့ပါ"

"ဘာ . . ဘာ . . ဘာ . . ဘာ . . ."

ဘာလေးဘာဖြစ်သွားတယ်။ ဘာလေးဘာဆိုတော့ စာအုပ် ရောင်းမကောင်းတဲ့ ရာသီပေါ့။ ကျွန်တော်ကလည်း စာအုပ်တန်းက လူတွေလို မျက်နှာမကောင်းဟန်လေးနဲ့ . . .

"ဩော် . . စစ်တုရင်ကစားရင် သူများအောက်တန်းက ဘုရင်တို့ ဘုရင်မတို့ကို အမိကထားပြီး စားရတာ မဟုတ်လား၊ အဲဒါ ကို ပြောတာပါ၊ နို့ . . အောက်တန်းစား မဟုတ်ဖူးလား"

"ရှင့်ကိုရှင် သိရင်ပြီးတာပဲလေ၊ မိန်းမလို မိန်းမရတော့ လာမပြောနဲ့"

"ဟောဗျာ၊ မိန်းမလိုချင်ရင်တော့ မိန်းမရအောင် စကား ပြောရမှာပေါ့၊ နို့ . . မဟုတ်ဖူးလား"

ကျွန်တော်က မခံသလို သူကလည်း ပြန်ပက်နေတယ်။ ကျန်တဲ့လူတွေကတော့ ပြုံးစိစိတွေနဲ့။

"နေစမ်းပါဦး၊ ရှင်က ဘာဖြစ်လို့ သူများကိစ္စကို ကြားဝင် ချင်ရတာလဲ"

"နို့ . . အကူအညီတောင်းတာကိုး။ တတ်သည့်ပညာ မနေ သာဆိုသလိုပေါ့ဗျာ၊ ဟဲ ဟဲ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ . . ."

"ဗျာ . . ."

"ရှင်စကားပြောရင် နို့ နို့ နဲ့ ထည့်မပြောပါနဲ့၊ နားကလောတယ်၊ ပြီးတော့ ဒီနေရာက ရှင်ထွက်သွားရင်ကောင်းမယ်"

"သွားမလို့ပါပဲဗျာ၊ ခင်ဗျား ယောကျ်ားမကောင်းကြောင်းပြောရတာ အားရှိအောင် စေတနာနဲ့ ထိုင်နားထောင်ပေးတာပါ"

"အလိုတော် . . ကြီးကြီးကျယ်ကျယ်"

ပြောရင်း သူ့မျက်နှာလေးက ပြုံးယောင်သမ်းသွားတယ်။ ဟုတ်လည်းဟုတ်နေတာကိုး။ တကယ်ပါ သူ့အပေါ် စေတနာထားတာကို သိစေချင်တယ်။ ကျွန်တော်က အပြစ်ကင်းစင်ဟန်လေးနဲ့ပဲ-

"ကဲ . . သွားပါပြီဗျာ၊ ဪ . . ကြည်ပြာ ဒီနေ့ သက်နိုင်က တကယ်ပြောဖြစ်အောင်ပြောမယ်လို့ သံမိဋ္ဌာန်ချထားတာဗျ"

ကြည်ပြာက ကြောင်တက်တက်နဲ့ သက်နိုင်ထွန်းကိုတစ်လှည့်၊ သူ့ဘေးက မိုးသူမကိုတစ်လှည့် ကြည့်နေတယ်။ ပြီး ဘာမှလည်းမပြောဘူး။ ဝဲလ်ကမ်း (well come) ဆိုတာမျိုးပဲ ထင်တယ်။ လာထားပေါ့။

သွားမယ်ပြင်ပြီးမှ ကျွန်တော့်ပါးစပ်က လွှတ်ခနဲ ထွက်သွားသေးတယ်။

"ခုနက သူမပြောသလိုဆို လော်ကယ်ရထားထွက်ရတော့မှာပေါ့၊ ဟဲဟဲ . . ဒါပေမယ့် ဒီရထားက ဘူတာစဉ်မှာ မရပ်ဘူးဗျ၊ အာဖရိကတိုက်အထိသွားမှာ လိုက်ဦးမလား"

သူ့မျက်နှာလေးက ရဲထွေးသွားလေရဲ့။ ကျုပ်တို့လူတွေက



www.burmeseclassic.com

www.burmeseclassic.com



မရိပ်မိကြဘူး။ ကျွန်တော်ကလည်း သူမလို့ ခေါ်ပစ်လိုက်တာကိုး။ ဘယ်ရမလဲ။ သူကလည်း ပြန်ပြီးထောပနာပြုပါတယ်။

"သွားသေလိုက် . . ."

ဆိုပဲ။ မိန်းမ,မရသေးဘဲနဲ့တော့ မသေနိုင်သေးပါဘူး။ ကျွန်တော်နဲ့သက်နိုင်ထွန်း ကင်တင်းက ထထွက်လာခဲ့တယ်။ ပါးစပ်ကလည်း ပေါတောတောလုပ်ပြီး ရေရွတ်လို့ပေါ့။

"ဘူး . . ဘော်၊ ဘူး . . ဘော် . . ရထားကြီးထွက်လို့ သွားပြီ"

"အာဖရိကတိုက်သွားမယ့် လော်ကယ်ရထားကွ"

တစ်ခါတလေကျတော့လည်း အချစ်ဆိုတာ ပေါတောတော နေရင် ပိုပီပြင်သလိုပဲလေ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၆)

အဲဒီညနေပိုင်းကတော့ နည်းနည်းစိတ်လှုပ်ရှားစရာ ကောင်းတယ်။ ရင်ခုန်ရတာလည်း အမှန်ပဲ။ ကျောင်းဆင်းဖို့ နှစ်ချိန်လောက်အလိုမှာ ကြည်ပြာတို့အခန်းဘက်ကို ရောက်သွားတယ်။ မယ်မင်းကြီးမတွေက ဒီနေ့မှ ဇွဲကောင်းနေလိုက်ကြတာ။ ခုချိန်ထိ အတန်းတက်နေတုန်းပဲ။ ထင်ထားတဲ့အတိုင်း မိုးသူမကလည်း မဆိုင်တဲ့ဘာသာရပ်ကိုဆိုင်သလို လိုက်တက်နေလေရဲ့။ သူမို့လို့ အားအားယားယား။

"ဟော့ကောင် သက်နိုင်၊ ခုချိန်ထိ ကြည်ပြာတို့ အတန်းတက်နေသေးတာ အခြေအနေကောင်းတဲ့သဘောပဲ"

"ဟေ . . ဘာဖြစ်လို့လဲ"

"မင်းပဲ စဉ်းစားကြည့်လေ၊ ခါတိုင်းဆိုရင် ဒီအုပ်စုက ပြန်



www.burmeseclassic.com

www.burmeseclassic.com



လောက်ပြီ၊ ခုချိန်ထိရှိနေတာ မင်းကြိုးစားမှုကို စောင့်နေတဲ့သဘော ပဲလေ"

"မင်းပြောသလိုဆိုရင်တော့ ကောင်းတာပေါ့ စည်သူရာ"

"လာ . . လာ . . ငါတို့လည်း အတန်းဝင်တက်ရအောင်"

ဆရာမကိုခွင့်တောင်းပြီး ခပ်တည်တည်နဲ့ အတန်းထဲဝင် ထိုင်နေလိုက်ကြတယ်။ ကျွန်တော်တို့နှစ်ယောက်ကိုလည်းမြင်ရော ကြည်ပြာတို့တစ်အုပ်စုလုံးက လှုပ်ရှားသွားပြီး သရော်သလို ကြည့်ကြတယ်။ ကျွန်တော့်ကို သီးသန့်ဒွဲကြည့်တဲ့ မိုးသူမအကြည့်ကလည်း လုံးဝမထီတရီပါပဲ။ မဲ့ပြုံးလေးတောင် ပြုံးလိုက်သေးတယ်။ သူဘယ် လိုနေနေ ကျွန်တော့်အတွက်ကတော့ တရိုတသေ လှနေတော့တာပဲ။ မင်းနဲ့မှချစ်တတ်ပြီပေါ့ဆိုတဲ့ သီချင်းအလိုက်လေးတောင် လေချွန်မိ နေသေးရဲ့။

သူတို့လည်း သိပ်အကြာကြီး စောင်းငန်းငန်းမလုပ်အား ပါဘူး။ ရှေ့မှာ ဆရာမက စာသင်နေတယ်လေ။ မဆိုင်တဲ့ဘာသာ ရပ်ပေမယ့် ကျွန်တော့်အကျင့်အတိုင်း စိတ်ဝင်တစား လိုက်နားထောင် နေမိတယ်။

သိပ်မကြာပါဘူး။ အခန်းရဲ့အပြင်ဘက်က ခေါ်သံတစ်ခုနဲ့ အတူ ဆရာမရဲ့မျက်စိဝေ့ပြီး လှမ်းပြောသံကိုပါ ကြားလိုက်ရတယ်။

"အခန်းထဲမှာ ကြည်ပြာစိုးရှိလား၊ ဒီမှာ 'သမီးသူငယ်ချင်း အရေးကြီးလို့ဆိုပြီး တွေ့ခွင့်တောင်းနေလို့ . . ."

ကြည်ပြာတင်မကဘူး၊ သူတို့တစ်အုပ်စုလုံး ရှုစိရှုစိဖြစ်သွား ကြတယ်။ ကြည်ပြာက အခန်းအပြင်ဘက်ကို လှမ်းကြည့်ရင်း သူ့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေကို ခေါင်းညိတ်ပြတယ်။ အပြင်ဘက်မှာက ကောင်မလေးတစ်ယောက်ပါ။ အရေးထဲ မျက်စောင်းလေးထိုးပြီး ပြန်လှည့်သွားပါတယ်။ ကျွန်တော့်ဘေးနားမှာလည်း သက်နိုင်ထွန်းက အကောင်လိုက်ကြီး ရှိနေသေးတာကိုး။ စိတ်ချသွားမှာပေါ့။

ဆရာမကိုခွင့်တောင်းပြီး ကြည်ပြာအခန်းရဲ့ရှေ့ပေါက်က ထွက်သွားတယ်။ မကြာဘူး။ ကျွန်တော်တို့ရဲ့ ကပ်လျက်နောက်ခန်းနားက အသံဗလံတွေကို အုတ်အော်သောင်းနင်း ကြားလိုက်ရပါတော့တယ်။

"ဒီမှာ လူတစ်ယောက် အပေါ်ထပ်က ပြုတ်ကျတော့မယ်၊ လုပ်ကြပါဦးဗျ"

"ဟာ . . ခုန်ချတာလား မသိဘူး၊ ဟော့လူ မလုပ်နဲ့နော်"

"ဟဲ့ . . ဟဲ့ . . ကလေးတွေ ဖယ်ကြစမ်း၊ သား . . မခုန်ချနဲ့နော်"

"ဟာ . . ."

ဘာဖြစ်တာလဲ မသိဘူး။ အဲဒီ အသံတွေအားလုံး ရောထွေးဆူညံပြီး ထွက်လာလေရဲ့။ ကျွန်တော်တို့ အတန်းထဲမှာလည်း ဝရုန်းသုန်းကား ဖြစ်သွားကြတယ်။ စိတ်မြန်တဲ့ ကျောင်းသားတစ်ယောက်ပြေးထွက်ကြည့်ပြီး ဟာ . . တွဲလောင်းကြီးလို့ အော်လိုက်တာနဲ့ အတန်းထဲကလူတွေ ဝေါခနဲ ပြေးထွက်ကြည့်တော့တာပေါ့။ သိတဲ့အတိုင်းပဲ တချို့မိန်းကလေးတွေကလည်း ဒါမျိုးဆို တစ်ဖက်လူဖြစ်မှာထက် ကိုယ်မမြင်လိုက်ရမှာကို သိပ်ကြောက်တာ။ သူ့ထက်ငါ လုယက်ထွက်ကြည့်ကြတာပေါ့။

www.burmeseclassic.com


"ဟဲ့ . . ဟဲ့ . . ဘာဖြစ်ကြတာလဲ"

အတန်းထဲက ဆရာမလည်း အော်ရင်းနဲ့ မရတဲ့အဆုံး သူပါထွက်ကြည့်တော့တယ်။ ရုန်းရင်းဆန်ခတ်ဖြစ်နေတဲ့ လူတွေကြားထဲ မိုးသူမကို ရှာကြည့်သေးတယ်။ လူတွေရှုပ်နေလို့ မတွေ့ရဘူး။ သက်နိုင်ထွန်းကတော့ ဝုန်းခနဲ အနားက ပြေးထွက်သွားလေရဲ့။

အော်သံတွေ ပွက်လောရိုက်ပြီး ခဏနေတော့ အခြေအနေက တည်ငြိမ်သွားပါပြီ။ ကျောင်းသားတစ်ယောက်က အပေါ် ထပ်ဝရန်တာမှာ ရှေ့ကိုကိုင်းရင်း အရှိန်လွန်သွားလို့တဲ့။ ဒါတောင် ပြောနေကြသေးတယ်။

"တော်တော် . . . တဲ့ကောင်ပဲ၊ အဲလိုကောင်မျိုး ပြုတ်ကျရမှာ . . ."

"ဆော့စရာရှားလို့ဟယ်၊ အင်္ဂဒေမှာ ကပ်ပြီးပေါက်နေတဲ့ သစ်ပင်ကို လောင်းကြေးနဲ့ လှမ်းဆွဲလို့တဲ့"

"သေမှအေးမှာ၊ ကြံကြံဖန်ဖန် လောင်းရတယ်လို့"

တကယ် ဟုတ်မဟုတ်တော့ မသိဘူး။ ဟိုတစ်ယောက်ကတော့ တွဲလောင်းကြီးနဲ့ ငါးမိနစ်လောက် ဖြစ်သွားရတယ်။ အပြောခံရတာလည်း ပိုးစိုးပက်စက်ပဲ။ ကျွန်တော်ကတော့ ပျင်းလို့ ထကိုမကြည့်လိုက်ဖူး။ ပြောသံတွေပဲ နားထောင်နေလိုက်တယ်။ ဘေးနားကို သက်နိုင်ထွန်းပြန်ရောက်တာနဲ့ မကြာဘူး။ ကျောင်းသားအကုန်လိုလို အတန်းထဲမှာ ပြန်ရောက်ကုန်ကြပြီ။

လှုပ်ရှားမှုတွေ ငြိမ်သက်သွားတော့ မိုးသူမကို တစ်ချက်ကြည့်မိတယ်။ အံ့မယ် . . သူကလည်း ကျွန်တော့်ကို စူးစိုက်နေလို့


www.burmeseclassic.com

www.burmeseclassic.com


ပျော်သွားတာပေါ့။ တကယ်တော့ ကျွန်တော်တင်မဟုတ်ဖူး သက်နိုင်ထွန်းတို့ပါ အကဲခတ်တာပါ။ ဟိုကောင်ကတော့ ချွေးတလုံးလုံးနဲ့ ဒေါသနဲ့ အိုးမှာ ငြိမ်ပြီးထိုင်နေပါပြီ။ မိုးသူမ အကြည့်လွှဲသွားတော့မှ-

"ဟော့ကောင်ငါ ဘယ်လိုလဲ၊ အိုကေရဲ့လား"

"အေး . . ငါပြေးထွက်သွားတော့ ကြည်ပြာက မိုးပွင့်နဲ့ စကားပြောနေတုန်းပဲ၊ အပေါ်ထပ်က အသံတွေကြောင့် မိုးပွင့်က လည်း ကြည့်မလို့ဆိုပြီး ပြေးထွက်သွားတယ်၊ ငါလည်း ဘယ်ရမလဲ၊ ကြည်ပြာကြောင်နေတုန်း အမြန်လုပ်လိုက်ရတာပေါ့"

"မဟုတ်ဖူးလေ၊ မင်း ပရိုပိုစ်လုပ်လိုက်ရလားလို့ မေးတာ"

"ဟီး . . ပြောခဲ့ရပြီကွ၊ ဒီတစ်ခါတော့ အခွင့်အရေးကို ဘယ်လက်လွှတ်ခံမလဲ၊ ပြောပြီး ပြန်ပြေးလာခဲ့တာပေါ့"

ခုမှပဲ သက်ပြင်းကျရတော့တယ်။ ဒီကောင့်မှာတော့ ရည်းစားစကားလေး ပြောလိုက်ရရုံနဲ့ ပျော်တော်ကို ပျော်နေတာ။ ဒီအချိန်သေမယ်ဆိုရင်တောင် သေလို့ရတဲ့အတိုင်းပဲ။ ဟိုတလောကတော့ အသဲကွဲပြီး မူးရူးနေတာ ရပ်ကွက်ထဲ မြင်လို့တောင်မကောင်းဘူး။ အနီးစပ်ဆုံးနှိုင်းရရင် ကျွန်တော့်အသိ ကဗျာဆရာတိုးနှောင်မိုး မုန်တိုင်းတိုက်တုန်းက မူးရူးသောက်စားနေပြီး၊ မုန်တိုင်းလွန်မှ ကယ်ဆယ်ရေးလုပ်ငန်းတွေလုပ်ရင်း ပြန်လာတဲ့အချိန်မှာ ပင်ပန်းနေပေမယ့် ကြည်နူးဝမ်းသာနေတဲ့ မျက်နှာမျိုးပေါ့။ ဘာပဲဖြစ်ဖြစ် သူ့ကို ကြည့်ပြီး ကျွန်တော့်မှာလည်း ဝမ်းသာရပါတယ်။

ကြည်ပြာတစ်ယောက်ကတော့ တို့ဆေးနဲ့ အတို့ခံရသလို အတန်းထဲ ငူငူကြီးဝင်လာတယ်။ ပြီး သူ့သူငယ်ချင်းတွေကြားမှာ



www.burmeseclassic.com

www.burmeseclassic.com



မျော့မျော့လေး ဝင်ထိုင်တယ်။ သူ့ပုံစံကိုကြည့်ပြီး အားလုံးက ဝိုင်းမေးကြတယ်နဲ့တူပါတယ်။ ဒါပေမယ့် စကားမေးမရပါဘူး။ ခေါင်းကိုပဲ တွင်တွင်ခါနေလေရဲ့။ တစ်ခုခု ဆုံးရှုံးလိုက်ရတဲ့ မျက်နှာမျိုးပေါ့။ ပြောရရင် ကျွန်တော့်အသိ စာရေးဆရာမသွေး(စစ်ကိုင်း)က သူ့ဆီမှာ ကဗျာဆရာဝိုင်ချို ပိုက်ဆံချေးပြီး ပြန်မပေးလို့ ဝမ်းပန်းတနည်း ခေါင်းခါနေပုံနဲ့ အတော်တူပါတယ်။ သွေး(စစ်ကိုင်း)ဆိုရင်တော့ လက်ထဲက ဖိုင်ကလေးကို ပေါင်ပေါ်တင်၊ ခေါင်းကလေးခါပြီး ညည်းသလို၊ ဂုဏ်ယူသလိုနဲ့ ဝိုင်ချိုဆိုတဲ့လူက ယူပြီးရင်ပြန်မလာဘူးလို့ ကျေကျေနပ်နပ် အပြစ်တင်နေမှာပါ။ ခုလည်း ကြည်ပြာ့ခမျာ ဒီအတိုင်းထင်ပါရဲ့။

ကြည်ပြာ့အနားကို ခေါင်းတွေပူးသွားကြပြီး မကြာဘူး။ မိုးသူမကအရင် ဝင်းတောက်နေတဲ့ မျက်လုံးတွေနဲ့ ဆတ်ခနဲ လှည့်ကြည့်တော့တယ်။ မတတ်နိုင်တော့ဘူးလေ။ ကိုယ့်အလုပ် ကိုယ်လုပ်ကြတာပဲ။ ချစ်တော့ချစ်တယ် အလိုမလိုက်ဖူးဆိုတာမျိုးပေါ့။ ကျွန်တော့်မှာ ယဲ့ယဲ့လေးပဲ ပြုံးပြလိုက်ရတယ်။

သူ့ရဲ့အကြည့်တွေက ပြင်းလိုက်တာ ကျွန်တော့်မှာ ပြာကျမတတ်ပဲ။ နဂါးမျက်စောင်း မဟုတ်လောက်ပေမယ့် ဖျံတွေတောင် ဖြုံပြီး ဖျားသွားမယ်ဆိုတာလောက်နဲ့တော့ ညီပါတယ်။ ဘာပဲဖြစ်ဖြစ် ပေါ့လေ ဆိုင်ဆိုင်၊ မဆိုင်ဆိုင် ကြံ့ရည်တောင် ကြုံမှသောက်ရတယ် မဟုတ်လား။ ကျွန်တော့်အတွက်ကတော့ ဈာန်တွေတောင် မြုံးပြီး လျှောသွားရတာ အမှန်ပါပဲ။

ဆိုလိုချင်တာကတော့ အချစ်ဆိုတာ ပတ်ဝန်းကျင်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အရောင်ပြောင်းတတ်ကြတာ မဟုတ်လား။ ပင်လယ်မဟုတ်ရင်တောင် သူမကို ကောင်းကင်ဆန်ဆန် ချစ်ချင်ပါတယ်။ ရိုးမယ်ဖွဲ့ရမယ်ဆိုရင်တော့ အချစ်ဆိုတာ သူပေးခဲ့တာ ပုစ္ဆာတစ်ပုဒ်ပါပဲ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၇)

"လာ လာ . . မင်းကိုစောင့်နေကြတာ၊ လာတောင် လာပါ့မလားလို့"

"အေး . . မင်းတို့တောင့်တလွန်းလို့ ကိုယ်ထင်လာပြတာကွ"

ပြောရင်းနဲ့ လွတ်နေတဲ့ခုံမှာ ဝင်ထိုင်လိုက်တယ်။ ကြည့်လိုက်တော့ လူစုံတက်စုံပဲ။ ဘိုဘိုဖြိုးတို့ ဘောစုံတွဲပဲမပါတာ။ ကျွန်တော့်ကို ရွက်ကုန်ဖွင့်တော့မယ်ထင်တယ်။ မနေ့က သူတို့ကို ကျွန်တော် 'မောင်း' ထားတာကိုး။ ခုလည်း ကျွန်တော့်အပြောကို နှာခေါင်းရှုံ့ကြတယ်။

ကိုယ့်ကိုယ်ကိုနှိမ့်ချပြီး ပြန်ပြောရရင် ကျွန်တော်က အနေသွားစေခိုင်းသူ မင်းဧကရာဇ်၊ စကားပြောလိုသူ ငမိုက်သားက သက်နိုင်ထွန်း၊



www.burmeseclassic.com

www.burmeseclassic.com



တွဲလောင်းကြီးနေမျိုးကျော်နဲ့ ပထုတ်သူမိုးပွင့်၊ နောက်ပြီး ပွဲဆူအောင်အော်တဲ့ ဝင်းဇော်တို့ပေါင်းပြီး ဒီပွဲကို ဖန်တီးခဲ့တာပါ။ အရေးကြီးလို့ဆိုပြီး ဒီကောင်တွေ မနေ့က ကူသာကူညီလိုက်ရတယ်။ ဘာမှ ဂယနဂဏ သိခဲ့တာမဟုတ်ဘူး။ တစ်အုပ်စုလုံးကို နေ့လည်စာကျွေးမယ်ဆိုပြီး ချေးတည့်ခဲ့ကြတာပါ။

ခုတော့ သက်နိုင်ထွန်းက အရင်ရောက်နေလို့ သိသွားကြလောက်ပြီ ထင်ပါရဲ့။

"ငါပါရင် ဒီထက် သပ်သပ်ရပ်ရပ်နဲ့ ပွဲပြီးမှာသေချာတယ်"

ထုံးစံအတိုင်း ရန်နိုင်က ဆရာကြီးလေသံနဲ့ စလာတယ်။ မိုးပွင့်က ဒီကောင့်ကို သိပ်ကြည့်ရတာ မဟုတ်ဖူး။ မျက်နှာလေးမဲ့သွားလို့ ဝင်းဇော်က မျက်နှာလို၊ မျက်နှာရ ဝင်လုပ်တယ်။

"မင်းလိုကောင်မျိုးကို အဆင့်မရှိလို့ အရန်ခုံမှာ ထားခဲ့တာပေါ့ ရန်နိုင်ရာ၊ ကိုယ့်ဘဝကိုယ် နားလည်စမ်းပါ"

"ဟေ့ကောင် . . မင်းက ဘယ်လောက်အဆင့်ရှိလို့လဲ၊ ဝေလေလေအော်ရတဲ့ ကောင်ကများ . . ."

နှစ်ကောင်သား ထငြိပါတော့တယ်။ နေမျိုးကျော်က ဝင်ပြီး သမတယ်။

"ကဲ . . အကြီးကောင်ရော၊ အငယ်ကောင်ရော တော်ကြတော့"

"ဟုတ်ကဲ့ပါ ယောက်ဖကြီး . . ."

တိုင်ပင်စရာမလိုဘဲ ဝင်းဇော်နဲ့ ရန်နိုင်တို့ရဲ့ပါးစပ်က ပြိုင်တူထွက်သွားကြတယ်။ ဒါမျိုးဆို ဒီကောင်နှစ်ကောင် အတွဲညီတယ်။

www.burmeseclassic.com



နေမျိုးကျော်မှာ ကိုယ့်စကားနဲ့ကိုယ် ခံလိုက်ရတယ်။ သူက သဘော တစ်မျိုးနဲ့ ပြောလိုက်ပေမယ့် ညီမနှစ်ယောက်ရှိနေတာကို သတိလွတ် သွားတယ်ထင်ပါရဲ့။ ရယ်သံတွေ စည်စေသွားပါတယ်။ ကျွန်တော် တို့အုပ်စုက ဒီလိုပဲ ဦးရာလူစနစ်နဲ့ သမဝါယမခေတ်မှာ နေကြတာပါ။

နောက်ပြောင်ရင်းနဲ့ စကားလမ်းကြောင်းက ကျွန်တော့်ဆီ ပြန်လှည့်လာတယ်။

"ကဲ . . ကိုစည်သူ၊ ကျွန်တော်တို့အနေနဲ့ ဇာတ်လမ်းကို တော့ သိရပါပြီ၊ ခုလို ကိုစည်သူ ကူညီနေတာ သဘောရိုးမှ ဟုတ်ပါ ရဲ့လား ခင်ဗျာ"

ရန်နိုင်က အီကြာကွေးကို မိုက်ကလိုဖုန်းလုပ်ရင်း ကျွန်တော့် ပါးစပ်နားကပ်ပြီး မေးတယ်။ အင်တာဗျူးကတော့ စပါပြီ။ ကျွန်တော် က မလိုအပ်ဘဲ စဉ်းစားလိုက်ပြီးမှ . . .

"ဟုတ်ကဲ့ . . ဘယ်လိုပြောရမလဲ၊ ပါးစပ်နဲ့ပေါ့နော်၊ ဒီကိစ္စ က ဘယ်လိုခေါ်မလဲ၊ လာပါဦးပေါ့၊ လိုရင်းကို အဆုံးသတ်ရရင် အရှုံးအမြတ်ဆိုတာ တွက်လို့မရပါဘူး၊ ညောင်စေ့လောက်လှူလည်း ညောင်ပင်ကြီးလောက် ရတယ်မဟုတ်လား၊ ကျွန်တော်တို့ မြတ်စွာ ဘုရားကိုယ်တော်မြတ်ကြီး ဟောကြားခဲ့သလို လူရယ်လို့ဖြစ်လာရင်"

"ဟော့ကောင် တော်တော့ . . တော်တော့ . . ဘာကောင် မှန်းမသိဘူး"

"အဲဒါကိုပြောတာပေါ့၊ ဟောရင်းပြောရင်းသာ ပျံလွန်တော်မူ ရမှာယ်၊ မင်းတို့ကောင်တွေ ဘာမှနားလည်မှာ မဟုတ်ဖူး"

"အောင်မာ . . မင်းဟာမင်း ဝန်မခံဘဲ ဝေ့လည်ကြောင်ပတ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေပြီးတော့"

"အေးလေ . . စည်သူနော်၊ ငါ့မှာတော့ ဘာမသိ၊ ညာမသိ နဲ့ ကြည်ပြာ့ကို ခေါ်ထုတ်ပေးလိုက်ရတာ၊ ဟိုက ထွက်လာတော့ ဘာစပြောရမှန်း မသိဘူး"

"အေး . . မိုးပွင့် လုပ်စမ်းပါဦး၊ တွေ့တော့ ကြည်ပြာက ဘာပြောသေးလဲ"

ကျွန်တော့်ကို အစ်အောက်နေရင်း စကားက လမ်းကြောင်း ပြန်ပြောင်းသွားတယ်။ မိုးပွင့်က ရင်ဘတ်ကလေးဖိပြီး . . .

"အမလေးဟယ်၊ ကြည်ပြာထွက်လာတော့ ငါလည်း ကြံရာ မရတာနဲ့၊ ဟို . . မေဦးရဲ့ ရေးပေးပါစာအုပ်လေးကို မကြည်ပြာဆီ မှာဆိုလို့ လာယူတာပါပေါ့ဟာ"

"အဲဒီတော့ သူတို့ဘက်က ဘာပြောလဲ"

ကျွန်တော် ဝင်မေးလိုက်တာပါ။

"ဘာပြောရမလဲ၊ ကြောင်တက်တက် ဖြစ်နေသေးတယ်၊ ပြီးမှ မေဦးဆိုတာလည်း မသိဘူးတဲ့၊ စာအုပ်လည်း သူ့ဆီမရောက် ပါဘူးလို့ ပြောတယ်၊ ကိုသက်နိုင်ကလည်း မရောက်လာသေးတော့ ငါက စကားဆက်ရတာပေါ့"

"သူတို့ဘက်က ဘာပြောလဲ"

"ဟဲ့ . . ငါမပြောရသေးဘူးလေ၊ ငါက ဒီအခန်း၊ ဒီနာမည် ပဲ မမှားပါဘူးလို့ ပြောရတာပေါ့"

"သူတို့ဘက်က ဘာပြောသေးလဲ"

မိုးပွင့် မျက်မှောင်ကုတ်လာပါတယ်။ ကျွန်တော့်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြိုလ်ကြည့်ပြန်ကြည့်တယ်။ ပြီးမှ . . .

"အဲဒါနဲ့ဟယ်၊ အဲဒီအချိန်မှာ အော်သံတွေ ကြားရတော့တာပဲ"

"ဘာပြောသေးလဲ၊ သူတို့ဘက်က . . ."

"စည်သူ . . ခွေးကောင်၊ ဘာသူတို့ဘက်က ပြောရမှာလဲ၊ နင်နေ့ာ် ငါမသိဘူးများ မှတ်နေလား"

လိုက်စနေတာကို မိုးပွင့်ရိပ်မိသွားတော့တယ်။ နေမျိုးကျော်က တစ်ခန်းထလာသေးတယ်။

"မင်းတို့က ပျော်နေ၊ ငါ့မှာတော့ တွဲလောင်းကြီးဖြစ်လို့"

"တွဲလောင်းလေးပါကွာ၊ မိုးပွင့်တောင် မြင်လိုက်တယ်လို့ ပြောတယ်"

"ဟာ . . ."

"ဟဲ့ . . စည်သူ"

ရှေ့က ရေမွှေးခွက်နဲ့ မိုးပွင့်က ထပက်ပါတော့တယ်။ ထပက်တယ်ဆိုတာ သေသေချာချာ မတ်တပ်ရပ်ပြီး ချိန်ပက်တာတော့ မဟုတ်ပါဘူး။ ရုတ်တရက် လှမ်းပက်လိုက်တာမျိုးပါ။ ဒီလောက် ရှက်ရမ်းရမ်းရအောင်လည်း တွဲလောင်းကြီးနဲ့ တွဲလောင်းလေးက ဘာကွာလို့လဲဆိုတာ စဉ်းစားလို့မရဘူး။ အကုန်လုံးကတော့ ကိုယ့်အဓိပ္ပါယ်နဲ့ကိုယ် ရယ်နေတော့တာပဲ။

ရယ်သံတွေပါးသွားတော့ ရန်နိုင်က ရုပ်တည်နဲ့မေးလာတယ်။

"သက်နိုင် စလာပြောတုန်းက ဒီကိစ္စကို ဒီလောက်ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ မထင်မိဘူး၊ ခင်ဗျားကောင်မလေးက ဒီအတိုင်းဆိုရင် မဟုတ်သေးဘူးထင့်တယ်၊ တမင်သက်သက် လှည့်စားနေတာနဲ့ မတူဘူးလား"

စကားအဆုံးမှာ သက်နိုင်ထွန်းက ဗျာယိဗျာယာနဲ့ လက်ကာပြရင်း . . .

"ဟာ . . မဟုတ်ဖူးဗျ၊ တကယ်တော့ ဒီကိစ္စက ကျွန်တော်အဖြစ်သည်းလွန်းလို့ ဖြစ်ရတာ"

ပြောရင်း လဒလေးက ရှက်ကိုးရှက်ကန်းတွေ ဖြစ်နေသေးတယ်။ မိန်းကလေးတစ်ယောက်လည်း ဝိုင်းထဲမှာရှိတာကိုး။ ဟိုကုတ်ဒီကုတ်လုပ်ပြီးမှ . . .

"အစတုန်းကတော့ ကြည်ပြာက အေးအေးဆေးဆေးပါပဲ၊ ကျွန်တော်က တွေ့တာနဲ့ မနေနိုင်၊ မထိုင်နိုင် ရည်းစားစကားတွေချည်း သွား,သွားပြောမိနေတာ"

"မင်းဖုံးစံကြည့်ပြီး ယုံပါတယ်၊ အဲဒါ သူတို့ဘက်က ဘာပြောလို့လဲ"

"ဟာ . . စည်သူ ခဏနေပါဦးကွာ"

"အေး . . စိတ်ချမ်းသာသလိုသာ ပြောတော့"

"အင်း . . ကျွန်တော်လည်း တွေ့တာနဲ့ မရှောင်နိုင်ဖြစ်နေတော့ ကြည်ပြာရှက်လာတယ်နဲ့ တူပါတယ်၊ ကျွန်တော်က ဘယ်သူရှိရှိ ဂရုစိုက်တာ မဟုတ်ဖူးလေ၊ နောက်တော့ ကြည်ပြာက ကျွန်တော်ပြောခဲ့သမျှကို ဘောင်မဝင်ဘူးတဲ့၊ သူ့ကို တကယ်ချစ်ရင် လူတွေကြားထဲမှာ မပြောပါနဲ့တဲ့၊ အနားမှာ ဘယ်သူမှမရှိတဲ့အချိန်မှ ပြောပါ



www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ အဲဒါမှ တရားဝင်လို့ သတ်မှတ်မယ်လို့ အပြတ်ပြောလိုက်တာ"

"ပညာပေးတာပေါ့"

"ဟုတ်မှာပေါ့၊ ဒီကောင်ကလည်း ပညာရှင်နို့သောက်စို့ချင်တဲ့ ကောင်ကိုး . . ."

"စည်သူ . . မင်းဝင်မပါတော့နဲ့ကွာ"

ကျွန်တော့်ပါးစပ်ကလည်း ဒီလိုပဲ။ အရိုးမရှိတာတော့ မဟုတ်ဖူး။ အရိုးရှိရင်လည်း လိုက်ထိုးနေမိမယ်ထင်တယ်။ ခုတော့ လျှာပျော့ပျော့ကြီးကို ပါးစပ်ထဲ ပြန်လိပ်သွင်းလိုက်ရတယ်။ သက်နိုင်ထွန်းက ဆက်ပြောပြန်တယ်။

"ဟုတ်တယ်ဗျ၊ တကယ်ကို ပညာပေး . . အဲ . . သွေးတိုးစမ်းတာပေါ့"

"ပြောလိုက်ပေါ့၊ ဆီးချိုလည်း ရှိတယ်လို့"

"ဟာ . . စည်သူ၊ ဟော့ကောင် ငါတို့နားထောင်နေတယ်လေကွာ"

နေမျိုးကျော်က ဝင်ပြီးငေါက်ငမ်းတော့တယ်။ သိပြီးသားတွေမို့ ကျွန်တော်ဝင်နှောက်နေတာပါ။ သက်နိုင်ထွန်းကတော့ ကျွန်တော့်ကို ဂရုမစိုက်တော့ဘူး။

"အဲ . . ဘယ်ရောက်သွားလဲ၊ ဩော် . . အဲလိုပြောပြီးကတည်းက သူ့သူငယ်ချင်းတွေနဲ့ ကပ်နေတော့တာ၊ အိမ်ပြန်ရင်တောင်တစ်လမ်းတည်းနေတဲ့ သီရိက ကြည်ပြာ့ကို အရင်ဝင်ပို့တာ၊ ပထမတော့ ကျွန်တော်လည်း လွယ်မယ်လို့ထင်ထားတာ၊ နောက်တော့ လုံးဝကို အခွင့်အရေးမရတော့တာဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ စည်သူဆီ ရောက်လာတာပေါ့"

မျက်နှာငယ်လေးနဲ့ သက်နိုင်ထွန်းခေါင်းညိတ်ပြတယ်။ ပြီးမှ-

"ခုတော့ ပြောလိုက်ရပါပြီဗျာ၊ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် . . ."

"ဘာဖြစ်လို့လဲ၊ ခင်ဗျားပြောတာကို လက်မခံလို့လား"

ဝင်းဇော်က ဝင်မေးတယ်။ သက်နိုင်ထွန်းက မချိပြုံးနဲ့ . . .

"လက်တော့ခံပါတယ်ဗျာ၊ ဒါပေမယ့်ဆိုတာက ဒီပုံစံနဲ့ပဲ အဖြေတောင်းရဦးမယ်လေ၊ ရင်လေးလို့ပါဗျာ၊ ပြီးတော့ မိုးသူမဆိုတဲ့ သာသနာ့ဖျက်ကလေးက ပါလာပြီဆိုတော့ . . ."

"ဟေ့ကောင် . . အဲလိုတော့ မပြောနဲ့ကွာ"

ဒီတစ်ခါတော့ ကျွန်တော်ငြိမ်မနေနိုင်တော့ပါဘူး။ ပေါ်တင်ကြီး ကန့်ကွက်လိုက်တယ်။

"မင်းက ကြားထဲက ဘာဖြစ်နေရတာလဲ"

နေမျိုးကျော်က စပ်ဖြဲဖြဲနဲ့ မေးတော့တယ်။ အမေးရှိလို့ ဖြေရပါတယ်။ ကြော်ငြာထဲကလိုပေါ့။

"အဟီး . . ငါကြိုက်လို့ကွ"

"သူ့ဘက်က ဘာပြောသေးလဲ"

မိုးပွင့်က ခံထားရလို့ ကျွန်တော့်ကို ပြန်တွယ်ပါတယ်။ နောက်ကြော်ငြာတစ်ခုနဲ့ ပြန်ဖြေလိုက်တယ်။

"ဩော် . . ကိုစည်သူရယ်တဲ့၊ ရည်းစားရတော့လည်း အဖတ်တင်တာပေါ့တဲ့"

"ပေါ်တောတော်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ . . အဲလို အရည်အသွေးမကောင်းတဲ့ ပစ္စည်းတွေကြောင့် ခေါင်းအမြဲကိုက်နေရတာ"

မိုးပွင့်က ခေါင်းလေးဖိပြီး နောက်သလို ဆက်ပြောသေးတယ်။ ဘယ်ရမလဲ။ စည်သူ့ကို ဒါမျိုးစမ်းလို့။ ခေါင်းကိုက်နေတယ်ဆိုတော့လည်း . . .

"ကျွန်တော် ဆရာဝန်တစ်ယောက်ပါ"

ဆိုပြီး နှုပ်ခါးဖတ်လေး ကလော်ပေးလိုက်တာပေါ့။ တကယ်ပါ။ ကျွန်တော်တို့တစ်ဝိုင်းလုံး ရှယ်သံတွေနဲ့ ရင်ဘတ်ချင်း ကြိုးတွေညှိနေခဲ့တယ်။

အဲဒီအချိန်မှာပဲ ကျွန်တော့်ကျောကုန်းကို တစ်ခုခုလာမှန်လို့လှည့်ကြည့်မိတယ်။ တွေ့ပါပြီ။ လက်ရပ်ပြီး လှမ်းခေါ်နေတာက မိုးသူမ (ခေါ်) သူမ (ခေါ်) အာဖရိကတိုက်လေး (သို့) ကျွန်တော့်ရဲ့ ဆိုင်ခီလေးပါ။ လာဦးဆိုပြီး ခပ်တည်တည်ခေါ်နေတာပါ။ တစ်ကိုယ်တော်ဆိုပေမယ့် ရဲရဲလင်းလင်းခေါ်နေလေရဲ့။

ကျွန်တော်တို့ဝိုင်းက လူတွေလည်း ကြောင်အမ်းနေကြတယ်။ မထင်ထားတဲ့ ဖြစ်စဉ်ကြောင့်လား မသိဘူး။ တစ်ယောက်တည်းလာပုံထောက်ရင် ကျွန်တော့်ဆရာမလေးက ခေသူတော့ မဖြစ်နိုင်ဘူး။ သိုင်းနဲ့ချလည်း ခံရမှာပဲလေ။ ချစ်တာကိုး။

ကျွန်တော် ထသွားလိုက်တယ်။ အင်း . . အာဖရိကတိုက်ပေါ် ခြေချမိပြီထင်ပါရဲ့။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၈)

"ကဲ . . ဆို . . ."

ပါးစပ်ကပြောရင်း တင်ပါးက ခုံပေါ်ရောက်သွားတယ်။ ခပ်တည်တည်နဲ့ ဌာနကရိုင်းကျကျ ဝင်ထိုင်လိုက်တာပါ။ ကျွန်တော့် စကားအတိုင်း သူက သီချင်းထမဆိုပါဘူး။ ကျွန်တော့်မှာလည်း ဂစ်တာမပါသွားဘူး။ ဒါပေမယ့် သူ့ပါးစပ်က ကြိုးမညီသလို မကျေမနပ်သံလေး ထွက်လာပါတယ်။

"ဘာ . . ဘာကိုဆိုရမှာလည်း . . ."

"ဟောဗျာ . . မသိဘူးလေ၊ ခင်ဗျားပဲ ကျွန်တော့်ကို လမ်းခေါ်ပြီးတော့၊ ကျွန်တော်က ခေါ်တိုင်းလိုက်တဲ့ အစားမျိုးမဟုတ်ဖူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ . . ပြောပုံကိုက ကြည့်လို့ကိုမရဘူး"

"ဗုဒ္ဓေါ၊ ခင်ဗျားပဲ တိတိကျကျ လှမ်းခေါ်တာနော်၊ ကျွန်တော်က ပလူးပလဲနဲ့ လာကပ်တာမဟုတ်ဖူး"

"တော်ပါတော့၊ ကြာရင် ကျွန်မကပဲ ခေါ်တိုင်းလိုက်တဲ့ အစားလိုလို၊ ပလူးပလဲပဲ ခေါ်လုပ်သလို ဖြစ်တော့မယ်"

ဒါမျိုးကျတော့ သူက ပေါက်ပေါက်ရှာရှာ တွေးမိနေသေးတယ်။ ကျွန်တော်က နိုင်ငံခြားမင်းသားလို ဟန်ပါပါပခုံးလေးတွန့်ပြီး . . .

"အဟဲ . . မထင်ရက်ပါဘူးဗျာ၊ ပြောလေ ကိစ္စကို . . ."

"ရှင်က စည်သူနော်"

"အစစ်ပဲ၊ စည်သူမှ တစ်သူတည်းရှိတာ၊ ခင်ဗျားနဲ့တွေ့မှ နှစ်သူဖြစ်သွားတော့တယ်"

သူမ မျက်ခုံးနှစ်ဖက်တွန့်ကွေးသွားတယ်။ ဟုတ်တယ်လေ။ သူ့နာမည်မှာလည်း 'သူ' ဆိုတာ ပါတာကိုး။

"နေစမ်းပါဦး၊ ရှင်က ဘာဖြစ်လို့ အောင်သွယ်လိုက်လုပ်နေတာလဲ"

မေးတော့လည်း ဒဲ့ကြီးပါလား။ မင်းကိုချစ်လို့ဆိုပြီး ဖြေလိုက်ရင်ကောင်းမယ်။ ဒါပေမယ့် မဖြေဖြစ်ပါဘူး။ သူက ဒဲ့ဆိုတော့ ကိုယ်ကလည်း တွတ်မနေဘဲ ဒဲ့ပဲ ပြန်မေးလိုက်တယ်။

"ဒါနဲ့ . . ခင်ဗျားကကော ဘာဖြစ်လို့ မကျေမနပ် လိုက်ဖျက်နေရတာတုန်း"

"ကျွန်မက အကြောင်းရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ထင်ပါတယ်၊ ခင်ဗျားမှာ အကြောင်းလေးတော့ ရှိကိုရှိလိမ့်မယ်လို့၊ အဲလိုပဲ ကျွန်တော့်မှာလည်း အကြောင်းရှိလို့ပေါ့ဗျာ"

"ရှင် စကားကို ကပ်မပြောပါနဲ့"

"ဟောဗျာ၊ ပြောဆိုလို့လည်း ပြောရသေးတယ်၊ အကြောင်းရှိတယ်ဆိုတာ မယုံဘူးပေါ့၊ ပြရမလား"

"ဘာရှင့် . . ."

"အာ . . အဟဲ . . စကားပြောလော်သွားလို့၊ ပြောပြရဦးမလားလို့ ပြောတာ"

"မသိချင်ပါဘူး ပြောမနေနဲ့"

"ရော် . . ခက်တော့နေပါပြီ၊ ခင်ဗျားက အဲဒါသိချင်နေလို့ ခေါ်မေးတာ မဟုတ်ဖူးလား"

"မဟုတ်ဖူး၊ ရှင် အောင်သွယ်လုပ်နေတယ်ဆိုရင်လည်း ရပ်တန်းကရပ်ဖို့ ခေါ်သတိပေးတာ"

ဒင်းကလေးက အလာကြီးပါလား။ စိတ်ထဲမှာ 'ဟာ . . ဟ' လို့တောင် ဖြစ်သွားတယ်။ ကျွန်တော့်ကို တကယ်ကြီးခေါ်ပြီး ပိုင်စိုးပိုင်နင်းနဲ့ သတိပေးနေတာပါ။ သူ့ရုပ်လှလှလေးကိုလည်း ခုန္ဒစ်ခေါက်ခွဲလောက် ချိုးထားသေးတယ်။ ဒါမျိုးလုပ်ထားတာတောင် သိပ်ချစ်စရာကောင်းနေသေးတယ်ဆိုတာ အမြင်ကတ်မှာစိုးလို့ ထုတ်ပြောမနေတော့ပါဘူး။

"ဒီလိုလုပ်ပါလား၊ ခင်ဗျား သတိလာပေးတာဆိုရင် ငြိမ်ယူသွားလိုက်ပါလို့ပဲ ပြောပါရစေ"

သူမ မျက်မှောင်ထပ်ကျုံ့သွားတယ်။ ခုမှပဲ မျက်နှာရှစ်ခေါက်



www.burmeseclassic.com

www.burmeseclassic.com



ခိုးသွားတော့တယ်။ တကယ်တော့ မျက်နှာကို တစ်ခေါက်၊ နှစ်ခေါက် ဘယ်လိုချိုးရမှန်းလည်း ကျွန်တော်မသိပါဘူး။ နားလည်လွယ်အောင် ပြောရတာပါ။ အဲဒီမျက်နှာပေးနဲ့ညီတဲ့ အသံမာခေါက်ခေါက်ကလေး တလည်း ထွက်လာသေးရဲ့။

"ဩော် . . ရှင်က လက်မခံဘူးလို့ဆိုတာပေါ့"

"အင်းလေ၊ ခင်ဗျားက လက်ပေးနေတာမှ မဟုတ်တာကိုး"

"ရှင်နော်၊ လက်ပေးရအောင် ကျွန်မက ခွေးမှမဟုတ်တာ"

"မဆိုလိုပါဘူးဗျာ၊ ဒီလိုပါ၊ ခင်ဗျား သတိလာပေးရအောင် ကျွန်တော်က ရာဇဝတ်မှုတွေ ကျူးလွန်နေတာလည်း မဟုတ်ဖူး၊ လူမှုရေးဖောက်ဖျက်နေတာလည်း မဟုတ်ဖူး၊ တစ်မြေထဲနေ တစ်ရေထဲ သောက်ပြီးတော့ တစ်ကိုင်းထဲနားရအောင် ရှင်ကြားစေ့ပေးနေတာ ပါဗျာ"

"အို . . ဘာပဲဖြစ်ဖြစ် ရှင် ရပ်တန်းကရပ်လိုက်ပါ"

"ဟာဗျာ၊ ဘာဖြစ်လို့ ဒီလောက်ကြီး ဖြစ်နေရတာလဲ၊ နားမလည်တော့ဘူး"

သူမဘက်က ခါးခါးသီးသီးကိုဖြစ်နေလို့ ပြန်မေးရတော့တယ်။ သူ့မှာ ဘာခံစားချက်ရှိနေလို့လဲ မသိဘူး။ ကျွန်တော့်ကို ခပ်စိမ်းစိမ်းပြန်ကြည့်ရင်း . . .

"ရှင် နားမလည်တာကို ရှင်းမပြနိုင်ဘူး၊ မလုပ်ပါနဲ့လို့ပဲ ထပ်ပြောပါရစေ"

"လုပ်ရင်ကော . . ."

"လုပ်ကြည့်လေ၊ ရှင် လုပ်မယ်ဆိုရင် ကျွန်မလိုပဲဖျက်နေ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ၊ စမ်းကြည့်ပါ"

စမ်းကြည့်ရင်တော့ အိစိစိလေးနေမှာပါ။ လက်မောင်းအသားလေးကို ပြောပါတယ်။ ကျွန်တော့်စိတ်ထဲမှာ ဒီကောင်မလေး စိတ်ရောဂါတစ်ခုခုများ ရှိနေလားလို့ သံသယဖြစ်မိလာတယ်။ အတွေးမဆုံးခင်မှာပဲ . . .

"ဘာလဲ . . ရှင်က လူကို ဂေါက်နေတယ်ထင်လို့လား"

"ဟာ . . ."

ကျွန်တော် လန့်သွားရတယ်။ ဒီလောက်သိနေရင် သူမစကားအတိုင်း ဂေါက်နေတာတော့ မဖြစ်နိုင်ဘူး။ ဒါဆိုဘာဖြစ်လို့ အောင်သွယ်လိုက်လုပ်မှာကို ကြောက်နေတာလဲ။ အကြောင်းတော့ လုံးဝရှိရမယ်လို့ စဉ်းစားနေတုန်း . . .

"သိပ်စဉ်းစားမနေပါနဲ့၊ ရှင် အဲဒါတွေ လိုက်လုပ်နေလည်း ကျွန်မက ကြောက်မှာမဟုတ်ဖူး"

"ဟာဗျာ . . စိတ်ညစ်လာပြီ"

"အဲဒါကြောင့် ကိုယ့်ဟာကိုယ် အေးအေးဆေးဆေးနေပါလို့ ပြောတာပေါ့"

"အဲဒါတော့ မဖြစ်ဘူးဗျ"

"အောင်မာ . . ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ ကျွန်မနဲ့ ထိပ်တိုက်တွေ့ချင်သေးလို့လား"

သူမစကားကြောင့် ပြုံးမိတယ်။ ထိပ်တိုက်ရုံတင် မဟုတ်ဘူး။ ရင်ဘတ်ချင်းလို့ပြောရင်လည်း တစ်မျိုးတွေးကြဦးမယ်။ ဆိုလိုချင်တာက သူမနဲ့ကျွန်တော် နှလုံးသားချင်း တိုက်မိချင်တာပါ။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ပြောရတော့တယ်။

"ဒီလိုဗျာ၊ ကျွန်တော်က ဒီတစ်ယောက်ကို ကူညီတော့ တခြားသူငယ်ချင်းတွေကပါ အကူအညီလာတောင်းကြတယ်လေ၊ တက္ကသိုလ်ကျောင်းသားဆိုတာ မျက်နှာမလိုက်သင့်ဘူး မဟုတ်လား၊ တစ်ယောက်ကိုကူညီရင် နောက်တစ်ယောက်လည်း ကူညီရဦးမှာပဲလေ၊ ပြီးတော့ ကျွန်တော့်မှာလည်း အကြောင်းတကယ်ရှိလို့ပါ"

"ဒါ . . ရှင့်စကားအကုန်ပဲပေါ့"

"ခင်ဗျားဆန္ဒရှိရင်တော့ တခြားအကြောင်း ပြောပြချင်ပါသေးတယ်၊ အချစ်အကြောင်းတို့ ဘာတို့ပေါ့"

သူမမျက်နှာလေး ပန်းရောင်ပြေးသွားသေးတယ်။ ချက်ချင်းပဲ စိတ်ပြန်တိုလာတဲ့ပုံစံနဲ့ . . .

"ရှင်နဲ့ ကျွန်မကြားမှာ တခြားအကြောင်းပြောစရာ ဘာမှ မရှိဘူး၊ ဒါပဲ . . ."

ပြောပြီး ထသွားဖို့ပြင်တယ်။ မဖြစ်သေးဘူး။ အမြန်ပဲ လိုက်ပြောလိုက်ရတယ်။

"ဟိတ် . . စားထားတာ ရှင်းသွားဦးလေ၊ ပိုက်ဆံအပိုမပါဘူးဗျ"

ခြေလှမ်းတုန့်ခနဲရပ်သွားပြီး သူမရှက်သွားပုံပေါ်တယ်။ တစ်ထောင်တန်တစ်ရွက်ကို ဆောင့်ကြီး၊ အောင့်ကြီးနဲ့ ခုံပေါ်ပစ်ချပြီး . . .

"မရှိရင်လည်း ပိုတာယူထားလိုက်တော့"

"ဟုတ်ကဲ့ . . နောက်လည်းကြုံရင် ခုလိုခေါ်ကျွေးမြင့်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်”

သူမ လှည့်မကြည့်တော့ပါဘူး။ ခေါ် ရှင်းလိုက်တော့ ပိုက်ဆံက တစ်ရာ့ငါးဆယ်ပဲပိုတယ်။ သူပြောသွားတာတွေနဲ့ မတန်လိုက်တာ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အကောင်းဖက်က လှည့်တွေးပါတယ်။ ဒီလိုသာ တစ်ရာ့ငါးဆယ်ပိုနေရင် နောက်ထပ်ကိုးကြိမ်တွေ့ဖို့ လိုနေပြီလို့လေ။ ဒါမှ သူမဆီက ထောင့်ငါးရာရမှာကိုး။

နာမည်ကိုယ်စီမှာ ‘သူ’ ပါတဲ့နှစ်ယောက် ‘လူ’ ချင်းတွေ့ကြပြီးတော့ ကျွန်တော် လူလူသူသူပဲ သူငယ်ချင်းတွေဆီ ပြန်လာခဲ့လိုက်တယ်။ တစ်ယောက်တစ်ပေါက်နဲ့ ဝိုင်းမေးကြတော့ ဘာမှမဖြေသေးဘဲ အပြုံးကြီးပြုံးနေလိုက်ပါတယ်။ ကျွန်တော် ပြောချင်တာကတော့ အပြုံးကြီးဆိုတာ အပြီးကြုံးတော့မယ့်သဘောပါပဲ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၉)

အဲဒီနေ့ ကျောင်းကပြန်လာပြီး နောက်သုံးရက်လောက်အထိ ကျွန်တော် ကျောင်းမတက်ဖြစ်ဖူး။ သူမတို့မနိုင်လို့ အိမ်မှာ သုံးရက်လုံးလုံး အန္တိုးကျင့်နေတာလည်း မဟုတ်ပါဘူး။ ကိုယ့်ကိစ္စနဲ့ကိုယ် မတက်ဖြစ်တာပါ။

အိမ်မှာ မေမေက ဗိုက်အောင့်လို့ဆိုပြီး ဆေးခန်းလိုက်ပို့ခိုင်းတယ်။ ရောက်တော့ အစာအိမ်အူအတက်ပေါက်လို့ဆိုပြီး ချက်ချင်းဆေးရုံတင် ခွဲစိတ်ကုသရတယ်။ ခုတော့ ကောင်းသွားပါပြီ။ အူအတက်လေးထဲဝင်ပြီး ဒုက္ခပေးသွားတာက မာလကာစေ့။ မေမေက မာလကာသီး သိပ်ကြိုက်တယ်။ သီရိမင်္ဂလာဈေးကကို ဆယ်လုံးဆယ့်ငါးလုံး ဝယ်ထားပြီးစားတာ။ အဲဒီ မာလကာစေ့လေးကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မေမေအတော်ခံစားလိုက်ရပြီး ကျွန်တော်နဲ့ဦးလေးလည်း တော်တော် စိတ်ပူအလုပ်ရှုပ်သွားရတယ်။ အလုပ်သာရှုပ်နေရတာ ဆေးရုံနဲ့အိမ် ပြေးရင်း မိုးသူမဆိုတဲ့ ကျွန်တော့်ရဲ့ချစ်သောသူလေးကိုတော့ သတိရ သား။ ခုချိန်ဆို ဘယ်သူမှ တာဝန်မပေးထားတဲ့ အဖျက်လုပ်ငန်းတွေ ကို ဘယ်လောက်ဦးဆွေးဆံမြေ့ ထမ်းဆောင်နေပြီလဲ မသိဘူး။

ဒီနေရာမှာ မေမေ့ရဲ့တစ်ဦးတည်းသော မောင်၊ ကျွန်တော့် ရဲ့ချစ်လှစွာသော ဦးလေးအကြောင်း ပြောထားရဦးမယ်။ (ဒါဆို ဒီဇာတ်လမ်းရဲ့ အထွဋ်အထိပ်အပိုင်းမှာ ဦးအောင်အေးဆိုတဲ့ ဘဲကြီး တစ်ပွေ ဝင်မွှေတော့မယ်ဆိုတာ ပရိသတ်ကြီး ရိပ်မိနေလောက်ပါပြီ။) ဦးလေးက လူပျိုကြီးပါ။ ကျွန်တော်နဲ့ကလည်း သူငယ်ချင်းတွေလို ပေါင်းကြတာ။ ဖေဖေကလည်း သင်္ဘောသားဆိုတော့ ပင်လယ်ထဲ မှာ အနေများတယ်။ မေမေ ဗိုလ်ချုပ်ဈေးမှာ ဈေးထွက်ရင်၊ ကျွန် တော်ကျောင်းသွားရင် သူက အိမ်စောင့်ကြီးပေါ့။ ဒီအသက်၊ ဒီအရွယ် အထိလည်း ဦးလေးဘာမှအလုပ်လုပ်ခဲ့တာ မမြင်ဖူးဘူး။ တခြား အလုပ်မပြောနဲ့ မိန်းမတောင်ယူတာ မဟုတ်ဘူးလေ။ ဘွဲ့တစ်ခု လူရှိသေ၊ ရှင်ရှိသေ ရပြီးကတည်းက အိမ်မှာပဲ အငြိမ်စား (အငြိမ်း စားမဟုတ်ပါ) လုပ်နေတာ။ မိန်းမသာ မယူတယ်။ ဦးလေးအိပ်ခန်း ထဲမှာ ပီမိုးနင်းရေးတဲ့ မိန်းမစိတ်ကျမ်း၊ ကာမသိဒ္ဓိကျမ်းတို့၊ ချစ်မှု ရေးရာစာအုပ်တွေ၊ မိန်းမနဲ့ပတ်သက်တဲ့ စာအုပ်တွေက အများကြီး ပဲ။ နောက်ဆုံး တက်ဘုန်းကြီး၊ နန်းဟာဝီးနဲ့ တက္ကသိုလ်နေဝင်းမြော့် လိင်သဘာဝသမိုင်းဆိုတာတွေပါ ရှိသေးတယ်။ ထားပါတော့ဒါတွေ ဖတ်ပြီး ဦးလေးမိန်းမ,မယူတာ ဘာကြောင့်လဲလို့မေးရင် မရလို့ပါ



www.burmeseclassic.com

www.burmeseclassic.com



လို့ပဲ ဖြေရမယ်။ သူ့ရဲ့တဦးတည်းသော ချစ်သူကို မမေ့သေးတာလဲ ဖြစ်နိုင်တာပေါ့။

ဆေးရုံကို ဦးလေးနဲ့ လူချင်းလဲစောင့်ဖို့ဆိုပြီး ကျွန်တော် ရောက်သွားတယ်။ ဟိုရောက်တော့ အခန်းထဲမှာ ဧည့်သည်တစ်ယောက်ကလည်း ရောက်နေတယ်။ ပုံစံကိုကြည့်ပြီး ဗိုလ်ချုပ်ဈေးထဲက မေမေ့မိတ်ဆွေ အမျိုးသမီးတစ်ယောက်ဆိုတာ ခန့်မှန်းလို့ရပါတယ်။ မေမေ့လောက် အသက်မကြီးသေးပေမယ့် ပုံစံက ခေတ်မီလန်းဆန်းနေတာကိုး။

ကုတင်ပေါ်မှာလှဲနေရင်း မေမေက ကျွန်တော့်ကို မိတ်ဆက်ပေးပါတယ်။

"သီသီ . . အဲဒါ မမသားလေ စည်သူတဲ့၊ ကျောင်းတက်တုန်းပဲ၊ ခု သူလည်း ကျောင်းပျက်နေရတယ်"

"ဟင်း ဟင်း . . မမသားက အချောလေးပဲ၊ စည်သူ . . မမကိုတွေ့ရင် ခေါ်နော်"

သူ့ကိုယ်သူ မမဆိုပြီး အမျိုးသမီးက မခိုးမခန့်ပြုံးရင်း နှုတ်ဆက်တယ်။

"ဟုတ်ကဲ့ပါ အန်တီလေး"

အဲလိုပြန်ပြောလိုက်လို့ မသိမသာ မျက်နှာပျက်သွားလေရဲ့။ ဒါပေမယ့်လည်း ဗိုလ်ချုပ်ဈေးမှာ ဈေးရောင်းနေတဲ့သူဆိုတော့ ချက်ချင်းပဲပြုံးပြီး . . .

"မမရေ . . မမသားက ကျွန်မကို အန်တီလေးတဲ့၊ ကျွန်မတော်တော်ရင့်နေပြီ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ သားကလည်း သီသီက မေမေ့ထက် ဆယ်နှစ်လောက်ငယ်တာသားရဲ့၊ အပျိုကြီးရှက်သွားပါဦးမယ်"

"ကျွန်တော့်ထက်လည်း ဆယ်နှစ်မကကြီးတယ်လေ မေမေရဲ့"

ကျွန်တော့်အပြောကြောင့် မေမေက အားနာသွားပုံရတယ်။ မမဖြစ်ချင်တဲ့ အန်တီလေးကတော့ အပြုံးမြမြနဲ့ပဲ . . .

"အမလေး . . ခေါ်ချင်သလိုသာ ခေါ်ပါတော့ ကိုယ်တော်လေးရယ်၊ စကားကလည်း တတ်လိုက်တာ"

ဒီလိုနဲ့ မေမေနဲ့ အန်တီလေးလည်း ဈေးထဲက သတင်းလိုလို အတင်းလိုလိုတွေ ပြောနေကြတော့တယ်။ ကျွန်တော်လည်း မေမေ့အတွက် လိုအပ်တာတွေ ပြေးဝယ်၊ ပြင်ဆင်ရတော့တာပေါ့။ ကျွန်တော် အပြင်ကပြန်လာပြီး မကြာဘူး။ အန်တီလေးက ပြောလို့ဝသွားလို့ ထင်တယ်။ (မေမေ့မှာဖြင့် မျော့နေပြီ။)

"ကဲ . . မမရေ ပြန်ဦးမယ်၊ ဈေးမှာလည်း လူခွဲရှိတာ မဟုတ်ဖူး၊ ကိုအောင်အေးနဲ့ သားစည်သူ . . အန်တီလေးပြန်ပြီနော်"

ပြန်တာတောင် ကျွန်တော့်ကို ငေါ့တော့တော့ လုပ်သွားသေးတယ်။ ဦးလေးကတော့ ပြုံးဖြီးဖြီးနဲ့ ဟုတ်ကဲ့မသိသိတောင်လုပ်လိုက်သေး။ အသံထွက်လာတဲ့ ဦးလေးကို မေမေက သတိရဟန်နဲ့ အသာကုန်းထပြီး . . .

"ဟဲ့ . . အောင်အေး၊ နင်မပြန်ရသေးဘူးလား၊ သားလာလို့ ငါက ပြန်သွားပြီတောင်ထင်နေတာ၊ ဘာလုပ်နေတာလဲ"

"မသိဘူးလေ၊ အစ်မ ဘာမှာစရာရှိသေးလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



အခန်းထောင့်မှာငြိမ်နေတဲ့ ဦးလေးက ပြန်ဖြေတယ်။ မေမေက မျက်စောင်းထိုးရင်း . . .

"ဘာမှာရမှာလဲ၊ ခါတိုင်းလည်း ဘာမှမှာတာမဟုတ်ဘဲနဲ့၊ သွားသွား အိမ်မှာ လူရှိတာမဟုတ်ဖူး"

မေမေက ဆူသလို ငေါက်ငန်းလိုက်တော့ ဦးလေးက ကျွန်တော့်ဘက်လှည့်လာတယ်။

"ဟော့ကောင် အိမ်သော့ပေး . . ."

"ရော့ ရော့ . . ."

သော့တောင်းတာတောင် သူက မာခေါက်ခေါက်နဲ့။ ကျွန်တော့်မှာ ထပ်ဆင့်ငေါက်ငန်းစရာမရှိတာနဲ့ ဦးလေးနောက်ကို ပြေးလိုက်သွားပြီး . . .

"ဦးလေး ဦးလေး . . ."

"ဟေ . . ဘာကျန်ခဲ့လို့လဲ"

"ဟိုလေ . . ခုနက အန်တီလေးက အပျိုကြီးဆို"

"အေးလေ . . မင်းလည်းကြားတာပဲ"

"ချောတုန်း၊ လှတုန်းပဲနော်"

"အေး . . မင်းအမြင်ပဲလေ"

ဟန်ဆောင်နေတာလားတော့ မသိဘူး။ ဦးလေးပုံစံက သိပ်စိတ်ရှည်ပုံမရလို့ ကျွန်တော်ထပ်လျှာရှည်လိုက်တယ်။

"ဦးလေးလည်း လူပျိုကြီးနော်"

"ဟော့ကောင် ဘာတွေလာပြောနေတာလဲ"

"ဩော် . . သန်တုန်း၊ မာတုန်းပဲလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် . . ဟော့ကောင် ဘာဆိုင်လို့ လာပြောနေတာလဲကွ . . ဟေ"

ကမ္ဘာ့ရှူးထိုးနဲ့ ဦးလေးလန့်သွားပါတယ်။ မျက်နှာကြီးနီနေတုန်း . . .

"ပြောရရင်တော့ အန်တီလေးက ဦးလေးတို့အရွယ်ဝတ်ဗျ"

"ဟာ . . ဟော့ကောင် . . မင်းမိုက်ရိုင်းလိုက်တာကွာ"

"ဟာ . . ဦးလေးကလည်း ဘာမိုက်ရိုင်းလို့လဲ၊ အရွယ်ဝတ်ဆိုတာ ဆိုဒ်ကိုပြောတာလေ၊ အန်တီလေးက ဦးလေးနဲ့ ဆိုဒ်အတူတူလောက်ပဲလို့ ဆိုလိုတာပါ။ လိုသလို ဆွဲမတွေးစမ်းပါနဲ့ဗျာ"

"အောင်မာ . . မင်းကများ၊ ငါက . . ."

ပြောရင်း စကားက ရပ်သွားတယ်။ ဘာကိုစဉ်းစားမိလဲ မသိဘူး။ ဆက်ပြောမလာလို့ . . .

"ပြောလေ . . ပြောလေ၊ ဦးလေးဆက်ပြောလေ"

ဦးလေးမပြောသေးဘဲ အကြာကြီး စဉ်းစားသွားတယ်။ နှုတ်ခမ်းတွေကလည်း တလှုပ်လှုပ်နဲ့။ ခဏနေမှ ကျွန်တော့်ကို စိန်းစိန်းကြည့်ပြီး . . .

"ကိုယ့်အရွယ်ဝတ်ဆိုပေမယ့် ကိုယ်နဲ့အဆင်ပြေပြေ သက်တောင့်သက်သာ-ရှိချင်မှရှိမှာကိုးကွ"

ပြောပြီး ခပ်တည်တည် လှည့်ထွက်သွားတော့တယ်။ ပထမတော့ ကျွန်တော်လည်း ကြောင်နေတာပေါ့။ နောက်မှ လှမ်းအော်လိုက်လို့ ဦးလေးက လှည့်ပြီးဆဲသွားလေရဲ့။

"ဒါဆိုလည်း သူများဝတ်ပြီးသားတွေသာ ရှာဝတ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးရေ အဲဒါမှ ပွပွရွရွရှိမှာဗျ"

"လဒလေး . . မင်းကျမှ ရှာဝတ်တော့ . . ."

တကယ်တော့ ဦးလေးကိုလူပျိုကြီးကြောင့် အခွင့်အရေး ရတုန်း စလိုက်တာပါ။ ဦးလေးက စိတ်ဝင်စားမယ်မထင်ပါဘူး။

ကျွန်တော့်မှာတော့ တွေးရင်း၊ ငေးရင်းနဲ့ ကျောင်းမှာရှိနေမယ့် ကျွန်တော့်အရွယ်ဝတ်ကလေးကို သတိရမိနေတော့တယ်။ အဲ . . ဒီနေရာမှာ ပြောရဦးမယ်။ ကျွန်တော်က ငယ်ငယ်လေးထဲက ဘာမဆို ဘာရန်းနယူးမှ ကြိုက်တဲ့ကောင်ဗျ။

ဒီအချိန် ကျွန်တော့်ရဲ့ဆိုင်ခီလေး ဘာလုပ်နေမှာလဲ။ ပြတင်းပေါက်ကို လှမ်းကြည့်မိတယ်။ ပျံသန်းနေတဲ့ ငှက်တွေကတော့ ရွှေလျားစီးမျောနေတဲ့ တိမ်တွေကို ငြိမ်နေတယ်လို့ပဲ ထင်မှာပဲနော်။ အဲလိုပဲ သူမရယ်။ ငါ့ရင်ထဲမှာလည်း နင်မသိတဲ့ အရာတစ်ခုက တိတ်တိတ်ကလေး လှုပ်ရှားနေခဲ့ပြီလေ။

* * * *

www.burmeseclassic.com

(၁၀)

ကျောင်းပြန်တက်တဲ့နေ့က ဦးလေးကို စ,တဲ့အကြောင်း ပြောပြတော့ အားလုံးဝိုင်းရယ်ကြပါတယ်။ ဦးလေးကို ကျွန်တော် ခဏ,ခဏကျပ်တာ သူတို့လည်းသိနေတာကိုး။

"မင်းကွာ . . ကိုယ့်ဦးလေးကိုတောင် မချန်ဘူး"

"ဘာဖြစ်လဲကွ၊ စ,တာပဲဥစ္စာ သူလည်းသိတာပဲ"

ကျွန်တော့်အပြောကို နေမျိုးကျော်က . . .

"စ,တယ်မလုပ်နဲ့လေ၊ မင်းဦးလေးက တကယ်ခိုက်သွားရင် ဘယ်လိုလုပ်မလဲ"

"ဒါဆိုလည်း နည်းလမ်းရှိပါတယ်ကွာ၊ ဟဲ ဟဲ . . ."

"ဘာနည်းလမ်းလဲဟ"



www.burmeseclassic.com

www.burmeseclassic.com



မေဦးက ဘောလုံးဂျာနယ်ကိုချပြီး လှမ်းမေးတယ်။

"ဘာနည်းလမ်းရှိရမှာလဲ၊ အပျိုကြီးဆိုရင် အပြီးကျိုမယ့်နည်းပေါ့ဟ"

တစ်ဝိုင်းလုံး ရယ်ကြတော့တယ်။ ကျွန်တော်က မေဦးကို ဟိုလိုလို၊ ဒီလိုလို စပ်ဖြဲဖြဲကြည့်ရင်း . . .

"နင်တို့လို အပျိုလေးဆိုရင်တော့ဟာ . . ဟဲ ဟဲ"

"မသာကောင် . . စည်သူတော်တော့"

"နောက်နေတာပါဟာ၊ ဦးလေးကလည်း စိတ်ဝင်စားမှာမဟုတ်ပါဘူး၊ ဒီအရွယ်အထိ ဒီလိုနေလာတာသာကြည့်တော့"

"အာ . . မင်းပြောသလို သူတို့အရွယ်ဝတ် အဲ . . သူနဲ့အဆင်အပြေဆုံးကို မတွေ့သေးတာလဲ ဖြစ်နိုင်တာပဲလေ"

"ဒါဆိုလည်း ကြည့်ကျက်လုပ်ပေးရမှာပေါ့ကွာ၊ ဦးလေးမှာက . . ဟော့ကောင်တွေလာ"

BURMESE CLASSIC

ရန်နိုင်နဲ့ဝင်းဇော်တို့ ရောက်လာကြတာပါ။ နှစ်ကောင်စလုံးဝင်ထိုင်ကြပေမယ့် ထုံးစံအတိုင်း ဆရာကြီးလုပ်ချင်တဲ့ ရန်နိုင်ကမေဦးနဲ့ဘိုဘိုဖြိုးရှေ့က ဘောလုံးဂျာနယ်ကို ဟန်ပါပါလှမ်းယူရင်း-

"မန်ယူကတော့ ဒီရာသီမှာ မလွယ်သောက်ဖူးနော်၊ အင်း"

ပြောရင်း ဘောလုံးဂျာနယ်ကို ခပ်တည်တည် လှန်လှောဖတ်နေတယ်။ အမှန်တော့ ဘောလုံးပွဲတွေလည်း ဒီကောင်ကြည့်တာ မဟုတ်ပါဘူး။ ဖတ်တော့လည်း သူများကြားအောင် အသံထွက်ပြီး ဖတ်နေသေးတယ်။

"ဘာတဲ့ . . ဩော် ဝိန်းရွှန်းနီတစ်ယောက် ပေါလင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ကျပြီးမှ အရင်ထက်ပိုရင်ကျပ်လာပုံရသည့်တဲ့၊ ဘာလဲဟာ အရင်က ရင်ကျပ်လို့လား"

တစ်ဝိုင်းလုံး ဝင်းဇော်ရဲ့ရယ်သံကြီးကြောင့် သောခနဲ ထရယ်ကြတော့တယ်။ မဆင်မခြင်နဲ့ ဂျာနယ်ယူဖတ်မိတဲ့ ရန်နိုင်ခမျာမှာတော့ ရင်မကျပ်ဘဲ မျက်နှာကြီးနီပြီး ရင်ခံသွားပါတယ်။ မျက်နှာငယ်လေးနဲ့ စပ်ဖြဲဖြဲလုပ်ရင်း . . .

"အဟိး . . ရှတ်တရုတ် မျက်စိလျှမ်းသွားလို့ပါကွာ၊ မင်းတို့ကလည်း . . ."

"အေး . . မင်းက တော်သေးတယ်၊ မင်းလိုပဲ မျက်စိလျှမ်းသွားလို့ ဇာတ်နာခဲ့ရတာတွေ ရှိသေးတယ်"

"ဟေ . . ."

BURMESE CLASSIC

အားလုံးပဲ ကျွန်တော့်ကို ဝိုင်းကြည့်ကြပါတယ်။

"ပြောရရင်တော့ ငါ့ဦးလေးပေါ့ကွာ"

"လုပ်လာပြီ"

"ဘာလဲ . . နားမထောင်ချင်ဘူးလား၊ ငါ့ဦးလေးရဲ့ ဆွတ်ပျံ့ကြေကွဲဖွယ်ရာ ဇာတ်လမ်းပါကွာ"

"ကဲ . . ပြောရင်လည်း ပြောတော့၊ တားလို့လည်းရမှာမှ မဟုတ်တာ"

နေမျိုးကျော်ရဲ့ စကားအဆုံးမှာတော့ အားလုံးပဲ နားရွက်တွေကို အသင့်ပြင်လိုက်ကြပါတယ်။ ကျွန်တော်က အပြင်ဘက်က ကြွေဝဲနေတဲ့ သစ်ရွက်ခြောက်တွေကို ဆွေးဆွေးဆွေးဆွေး ကြည့်လိုက်တဲ့ပုံစံနဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတုန်းက တက္ကသိုလ်မှာပေါ့ကွာ၊ အလွမ်းတက္ကသိုလ် ပန်းတက္ကသိုလ်လို့ပဲ ပြောရတော့မလား မသိဘူး"

"ဟော့ကောင် . . အဲဒါ စာအုပ်နာမည်တွေနော်"

ဝင်းဇော်က မျက်ထောင့်နီနီနဲ့ လှမ်းပြောတယ်။ ကျွန်တော်က ရယ်ကျဲကျဲလုပ်ရင်း . . .

"ဪ . . ဟုတ်လား။ ဇာတ်လမ်းပြောမှာဆိုတော့ ရောသွားလို့ပါ၊ ဒီလိုကွ၊ ငါ့ဦးလေး တက္ကသိုလ်တက်တုန်းက ရှားရှားပါးပါး ရည်းစားတစ်ယောက်ရခဲ့တယ်၊ သူတို့ခေတ်တုန်းက အဆောင်နေကြရတဲ့ ခေတ်ကွ"

"ခေတ်တစ်ခေတ်ရဲ့ တက္ကသိုလ်ပေါ့"

ရန်နိုင်က ဆရာကြီးလေသံနဲ့ ဝင်ထောက်တယ်။ အဲဒါလည်း စာအုပ်နာမည်ကြီးမို့ ဝင်းဇော်က မျက်ထောင့်နီနီနဲ့ . . .

"ရန်နိုင် . . မင်း ဝင်,ဝင်မပါနဲ့ကွာ၊ နံတယ်"

ဒီနှစ်ကောင် ထမငြိခင်မှာဘဲ ဆက်ပြောရပါတယ်။ မဟုတ်ရင် ပြီးတော့မှာ မဟုတ်ဘူး။

"ဦးလေးက သူ့ကောင်မလေးကို စာသုံးစောင်ပေးပြီးမှ အဆင်ပြေသွားတာကွ၊ မင်းတို့ ဗဟုသုတရအောင် ငါပြောပြဦးမယ်၊ ပထမဆုံးစာမှာ ဦးလေးက ဘယ်လောက်ချစ်ကြောင်းတွေ ရှန်းရှန်း ဝေအောင်ရေးပြီး အောက်က ထာဝရသစ္စာဖြင့် အောင်အေးဆိုပြီး ရေးပေးလိုက်တယ်၊ အဲဒါကို သူ့ကောင်မလေးက စာပြန်လာတယ် ထာဝရသစ္စာဆိုတာ မရှိဘူးတဲ့၊ သမုဒယသစ္စာတို့ ဒုက္ခသစ္စာတို့ပဲ ရှိတယ်ဆိုပြီး ပြန်ဦးနှောက်စားလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့လည်း ဟုတ်သားပဲလေ၊ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာတောင် ကျန်သေး"

မိုးပွင့်က မိန်းကလေးဘက်က ဝင်ထောက်ခံတယ်။ နည်းနည်းအားရကျေနပ်သွားတဲ့ ပုံစံပဲ။

"ထားပါတော့၊ ငါ့ဦးလေးကလည်း ခေသူမှမဟုတ်တာ၊ နောက်တစ်စောင်ကျတော့ အနန္တမေတ္တာဖြင့် အောင်အေးလို့ ရေးလိုက်တာပေါ့"

"အဲဒါနဲ့ ကြိုက်သွားရောလား"

"ဘယ်ကလာ ကြိုက်ရမှာလဲ၊ ပိုဆိုးသွားတယ်၊ အနန္တမေတ္တာလို့လည်း မရှိဘူးတဲ့ကွာ၊ ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တတို့ပဲ ရှိပါတယ်ဆိုပြီး စာပြန်လာလေရဲ့"

"ဟော . . ."

"ပိဋကတ်အိုးကွဲ ထင်ပါရဲ့ကွာ"

"အေး . . ဦးလေးလည်း မင်းလို စိတ်အချဉ်ပေါက်ပေါက်နဲ့တွေးပြီး နောက်တစ်စောင်ကျတော့ အောက်မှာ သဗ္ဗေသတ္တာ ကမ္မဿကာ အောင်အေးလို့ ရေးထည့်ပေးလိုက်တယ်၊ အဲဒီစာကျမှ ကြိုက်တော့တာပဲ"

"မင်းပြောတော့ မျက်စိလျှမ်းလို့ ဇာတ်နာခဲ့ရတာဆို"

"လာမယ်လေ၊ ကြိုက်သွားတော့ မိန်းကလေးအဆောင်ကို သွားလည်ကြတာပေါ့၊ တစ်ယောက်တည်း မသွားရဲတာနဲ့ ဦးလေးက သူ့သူငယ်ချင်းနှစ်ယောက်ကို အဖော်ခေါ်သွားတယ်၊ ဟိုရောက် ဆင်းတွေ့တော့လည်း အဖော်ပါလာတာပေါ့ကွာ၊ သိပ်မလွတ်လပ်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



စကားတော့ ပြောလို့ရတာပေါ့၊ အဲဒီလို ပြောနေတုန်းမှာ အီးနံ့က လိုက်ခနဲ ထွက်လာတယ်၊ သူတို့ခြောက်ယောက်ထဲရှိတာဆိုတော့ ဘယ်သူ့ဒိုင်လျှိုလေး လွှတ်လိုက်မှန်းမသိဘူး၊ မေးလို့လည်း မဖြစ်ဖူးလေ၊ ရှက်ကုန်မှာပေါ့၊ အဲဒါနဲ့ပဲ စကားပြောရင်း အီးရှူရင်း ပြန်လာခဲ့ရတာပေါ့၊ လမ်းမှာမေးတော့လည်း ဦးလေးသူငယ်ချင်းတွေက မဟုတ်ဖူးတဲ့၊ နောက်နေ့ကျတော့ ဦးလေးက သိပ်နေမကောင်းလို့ အဲဒီအဆောင်ကို မသွားဖြစ်ဖူး၊ သူ့ကောင်မလေးဆီ စာတစ်စောင် ရေးပြီး ပို့ခိုင်းလိုက်တယ်"

"အဲဒါ ဘာများထူးခြားလို့လဲ"

"ထူးခြားတော့မှာပေါ့၊ သူရေးပေးတဲ့စာမှာ ဒီလိုပါသွားတာကွ"

ကျွန်တော်က စာအုပ်ထုတ်ပြီး စာတစ်ကြောင်း၊ နှစ်ကြောင်းလောက် ရေးပြလိုက်တယ်။

ကိုယ်ဒီနေ့ နေမကောင်းလို့ မလာနိုင်ဘူး ကလေးရယ်။ မနေ့ကတော့ ရင်တွေ အရမ်းခုန်တာပဲ။ ကိုယ်လေလည်တာကို ကလေးတစ်ယောက် ဆွတ်ပျံ့ကြည်နူးနေမယ်ဆိုတာကို အကြွင်းမဲ့ ယုံပါတယ်။ နောက်နေ့မှ ကိုယ်အရောက်လာခဲ့ဦးမယ်။

"ဟာ . . အဲလိုကြီး ရေးလိုက်တာလား"

"အင်း . . ရေးတုန်းကတော့ ကိုယ်လာလည်တာကိုဆိုပြီး ရေးလိုက်တာကွ၊ မျက်စိလျှမ်းတာရော၊ မနေ့က ကိစ္စနဲ့က တိုက်ဆိုင်သွားတော့ ငါ့ဦးလေး ရင်ကွဲပက်လက်နဲ့ အဖြတ်ခံလိုက်ရတာပေါ့ ကွာ၊ ဖျက်စိလျှမ်းတဲ့ အကျိုးဆက်ပေါ့"

"နာလိုက်တဲ့ဇာတ်ကွာ၊ အီးပေါက်တဲ့အကြောင်းရေးတာကို



www.burmeseclassic.com

www.burmeseclassic.com



ဆွတ်ပျံ့ကြည်နူးနေမယ်ဆိုတော့ ပြီးရောပေါ့"

အားလုံးက တအုံးအုံးနဲ့ ရယ်ကြပါတော့တယ်။ သတိရလာတာနဲ့ ကျွန်တော်က . . .

"ငါကျောင်းမတက်တဲ့ နေ့တွေက ဟိုကောင်သက်နိုင် ငါ့ကိုလာရှာသေးလား"

"ပထမတစ်ရက်ကတော့ လာတယ်ကွ၊ ငါတို့လည်း မင်းအမေနေမကောင်းလို့ ကျောင်းမလာဘူးလို့ ပြောလိုက်တယ်လေ၊ နောက်နေ့တော့ မလာတော့ဘူးကွ၊ ဒါပေမယ့် လာတဲ့လူတော့ရှိတယ်"

"ဟေ , . .ဘယ်သူလဲ"

"မင်း ပြော,ပြောနေတဲ့ မိုးသူမဆိုတဲ့ ဟာလေးပေါ့၊ ဒီနေ့မှ မတွေ့တာ၊ မနေ့ကအထိ ငါတို့ဝိုင်းနားမှာ ရစ်သီရစ်သီနဲ့ . . ."

ကျွန်တော့်ရင်ထဲမှာ သူ့နာမည်ကြားလိုက်ရုံလေးနဲ့ အို့တနွေးနွေး ဖြစ်သွားရပါတယ်။ ဒီနေ့မှ မလာတော့တာဆိုလို့လည်း လွမ်းလွမ်းဆွေးဆွေးလေး ထပ်ဖြစ်မိတယ်။ ကိုယ်ကသာ ဒီလိုဖြစ်နေရတာ။ သူ့ဘက်ကတော့ ကျွန်တော်အောင်သွယ်လိုက်လုပ်ရင်ဖျက်ဖို့ မျက်ခြေမပြတ်လာကြည့်တာလား မသိဘူး။ အဲဒါပဲဖြစ်နိုင်ပေမယ့် ကျွန်တော်က အသာစီးရတဲ့လေသံနဲ့ . . .

"ဟဲ ဟဲ . . .ဒီကောင်မလေး ငါ့ကိုစိတ်ဝင်စားနေပြီ ထင်တယ်"

"အောင်မာ . . နင်မို့လို့ မရှက်မကြောက်ပြောရဲတယ်"

မေဦးက မလိုတမာအသံနဲ့ ရှုံ့ချပါတယ်။ ကျွန်တော်က သူ့ကိုမတုန့်ပြန်ဘဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘိုဘိုဖြိုး . . ."

"ဟေ . . ဘာလဲဟ"

"မေဦးကို ကြိုးချည်ထားလိုက်ကွာ"

"စည်သူနော် . . ခွေးကောင် . . ."

"တွေ့လား . . တွေ့လား၊ ပါးစပ်ကတောင် ခွေးဆိုတဲ့ စကားပါလာပြီ"

ဘိုဘိုဖြိုးခမျာ ဘာလုပ်ရမှန်း မသိဘူး။ မေဦးကတော့ ကျွန်တော့်ကို ကျိန်ဆဲပါတော့တယ်။ သူကျေနပ်သွားအောင် အဆဲအဆိုခံလိုက်ပြီးမှ ထရပ်ရင်း . . .

"သက်နိုင်ကိစ္စလည်း လုပ်ပေးရဦးမယ်၊ ကဲ ငါသွားတော့တယ်"

"ခု သက်နိုင်ဆီ သွားမလို့လား၊ ဒီကောင်က . . ."

"မဟုတ်ဖူး၊ မိုးသူမဆိုတဲ့ ငါ့ရဲ့ဆိုင်ခီလေးကို ရုတ်တရက် ဝမ်းသာသွားအောင် လူလုံးသွားပြမလို့ကွ ဟဲ ဟဲ"

"အေး . . လူလုံးပြချင်ရင်လည်း လုံးတီးချွတ်ပြီးသာသွားတော့ကွာ၊ ကြီးကြီးကျယ်ကျယ်နဲ့"

ဘာမှချေပမနေတော့ဘဲ ကျွန်တော်ထထွက်ခဲ့တယ်။ ရင်ထဲမှာတော့ ချစ်သူမျက်နှာ (သီချင်းမဟုတ်ပါ) ကို မြင်ချင်နေပြီလေ။ နောက်ကပြေးလိုက်တဲ့ ခြေသံကြားလို့ ရပ်ပြီးလှည့်ကြည့်လိုက်တယ်။ ထလိုက်လာတဲ့ ရန်နိုင်က . . .

"စည်သူ . . စည်သူနေဦး"

"ဘာလဲ . . မင်းလိုက်ချင်လို့လား၊ ဆန္ဒပဲနော်၊ ငါ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှာ မစိုးမိုးဘူး"

အပေါ်စီးကနေ မင်သေသေပြောလိုက်တဲ့ ကျွန်တော့်ကို ရန်နိုင်က စိတ်ပျက်သွားတဲ့ပုံစံနဲ့ . . .

"တော်ပါတော့ စည်သူရာ၊ မင်းနဲ့လည်း မလိုက်ချင်ပါဘူး"

"ဒါဆို . . ."

"အေး . . မင်းမျိုဆို့သွားတာတွေအတွက် ပိုက်ဆံလိုက်တောင်းတာ၊ ပေးခဲ့ဦး ရှူးသလို၊ ကြောင်သလိုနဲ့ . . ."

"အဟီး . . မေ့သွားလို့ပါကွ"

ဝိုင်းထဲက သံပြိုင်လှမ်းအော်ကြပါတယ်။ သောင်းသောင်းဖြဖြပါပဲ။

"ရှူးချင်ယောင်ဆောင်မနေနဲ့" တဲ့ . . .။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၁)

ကျောင်းလမ်းလေးအတိုင်း လျှောက်လာရင်း ကျွန်တော့် စိတ်တွေ ကြည်စင်နေပါတယ်။ အပူချိန်က မြေပြင်ပေါ် ခပ်ဖျော့ဖျော့ ကျက်စားနေပေမယ့် ပင်လယ်ကဗွီးပင်ကို ဖြတ်စီးလာတဲ့ လေအေး ကြောင့် သိပ်တော့မပူလှပါဘူး။ သူမနဲ့တွေ့ရတော့မယ်ဆိုတဲ့ အသိ က ကျွန်တော့်ကို ပိုလို့ချမ်းမြေ့စေတယ်။

ဒီအချိန်မှာ သူမဘက်က ဘယ်လိုပဲသဘောထားထား အပြစ် မမြင်နိုင်သေးဘူး။ ကျွန်တော့်မှာ သူမနဲ့ပတ်သက်ပြီး အခန်းဆက် အိပ်မက်တွေ ရှိသေးတယ်။ သူ့ကိုသိပ်ချစ်တဲ့အကြောင်းလည်း စာဖွဲ့ ပေါင်းချင်တယ်။ ခုလည်း ကျွန်တော့်အိပ်မက်ကို စာမျက်နှာတိုးဖို့ သူမနဲ့တွေ့ရတော့မယ် ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အတွေးနဲ့ကိုယ် သူလည်း ကျွန်တော့်ကိုတွေ့ရင် ပျော်သွားမှာပဲလို့ မညာမတာ တွေးမိသေးတယ်။ မပျော်ဘဲနဲ့ မျက်နှာကလေးမဲ့သွားရင်လည်း ကျွန်တော့်အောင်မြင်မှုလို့ ဆိုရမှာပဲ။ ဒါဟာ သူ ကျွန်တော်နဲ့မတော်သက်ပြီး ရင်ထဲမှာ တစ်ခုခုရှိနေလို့ပေါ့။

စိတ်ကူးလေးဟာ လမ်းတဝက်မှာပဲ ဆုတ်ဖြဲခံလိုက်ရပါတယ်။ ကျွန်တော် တွေ့ချင်တာက သူမကိုပါ။ ဒါပေမယ့် ရှေ့တည့်တည့်မှာ ကျွန်တော့်ဆီ ဦးတည်ပြီးလာနေတဲ့သူက သက်နိုင်ထွန်း။ သူ တောင်းစားလေး။ ဘယ်လိုတွေ့သွားလဲ မသိဘူး။

လက်ဦးမှုရသွားတဲ့ သက်နိုင်ထွန်းက ကြွေးရှင်တစ်ယောက်လို အနားကပ်လာပြီး (ကူညီရဦးမယ့် အကြွေးရှိသေးလို့နေမှာ) . .

"မင်းကို ငါပြောစရာတွေ အများကြီးရှိတယ်ကွ"

"ဖြေးဖြေး . . ဖြေးဖြေး၊ ငါ့မှာ နားထောင်စရာ နားနှစ်ပေါက်ပဲရှိတယ်နော်"

စိတ်ပေါက်ပေါက်နဲ့ပြောလိုက်လို့ ဒီကောင့်မျက်နှာ မဲပုတ်သွားလေရဲ့။ ဒါပေမယ့်လည်း ချစ်တီးအပြုံးမျိုး ထပ်ပြုံးလိုက်ပါတယ်။

"မင်းကလည်း စည်သူရာ၊ မင်းကျောင်းမတက်တဲ့ နေ့တွေမှာ အခြေအနေက တစ်မျိုးပြောင်းနေပြီ"

"တစ်မျိုးပြောင်းတာကလည်း ပုဆိုးအဟောင်းနဲ့ပါလားကွ။ သူ့ခိုးအကြောင်းတွေ မပြောနဲ့နော်"

"ဟာကွာ"

ဒီကောင် အူတီးအူကြောင် ဖြစ်သွားတယ်။ ပြီးမှ ရယ်ပြီး-

"ငါ အခု ကြည်ပြာတို့အုပ်စုနဲ့ အတူတိုင်စကားပြောလို့



www.burmeseclassic.com

www.burmeseclassic.com



ရနေပြီ၊ ဒါပေမယ့် ဟိုအကြောင်းတော့ ပြောလို့မရဘူးပေါ့၊ ဘယ်လိုပဲဖြစ်ဖြစ် ငါနဲ့ကြည်ပြာ ပိုပြီးနီးကပ်လာသလို ခံစားရတယ်၊ ပျော်တယ်ကွာ"

ကျွန်တော်နည်းနည်း ဦးနှောက်စားသွားရတယ်။ ဒါ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား။ တစ်ကွက်ကျော်စဉ်းစားပြီး မေးကြည့်ရပြီလေ။

"မင်း သူတို့နဲ့ သွားသွားထိုင်တော့ ဟိုမိုးသူမကောရှိနေလား"

"အင်း . . . အမြဲတမ်းမှဟုတ်ပေမယ့် ရှိတာများပါတယ်၊ ထင်သလောက် မဆိုးဘူးကွ၊ ငါ့ဘက်က ကြည်ပြာကို ရိသဲ့သဲ့မပြောရင် သူကလည်း သူငယ်ချင်းတစ်ယောက်လို အေးဆေးပါပဲ"

"အေးဆေးလုပ်မနေနဲ့၊ အဲဒါ မင်းကို အချိုသတ်ထားတာကွ၊ ငါမရှိတုန်းမှာ မင်းကြိုးရှည်ရှည်နဲ့ လှန်ခံလိုက်ရပြီ သူငယ်ချင်း"

"ဟော . . ."

နွားပြာကြီးမြက်နင်သလို နင်သွားပါတော့တယ်။ တော်သေးတာပေါ့ ကျွတ်ကျဲပြီး ဘွတ်အဲလို့ ထမအော်လိုက်တာ။ သူ့ခမျာ အတော်လေး ဆို့နစ်ကြေကွဲသွားပုံရတယ်။ ခုနကတုန်းက နွားတော်ရေတွင်းထဲကျသလို ပျော်နေပြီးမှ နွားသိုးကြီးပြတ်သလို အူယားဖားလျားနဲ့ . . .

"ဟော့ကောင် . . ငါ ငါ ဘယ်လိုလုပ်ရမှာလဲ"

"လာ . . ငါနဲ့လိုက်ခဲ့ . . ."

သက်နိုင်ထွန်းတစ်ယောက် ကျွန်တော့်နောက်က နွားချေးပုံလို မျက်နှာမဲမဲပြုပြုကြီးနဲ့ ပါလာပါတယ်။ နှာခေါင်းကလည်း နွား



www.burmeseclassic.com

www.burmeseclassic.com


နှာမှုတ်သလို တရှူးရှူးနဲ့ ခံပြင်းနေပုံရတယ်။ နွားသိုးနဲ့မိုး အစိုးမရဘူးဆိုတာသိလို့ ဒီကောင် ဒေါသမဖြစ်အောင် ကျွန်တော့်မှာ မဖိမဖော့လေး ပြောလာရတာပေါ့။

"တွေ့ရင် ဘာမှမဖြစ်သလိုနေနော်၊ ငါ့ဟာငါ ကြည့်ကျက်လုပ်ရှားမယ်၊ အလိုက်သင့်လေး မင်းဝင်ပြော ကြားလား"

"အေးပါကွာ"

ကျွန်တော်တို့ရောက်သွားတော့ သူတို့အုပ်စုထိုင်နေကျကင်တင်းထဲမှာ လူစုံတက်စုံ ရှိနေကြတယ်။ ကျွန်တော့်ကိုကြည့်ပြီး မိုးသူမက အံ့သြသွားပုံရတယ်။ ပြီး မျက်ခုံးနှစ်ဖက်စုသွားလေရဲ့။ သူဘာယ်လိုနေနေ တရိုတသေလှတယ်ဆိုတာ ကြားတယ်ထင်မှာစိုးလို့ ခဏ,ခဏ ထုတ်မပြောတော့ပါဘူး။ လင်းလင်းမြေ့မြေ့ကြည့်ပြီး သက်နိုင်ထွန်းနဲ့အတူ ဝင်ထိုင်လိုက်ပါတယ်။

မမျှော်လင့်ထားဘဲ စကားစလာသူက ဟိုကောင့်ရဲ့ကြည်ပြာပါ။ ပြောလာတာက ရယ်စရာတော့ မဟုတ်ဖူး။

"စည်သူ . . ရှင်က အောင်သွယ်လိုက်လုပ်နေတယ်ဆိုပြီး တစ်ကျောင်းလုံးကို သတင်းလွှင့်ထားတယ်ဆို . . ဟုတ်လား"

"ဘယ်သူပြောတာလဲ"

ပြန်မေးရင်း သူမကို လှမ်းကြည့်လိုက်လို့ သူမက ရှုတင်းတင်းနဲ့ (ဒါတောင်လှနေသေးတယ်) . . .

"ဘာကြည့်တာလဲ၊ ရှင့်အကြောင်း အားအားယားယားပြောမှာမထင်နဲ့"

"ဟုတ်တယ် မီသူပြောတာ မဟုတ်ဘူး၊ ဘယ်သူ့ကိုမေးမေး


www.burmeseclassic.com

www.burmeseclassic.com



သမိုင်းက စည်သူဆိုတဲ့လူဆီမှာ အချစ်ရေးအဆင်မပြေရင် အကူအညီတောင်းလို့ရတယ်လို့ ပြောနေကြတာ"

"အင်း . . ဖြစ်တော့ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်က လူတစ်ယောက်၊ နှစ်ယောက်လောက်ပဲ ပြောမိတာဗျ"

"အို . . ဒါဆို ဘာဖြစ်လို့ ဒီလောက် အုတ်အော်သောင်းတင်း ဖြစ်ရမှာလဲ၊ အဲဒီအထဲမှာ ကျွန်မကပါနေလို့ လာမေးရင် ဖြေရှင်းနေရသေးတယ်၊ ရှင်က ဘယ်လိုမျိုးအောင်သွယ်လုပ်တာလဲ ဘာညာနဲ့ပေါ့"

လာမေးခံနေရလို့ ကြည်ပြာစိတ်ရှုပ်နေပုံရတယ်။ မသိရင် ကျွန်တော်က တစ်ကျောင်းလုံးကို လိုက်ပြောထားတာကျနေတာပဲ။ သက်သေပြမှ ဖြစ်တော့မယ်လို့ တွေးလိုက်ပြီး . . .

"မကြည်ပြာကလည်း သချာကျောင်းသူဖြစ်ပြီး လာမေးနေသေးတယ်၊ တကယ်ဆို သိရမှာပေါ့"

"ဘယ်လို . . ဘာကိုသိရမှာလဲ"

"သတင်းပြန့်နေတဲ့ ကိစ္စလေ၊ ကျွန်တော်လိုက်ပြောတာ မဟုတ်ဖူးဗျ"

အဲဒီလိုဆိုလို့ ကြည်ပြာက သူ့ရည်းစားလောင်း သက်နိုင်ထွန်းကို မယုံသင်္ကာလှမ်းကြည့်တယ်။

သက်နိုင်ထွန်းက အူတူတူပုံစံနဲ့ . . .

"ဟာ . . ကြည်ပြာ၊ ကျွန်တော် လျှောက်မပြောဘူးနော်၊ ကြည်ပြာကို ချစ်နေတဲ့သူက ဒီလိုပြောပါ့မလား၊ ယုံပါကြည်ပြာရယ်၊ ကျွန်တော့်အချစ်ကို ခုထိ . . ."



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ . . တော်ပြီ . . မရှင်းပြနဲ့တော့"

ကပျာကယာနဲ့ ကြည်ပြာက တားတော့တယ်။ မတားရင် ဟိုကောင်က စွတ်ပြောတော့မှာကိုး။ တကယ်တော့ သက်နိုင်ထွန်း လည်း သချာ်ကျောင်းသားပါပဲ။ ဒါပေမယ့် တကယ်လည်း ဒီကောင် လျှောက်ပြောထားတာ မဟုတ်ပါဘူး။ သချာ်နဲ့ ဘယ်လိုပတ်သက် မှန်းလဲ သိမှာမဟုတ်ဖူး။ ဒေါက်တာခင်မောင်ဝင်းကို မေးရင်တောင် ဘယ်မှာဆေးခန်းထိုင်လဲလို့ ပြန်မေးဦးမှာ။

နောက်ဆုံးတော့ ကျွန်တော်ပဲ ရှင်းရတော့တယ်။ (သမိုင်း ကျောင်းသား ကျွန်တော်က ဒေါက်တာသန်းထွန်းကို ဆရာဝန်မဟုတ် မှန်း သိပါတယ်)

"ဒီလိုရှိတယ်ဗျ၊ ကျွန်တော်က အဲဒီအကြောင်းကို လူတစ် ယောက်ကိုပဲ ပြောမိတယ်ပဲထားပါတော့၊ အဲဒီသတင်းကို အဲဒီတစ် ယောက်က ဆယ်မိနစ်အတွင်း နောက်နှစ်ယောက်ကို ပြောပြမိနိုင် တယ်ဆိုတာ မကြည်ပြာလက်ခံနိုင်လား"

"အင်း . . ဒါတော့ ဖြစ်နိုင်တာပေါ့"

"ကဲ . . ဆယ်မိနစ်အတွင်းမှာ သုံးယောက်သိသွားပြီဗျာ၊ နောက်ထပ် သိတဲ့နှစ်ယောက်က နောက်ဆယ်မိနစ်မှာ နောက်နှစ် ယောက်စီ ပြောပြလိုက်ရင် မိနစ်နှစ်ဆယ်မှာ ခုနှစ်ယောက်ဖြစ်သွား မယ်"

"အင်း . . ."

အဲဒီ အင်းကတော့ သိပ်မလတ်ဆတ်တော့တဲ့ သေချာ တယ်။ ကျွန်တော့်ရဲ့ သူမလေးကလည်း ဆက်ရှင်းဦးလေဆိုတဲ့ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ပေးလေးနဲ့ကြည့်နေလို့ မတွေ့ပါဘူး။

"ဆိုလိုချင်တာကတော့ ဆယ်မိနစ်တိုင်းမှာ သတင်းသိသွားတဲ့လူက အသစ်နှစ်ယောက်စီကို ပြောပြနေနိုင်တယ် ဆိုတဲ့အချက်ပဲဗျ၊ ဒီမှာကြည့်လေ . . . "

ဒီလိုနဲ့ သမိုင်းကျောင်းသား ကျွန်တော်က သင်္ချာအုပ်စုနဲ့ ဖလော်က သင်းကွဲလေးကို ဇယားဆွဲပြီး ရှင်းပြရတော့တယ်။

| အချိန်ကာလ | သတင်းကိုနောက်ထပ်သိသူများ |
|---|---|
| အစ | = ၁ (ကိုယ်ပဲသိ) |
| ၁၀ မိနစ် | ၁ × ၂ = ၂ |
| ၂၀ မိနစ် | ၂ × ၂ = ၄ |
| ၃၀ မိနစ် | ၄ × ၂ = ၈ |
| ၄၀ မိနစ် | ၈ × ၂ = ၁၆ |
| ၅၀ မိနစ် | ၁၆ × ၂ = ၃၂ |
| ၁ နာရီ | ၃၂ × ၂ = ၆၄ |
| ၁ နာရီ ၁၀ မိနစ် | ၆၄ × ၂ = ၁၂၈ |
| ၁ နာရီ ၂၀ မိနစ် | ၁၂၈ × ၂ = ၂၅၆ |
| ၁ နာရီ ၃၀ မိနစ် | ၂၅၆ × ၂ = ၅၁၂ |
| ၁ နာရီ ၄၀ မိနစ် | ၅၁၂ × ၂ = ၁၀၂၄ |
| ၁ နာရီ ၅၀ မိနစ် | ၁၀၂၄ × ၂ = ၂၀၄၈ |
| ၂ နာရီ | ၂၀၄၈ × ၂ = ၄၀၉၆ |
| ၂နာရီ | = ၈၁၉၁ (စုစုပေါင်း) |



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲကြည့်လေ၊ နှစ်နာရီအတွင်းမှာ လူရှစ်ထောင်ကျော် သိနိုင်တယ်ဆိုရင် ဒီတစ်ပတ်လောက်အတွင်းမှာ တစ်ကျောင်းလုံး ပြန့်သွားတယ်ဆိုတာ လက်ခံလို့ရပြီလား"

ဘယ်သူမှ ပြန်မဖြေကြတော့ဘူး။ ကျွန်တော့်ကို အထူး အဆန်းသတ္တဝါလို ဝိုင်းကြည့်နေတော့တယ်။ အားလုံးကြောင်စီစီဖြစ် နေတုန်း သက်နိုင်ထွန်းက အလစ်မှာ ဝင်ပြောပြန်တယ်။

"တွေ့လား . . တွေ့လား ကြည်ပြာ၊ ကြည်ပြာ့ကို ကျွန်တော် ချစ်တာ တစ်နှစ်ကျော်ပြီဆိုတော့ တစ်လောကလုံး သိနေလောက်ပါ ပြီဗျာ၊ ကြည်ပြာမသိသလို မနေပါနဲ့တော့"

"တော်ပါ . . ."

ဒီတစ်ခါတော့ ဒီကောင့်ဖရီးကစ်က တန်းဝင်သွားပါတယ်။ ကြည်ပြာမျက်နှာလေးက ပြုံးယောင်သန်းသွားလေရဲ့။ ဒါမျိုးကျတော့ သက်နိုင်ထွန်းနပ်သားပဲလို့ တွေးမိတယ်။ ကျွန်တော့်စကားနောက်က အပိုင်ဝင်ပြောနိုင်လိုက်တာကိုး။

ဖြစ်သွားတဲ့အခြေအနေကို မလိုတမာနဲ့ တစ်စခန်းထလာ တာက ကျွန်တော့်ရဲ့ချစ်သောသူလေး သူမပါ။ သူ ယူကြည့်တဲ့ ဇယားစာရွက်လေးကို ခုံပေါ်ပြန်ပစ်ချလိုက်ပြီး (ယူလည်းယူကြည့် သေးတယ်) . . .

"ဘာမှအဓိပ္ပါယ်မရှိဘူး"

"ဗျာ . . ဒါက ဒေါက်တာခင်မောင်ဝင်းရဲ့ စာအုပ်ထဲမှာ အတိအကျပါတာပဲလေ၊ အားနာစရာဗျာ ပါမောက္ခကြီးကိုမှ"

"အာ . . အဲဒါကိုပြောတာ မဟုတ်ဖူး၊ ရှင့်လုပ်ရပ်ကို အဓိပ္ပါယ်



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးလို့ ပြောနေတာ"

"ဩော် . . သူမရယ်"

"ဘာရှင့် . . ."

သူ့အသံစူးစူးရှရှကြောင့် ကျွန်တော်လန့်သွားရတယ်။ မျက်နှာငယ်လေးနဲ့ ပြန်ကြည့်ပြီး . . .

"သူမကို ကျွန်တော် တကယ်နားမလည်တော့ဘူး၊ ကျွန်တော် အောင်သွယ်ပေးနေတယ်ဆိုတာ မုန်းတီးနေကြတဲ့လူတွေကို မရည်ရွယ်ပါဘူး၊ ချစ်ဖို့တေးတေးလေးဖြစ်နေတဲ့ သူတွေကို လက်ချင်းတွဲပေးချင်တာပါ"

"အို . . မသိဘူး . . မသိဘူး၊ အောင်သွယ်လုပ်တဲ့ လူတွေဆိုရင် မုန်းတာပဲ"

ဒေါသနဲ့ အသံကကျယ်လာတာကြောင့် ကြည်ပြာတို့အုပ်စုကပါ သူမကို ဝိုင်းကြည့်ကြတယ်။ ဘယ်လောက်ခံပြင်းနေလဲ မသိဘူး။ သူ့မျက်နှာဖူးဖူးလေးဟာ နီရဲနေပြီ။

"ဒါဆို သူမက ကျွန်တော့်ကိုလည်း မုန်းနေတာပေါ့"

"ရှင်လည်း အောင်သွယ်ပဲလေ"

"ကျွန်တော် အောင်သွယ်မလုပ်တော့ရင် မမုန်းတော့ဘူးပေါ့၊ ဒါဆို . . ဟာ . . ."

"ရှင်နော် . . ."

နီရဲနေတဲ့ သူ့မျက်နှာလေးဟာ အရှက်နဲ့ရောထွေးသွားတော့တယ်။ ကျွန်တော့်ရင်ထဲမှာလည်း ကြယ်တွေ ဖြာလင်းသွားသလိုပဲ။

"ဒေးကားဆိုတဲ့ ဒဿနဆရာကြီးက ပြောဖူးတယ်၊ မြင်တာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ မှန်တယ်တဲ့၊ ဒါပေမယ့် အမှန်ကိုမြင်တာ မဟုတ်သေးဘူးတဲ့၊ သူမ ကျွန်တော့်ကို အောင်သွယ်လုပ်နေတယ်လို့ မြင်တာမှန်ပါတယ်၊ ဘာဖြစ်လို့လုပ်နေလဲဆိုတဲ့ အမှန်ကိုမြင်မှာ မဟုတ်သေးဘူး"

ကျွန်တော် အသာထလာခဲ့တော့တယ်။ သူမရဲ့အသက်ရှူသံတွေထဲမှာ အောက်ဆီဂျင်တွေနဲ့အတူ အချစ်ဆိုတာကို ပါးပါးလေး သန့်ရှိက်နိုင်ဖို့ပဲ ဆုတောင်းမိပါတယ်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၂)

နောက်နေ့တွေမှာလည်း ကျွန်တော် အတန်းမှန်မှန်တက်ဖြစ်တယ်။ တခြားအကြောင်းတော့ ထွေထွေထူးထူး မရှိပါဘူး။ ကျောင်းသားဆိုတာ ကျောင်းတက်ရမှာပဲလေ။ ဒီကြားထဲ မေဂျာပေါင်းစုံ စစ်တုရင်ပြိုင်ပွဲရှိတော့ သိပ်မအားယားတာလည်းပါတယ်။ သက်နိုင်ထွန်းကလည်း ကျွန်တော့်ဆီ ဖုန်းဆက်ထားလို့ မလာတော့ဘူးဆိုတာ သိနေတယ်။ သူမကိုတော့ မကြာခဏတွေ့နေရလို့ နေသာထိုင်သာ အရှိဆုံးပေါ့။

ထမင်းစားချိန်မှာတော့ ထုံးစံအတိုင်း သူငယ်ချင်းတွေနဲ့ ဝန္တဝင်ကျွင်တင်းမှာ ဆုံဖြစ်ကြတယ်။ မှာယူစားသောက်အပြီးမှာတော့ ထုံးစံအတိုင်းပဲ လေပန်းကြပါပြီ။ နေမျိုးကျော်က စီးကရက်ကိုဖွာ



www.burmeseclassic.com

www.burmeseclassic.com



ရှိက်ရင်း . . .

"စည်သူ . . မင်းကောင်သက်နိုင် အဆင်ပြေသွားပြီလား။ ဒီဖက်တောင် မလာတော့ဘူး"

"မသိဘူးလေ၊ ဒီရက်ပိုင်း ငါမအားတာ မင်းတို့လည်း သိသားပဲ"

ကျွန်တော် မင်သေသေနဲ့ မသိသလိုဖြေတော့ ရန်နိုင်က တစ်စခန်းထလာပြန်တယ်။

"မင်းကို မေးမယ်၊မေးမယ်နဲ့ မေးရဦးမယ်၊ မင်းက ဟိုမိုးသူမဆိုတဲ့ကောင်မလေးကို ကြိုက်နေတာဆို ခုအခြေအနေက ဘယ်လိုလဲ . . ."

"ဒီလိုပါပဲ ဖြစ်လာမှာပေါ့"

"ဟော့ကောင် စည်သူ၊ မင်းနဲ့ မိုးသူမက ဘယ်လိုလဲလို့"

"ရှူးတိုးတိုး . . ဟိုမှာ သူမဆိုင်ထဲဝင်လာပြီ"

ရန်နိုင်အပါအဝင် တစ်အုပ်စုလုံး ဝရုန်းသုန်းကား လှည့်ကြည့်ကြတယ်။ ဟုတ်ပါတယ်။ သူမက တစ်ယောက်တည်းဝင်လာပြီး လွတ်နေတဲ့စားပွဲမှာ တစ်ကိုယ်တော်ဝင်ထိုင်နေပါပြီ။ ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်သေးတယ်။ ဒါ မာန်တက်ရမယ့် ကိစ္စပဲလေ။

"အေး . . မင်းတို့မေးတာကို ဖြေရရင်တော့ မြင်တဲ့အတိုင်းပဲ သူမက ငါ့နောက်ကို ဒီလိုပဲလိုက်နေတာ၊ ပေါက်တယ်နော်"

"ကြီးကြီးကျယ်ကျယ်ကွာ"

"ဟုတ်ပ့ါ၊ ဟိုက နင်အောင်သွယ်လုပ်ရင် ဖူးစာရအောင် လိုက်နေတာနေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မိုးပွင့်စကားကြောင့် ကျွန်တော်ပြုံးမိတယ်။ ဟုတ်တာကိုး။ ဒါပေမယ့် သူတို့မသိတာတွေ ရှိသေးတယ်။

"ဟုတ်တယ်၊ မိုးပွင့် နင်ပြောတာ မှန်ပါတယ်၊ ဒီလိုဖြစ်လာအောင် ငါစီစဉ်ခဲ့တာပဲလေ"

"ဟော . . ."

"ဘယ်လို . . ."

"အတိုချုံ့ပြီး အဲ လူပြိန်းနားလည်အောင် ပြောရရင်တော့ ဒါကို တန်ပြန်နည်းလို့ခေါ်တယ်၊ သူမက အောင်သွယ်လုပ်တာတွေကို မုန်းတယ်၊ မမျှော်လင့်ဘဲ သက်နိုင်ကိုကူညီရင်း သူ့ကိုတွေ့သွားတယ်၊ ပြီးတော့ ချစ်သွားတယ် ဆိုပါစို့ကွာ၊ သူနဲ့ငါပတ်သက်ဖို့ ဘယ်လိုလုပ်ရမလဲ၊ တစ်နည်းပဲရှိတော့တယ်၊ ငါက အောင်သွယ်လုပ်မယ်ဆိုပြီး သတင်းလွှင့်လိုက်တယ်၊ သူက ဖျက်ရအောင် ငါ့နောက်ကိုလိုက်ကြည့်မယ်၊ အဲဒါကြောင့် ငါနဲ့တွေ့နေရမယ်၊ မဟုတ်ဖူးလား"

"အင်း . . ဟုတ်သားပဲ"

"အဲလိုတွေ့နေရင် သူ ငါ့ကို တခြားသူတွေထက်ပိုပြီး သတိထားမိနေမယ်၊ ပိုပြီးစိတ်ဝင်စားလာမယ်"

"အေး . . သဘောပေါက်လာပြီ"

"အဲဒါပဲလေကွာ၊ ကိုယ်စိတ်ဝင်စားနေတဲ့ မိန်းကလေးတစ်ယောက်က ကိုယ့်နောက်ကိုလိုက်ပြီး ကိုယ့်ကိုစိတ်ဝင်စားနေတယ်ဆိုတာ လွယ်သလား"

"အလဲ့ . . တယ်ဟုတ်ပါလား"

"အဲဒါကြောင့် ငါ အဲဒီလိုတွေ စီစဉ်ခဲ့တာပေါ့ ခုတော့ မလို



www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူးဟာ၊ ငါအောင်သွယ်မလုပ်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီ"

"ဘယ်လို . . ဘယ်လို . . မင်းနဲ့ကြိုက်နေကြပြီလား"

"မဟုတ်ဖူး၊ ငါရည်းစားစကားတောင် မပြောရသေးဘူး၊ ကဲကွာ . . ပြောနေရင်ကြာတယ်"

"ဟာ . . စည်သူ ဘယ်တုန်းဟ"

ကျွန်တော်က လွယ်အိတ်ဆွဲထရပ်ရင်း . . .

"သွားမယ်လေ၊ ဟိုမှာ သူမတစ်ယောက်တည်း ဖြစ်နေပြီ၊ ရည်းစားစကား သွားပြောမလို့ပေါ့ . . ဟဲ ဟဲ"

စူပွပွပြောနေသံတွေကို ကျွန်တော်ကျောခိုင်းလိုက်တယ်။ နေရောင်ခြည် အုပ်မိုးခြယ်လှယ်နေတဲ့ ထီးအရိပ်အောက်က စားပွဲလေးမှာ ချစ်သောသူမက ထိုင်နေတုန်းပါ။ နေဘယ်လောက်ပူပူ သူ့ကိုတွေ့ရရင် ကျွန်တော့်ရင်တွေ အေးမြစေလောက်တဲ့ အလှတွေနဲ့ပေါ့။ ခပ်တည်တည်နဲ့ပဲ သွားလိုက်တယ်။

ဝင်ထိုင်တော့ မျှော်လင့်ထားသလို ကျွန်တော့်ကို ခရီးဦးကြိုမပြုပါဘူး။ ပုံပြင်ထဲက လိမ္မာသောကျေးလို ဤနေရာတွင် ထိုင်ပါ၊ အေးမြသောရေကို သုံးဆောင်ပါဆိုရင် တော်ဦးမယ်။ ခုတော့ သူ့စိမ်းတို့ရဲ့ ရိုးရာအတိုင်း တွေ့ဆုံကြုံကွဲမှုတာနဲ့ တဖက်ကိုလှည့်သွားတယ်။

ဒီလိုတော့လည်း မဖြစ်သေးဘူးလေ။ ကိုယ်နဲ့မဆိုင်သေးပေမယ့် ခွင့်မပိုင်သလို နေလို့မရတော့ဘူး။ အဖဲ့ ချစ်တာကိုး။

"သူမ တစ်ယောက်တည်းပျင်းနေပြီလား"

ကျွန်တော့်ကိုပဲ စောင့်နေသလို နှုတ်ဆက်လိုက်လို့ သူမမနေသာတော့ပါဘူး။ မျက်ခုံးကလေး တွန့်ကွေးကွေးလှည့်လာပြီး-



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ . . ဘာလို့ပျင်းရမှာလဲ၊ ပျင်းရင်တောင် ရှင်လာလို့ အပျင်းမပြေဘူး"

"သူမ အပျင်းပြေလောက်ရုံနဲ့ လာတာမဟုတ်ပါဘူးဗျာ၊ ဖြစ်နိုင်ရင် သူမကို အမြဲစိတ်ချမ်းသာစေချင်တာပါ၊ ခုတောင် သူမ ကြည်ပြာနဲ့ပတ်သက်ပြီး စိတ်ညစ်နေတယ် မဟုတ်လား"

စိတ်တိုဖို့ပြင်နေတဲ့ သူ့ပုံစံလေးဟာ အံ့ဩသလိုဖြစ်သွားတယ်။ ကျွန်တော့်ကို မျက်လုံးဝိုင်းလေးတွေနဲ့ ကြည့်ရင်း . . .

"ရှင်က ဘယ်လိုသိတာလဲ"

"သိတာပေါ့ဗျာ၊ သက်နိုင်နဲ့ကြည်ပြာက အရင်ကပဲ ကြိုက်ချင်သလိုဖြစ်နေတာ၊ ခု ကျွန်တော်နဲ့ သူမကြောင့် တကယ့်ကို ကြိုက်သွားကြပြီလေ"

"ထင်တော့ထင်သားပဲ၊ ကြည်ပြာ့ကိုကြည့်ရတာ တစ်မျိုးဖြစ်နေတယ်"

"ဒါနဲ့ . . သူမက ကြည်ပြာ့ကို စိတ်ဆိုးနေလို့လား"

"မဆိုးပါဘူး၊ ဒါပေမယ့် တစ်မျိုးပဲ ကိုယ့်ကိုအလေးမထားသလို ခံစားရတယ်"

သူ့မျက်နှာလေးမှာ ခံစားမှုအမျိုးမျိုးတွေ ယှက်ဖြာနေပါတယ်။ အဝေးကိုလှမ်းကြည့်ပြီး သက်ပြင်းအလီလီလည်း ချတယ်။ ကျွန်တော့်မှာ သူ့ကိုကြည့်ပြီး သနားနေမိပြန်ရော။ ဘာဖြစ်လို့ သူ ဒီလိုအတွေးတွေရှိနေလဲ ကျွန်တော်မသိရသေးဘူး။ သေချာတာကတော့ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြိုက်သွားတာကို မရှုစိမ့်တာမျိုးမဟုတ်ပေမယ့် သူများအောင်သွယ်လုပ်ပေးလို့ ချစ်သွားကြတာမျိုး



www.burmeseclassic.com

www.burmeseclassic.com



ကို မကြည့်နိုင်တာမျိုးပါ။ နားလည်ရခက်လိုက်တာ သူမရယ်လို့ပဲ စိတ်ထဲက ညည်းမိတော့တယ်။

"စိတ်ညစ်မနေပါနဲ့ သူမရယ်၊ ကျွန်တော်ပြောစရာ ရှိသေးတယ်၊ သူမမုန်းတဲ့ အောင်သွယ်အလုပ်တွေကို ကျွန်တော်မလုပ်တော့ဘူးသိလား"

"မယုံပါဘူး၊ ရှင် ဒီလောက်သတင်းလွှင့်ထားပြီးတော့"

"ယုံပါဗျာ၊ မလုပ်တော့ပါဘူး။ အလကားလျှောက်ပြောတာပါလို့ ဒီနေ့ပဲ လူဆယ်ယောက်ကို ပြောပြခဲ့ပြီ"

အဲဒီလိုပြောလို့ သူမပြုံးပါတယ်။ သချာ်နည်းအရ တွေးမိသွားလို့နေမှာပေါ့။ သူမအပြုံးလေးကြောင့်ပဲ ကျွန်တော့်ရင်တွေ ထူးခတ်လို့မရတော့ဘူး။

"သူမ . . ."

"ဘာလဲ . . ."

အသံက ဘောက်ဆတ်ဆတ် ပြန်ဖြစ်သွားတယ်။ ရပါတယ်။ အချိုသတ်ရတော့မှာပေါ့။

"ဩော် . . ကျွန်တော်ဘာဖြစ်လို့ အောင်သွယ်မလုပ်တော့တာလဲလို့ မမေးတော့ဘူးလား"

"ဘာလို့မေးရမှာလဲ၊ ရှင် စစ်တုရင်ကစားစရာရှိလို့ မအားလို့နေမှာပေါ့"

ကဲ . . မပြောဘူးလား။ ကျွန်တော့်အကြောင်းတွေ သူစိတ်ဝင်တစား စုံစမ်းထားတယ်ဆိုတာ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ပျော်သွားတယ်။ သူက မထုံတတ်တေးပုံစံလေးနဲ့ ပြန်ပြောနေတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဖူး သူမရဲ့၊ ကျွန်တော် အောင်သွယ်မလုပ်တာက သူမမုန်းတဲ့အလုပ်မို့လို့၊ ပြီးတော့ သူမကို . . ."

"ဝုန်း . . ."

"ဟာ . . ."

"အမေ့ . . ."

ရုတ်တရက် ကျွန်တော့်မျက်လုံးထဲမှာ မှောင်ကျသွားတယ်။ တစ်မျိုးမထင်ပါနဲ့။ ကားတစ်စီးက ခြေချော်လက်ချော် ကင်တင်းထဲကိုဝင်လာပြီး တိုက်သွားတာမဟုတ်ပါဘူး။ ကျွန်တော် သူမကို ဝုန်းခနဲ ထဖက်လိုက်တာလည်း မဟုတ်ပါဘူး။ ဖြစ်ပုံက ကျွန်တော်တို့ထိုင်နေတဲ့ စားပွဲကိုမိုးအုပ်ထားတဲ့ ထီးကြီးရဲ့ဝန်ရိုးက အထဲကိုကျွံဝင်သွားတာပါ။

ချက်ချင်းဆိုတော့ ဘယ်သူမှ လာမဆွဲတင်သေးဘူး။ အထဲက ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိဘူး။ သူ့ကိုလှမ်းကြည့်တော့လည်း မျက်နှာမသာမယာနဲ့ မချိမဆန့် ဖြစ်နေတယ်။ ခက်တော့ ခက်ပါပြီ။ ဒီထီးထဲမှာ အပျို လူပျိုလေး နှစ်ယောက်တည်းလေ။

"စည်သူ . . ဟာ . . လုပ်ဦးလေ"

"ဘာလုပ်ရမှာလဲ သူမရဲ့၊ ကျွန်တော်လည်း ညပ်နေတာပဲ"

"ကျွတ်စ် ဒုက္ခပါပဲ၊ လာမဆွဲတင်သေးဘူးလား မသိဘူး၊ လာရင်တော့ သေပြီသာမှတ်"

အဲဒီအချိန်မှာပဲ ခြေသံတွေကို ကြားလိုက်ရတယ်။ စားပွဲထိုးတွေ ပြေးလာနေကြပြီထင်တယ်။ အချိန်လေးရတုန်းဆိုပြီး . .

"သူမ . . ."



www.burmeseclassic.com

www.burmeseclassic.com



"အော် . . ဘာလဲ . . ဘာလဲ"

"ဩော် . . ခုမှ သူမနဲ့ကျွန်တော် တစ်မိုးအောက်ထဲကို တကယ်ရောက်သွားတာနော်၊ ကဗျာတွေထဲကလိုပေါ့"

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ၊ သူမကို ကျွန်တော်ချစ်တာပေါ့၊ ကျွန်တော့်ကို . . ."

ရည်းစားစကားက မဆုံးလိုက်ရှာဘူး။ ကျွန်တော်တို့နှစ်ယောက်ကို ပိနေတဲ့ထီးကြီးက မြောက်တက်သွားပါတယ်။ စားပွဲထိုးတွေကို ရန်တွေ့ဖို့မအားဘဲ သူမမျက်နှာလေးဟာ ရှက်သွေးတွေနဲ့ နီရွှေးနေတော့တယ်။ စစ်တုရင်စကားနဲ့ဆို ချောင်ပိတ်ပြီး ချက်ခံလိုက်ရတာကိုး။

"တောင်းပန်ပါတယ်ဗျာ၊ လက်ကိုင်ရိုးကိုကျပ်ထားတဲ့ မူလီက ချောင်သွားလို့ပါ"

"ရတယ် . . ရတယ်၊ အဲဒါလည်း ခပ်ကောင်းကောင်းပဲ"

"ဗျာ . . ."

"ဘာမှမဟုတ်ဘူး ပြန်တပ်ပြီးရင် သွားတော့ . . ."

ထီးကိုပြန်တပ်နေရင်း စားပွဲထိုးလေးက ပြုံတီတီပုံစံနဲ့ သဘောပေါက်သလို . . .

"အဟီး . . သိပြီဗျ၊ အကိုတို့က . . ."

"ဖော့တောင် သေချာကျပ်နော်၊ ဒီတစ်ခါပြုတ်ကျမှခင်း ပြောသလိုဖြစ်မှာ . . ."

"စည်သူ . . တော်တော့လေ၊ ဘာတွေလျှောက်ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ"

ရှက်ဝါးဝါးနဲ့ သူ့အသံလေးဟာ နားထောင်လို့ကောင်းလွန်းပါတယ်။ မျက်စောင်းလှဲလှဲကလည်း ကျွန်တော့်ကို ဆယ့်နှစ်ကြိုးအတတ်နဲ့ ပြုစားနေသလိုပဲ။ ရှုံးတယ်လို့ဆိုရင်တောင် ကျွန်တော့်အတွက်ကတော့ နေမြင့်နေပါပြီ။

* * * *

www.burmeseclassic.com

(၁၃)

အိမ်အပြန်လမ်း ကျောင်းကားပေါ်မှာတော့ ကျွန်တော့် အတွေးတွေ ဝေ့အူနေတယ်။ သူမနဲ့ပတ်သက်တာတွေကို စဉ်းစားမိ တိုင်း ရင်ထဲမှာလည်း တစ်မျိုးပဲ။ သူနဲ့ကျွန်တော် ခုလိုတဖြေးဖြေး နီးကပ်လာအောင် ကျွန်တော်ဖန်တီးခဲ့တယ်ဆိုရင် သူမစိတ်ဆိုးသွား မလား မသိဘူး။ ဒါပေမယ့်လည်း အချစ်ဆိုတာ အတင်းလုပ်ယူလို့ မရပါဘူး။ ကျွန်တော်ဘယ်လောက်ပဲ ပရိယာယ်သုံးသုံး သူမ,ချစ်တတ် မှ ဒီဇာတ်လမ်းက ဆုံးတော့မှာလေ။ ကျွန်တော်ဘက်က အားကိုး စရာဆိုလို့လည်း အချစ်တစ်ခုပဲကျန်တော့တယ်။

တွေးရင်းနဲ့ တစ်နေ့ညက သက်နိုင်ထွန်း ကျွန်တော့်ဆီ ဖုန်း ဆက်လာတာကို ပြန်ကြားယောင်မိနေသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ဒီလောက်မြန်မြန်ကြီး ကြည်ပြာနဲ့ အဆင်ပြေသွားလိမ့်မယ်လို့ လုံးဝမထင်ထားပါဘူး စည်သူရာ၊ သူအဖြေပေးတာကို အိပ်မက်လို့တောင် ထင်နေသေးတယ်၊ ဒါပေမယ့် ကြည်ပြာက မင်းရဲ့မိုးသူမကို အားနာနေတာကွ၊ သူ့ရှေ့မှာ ငါတို့ချစ်သူတွေလိုမနေဖို့ တားထားတယ်၊ ငါလည်း နားလည်ပါတယ်ကွာ၊ မင်းရဲ့မိုးသူမကိုပဲ နားမလည်နိုင်တာ၊ ဘာပဲဖြစ်ဖြစ် မင်းကိုတော့ ကျေးဇူးတင်တာတကယ်ပဲ၊ မင်းကို ငါတစ်ရက်လိုက်ပြုစုဦးမယ် ပော့ကောင်"

ခုတော့ သူတို့ဘယ်လိုပဲနေနေ သူမ,သိသွားပါပြီ။ သူတို့အဆင်မပြေတာပဲ အကောင်းသားလို့ သူမဘက်က တွေးမိသေးတယ်။ ဘယ်သူတွေ ဘယ်လိုပဲဖြစ်ဖြစ်ပါ။ ကျွန်တော့်ရဲ့ အန္တိမရည်မှန်းချက်ကတော့ သူမအချစ်ကို လက်ဝယ်ပိုင်ပိုင်ရရေးပါပဲ။ အဲဒီအတွက် ဘယ်အရာပဲဖြစ်ဖြစ် ဦးဆွေးဆံမြေ့ ကျွန်တော်ထမ်းဆောင်ရဲရမယ်။

အိမ်ထဲလှမ်းဝင်လိုက်တာနဲ့ မေမေရဲ့ စူပွပွအသံကို အရင်ကြားလိုက်ရတယ်။ ကျွန်တော့်ကို လှမ်းပြောတာတော့ မဟုတ်ပါဘူး။ ဦးလေးနဲ့မေမေ တစ်ခုခုကို အငြင်းအခုံ ဖြစ်နေကြတာမျိုးပါ။

ကျွန်တော့်ကိုမြင်တော့ မေမေက တိုင်တည်သလိုနဲ့ကြည့်ပြီး . . .

"သားရယ် . . မင်းဦးလေးကို ကြည့်ပြောပါဦး"

မေမေပြောလို့ ဦးလေးကို ကြည့်လိုက်တယ်။ မျက်နှာကြီးရှုတ်တွပြီး ဘာဖြစ်နေလဲ မသိဘူး။ ဘာပြောရမှန်း မသိသေးတော့လည်း ဒါကြီးကိုပဲ ကြည့်နေရသေးတာပေါ့။ မေမေကပဲ . . .

"မေမေ့ဗိုက်က အနာကောင်းသွားပြီဆိုပေမယ့်လည်း သား



www.burmeseclassic.com

www.burmeseclassic.com



ချည်း နောက်ထပ် လေးငါးဆယ်ရက်လောက် ဆိုင်ခဏထိုင်ပေးပါဦး လို့ပြောတာကို မရတော့ဘူး၊ ဘယ်တော့မှလည်း အလုပ်လုပ်ချင် မှာ မဟုတ်ဘူး"

"ဟာ . . အစ်မကလည်းဗျာ၊ တခြားအလုပ်ဆို ဘာဖြစ်ဖြစ် လုပ်ပေးမယ်ဗျာ၊ ဆိုင်တော့ မထိုင်ချင်တော့ဘူး"

"ဟဲ့ . . နင်အရင်တစ်ပတ်က ဘာဖြစ်လို့ သွားထိုင်သေးလဲ၊ ဒါဆို တစ်ရက်၊ နှစ်ရက်လောက်ပဲ ဆက်ထိုင်ပေးတော့"

"အဲဒီ တစ်ရက်၊ နှစ်ရက်လောက်ကို မဖြစ်တာ၊ အစ်မ မသိ ပါဘူးဗျာ"

မမေက တဗျစ်တောက်တောက် ဖြစ်နေသလို ဦးလေး ကလည်း ခါးခါးသီးသီးပါပဲ။ ကျွန်တော့်မှာ စဉ်းစားရသေးတယ်။ ကြားသုံးကြားထဲမှာ မောင်နှမကြားကော ဝင်လို့ကောင်းပါ့မလားလို့ ပါ။ တစ်ဖက်ကလည်း ကျေးဇူးရှင်မွေးသမိခင်၊ တစ်ဖက်က ဦးလေး အရင်းခေါက်ခေါက်ကြီး။ မနေသာလို့ မေးယူကြည့်တော့မှ ပြဿနာ ရဲ့ အတိမ်အနက်ကို သိရတော့တယ်။ ဒီလိုပါ။

ကျန်းမာရေး ပြန်ကောင်းနေပေမယ့်လည်း မမေက အိမ် မှာနားချင်သေးလို့ ဦးလေးကို ဗိုလ်ချုပ်ဈေးကဆိုင် ခဏထိုင်ခိုင်းထား တာ အရင်ဆယ်ရက်လောက်အထိ ဘာမှပြောသံမကြားရဘူး။ ခုမှ ကောက်ခါငင်ကာ မထိုင်ချင်တော့ဘူးဆိုပြီး ဦးလေးက ထဖြစ်တာတဲ့။ ကျွန်တော်လည်း ညှိလို့မရတဲ့အဆုံး ဘယ်သူမှမထိုင်ချင်ရင် ကျွန်တော် ပဲ ကျောင်းဖျက်ပြီး သွားထိုင်မယ်လို့ စိတ်ပေါက်ပေါက်နဲ့ ပြောပစ် ခဲ့တယ်။ အဲဒါပဲ ပြဿနာကို ဖြေရှင်းတဲ့နေရာမှာ တော်ယနည်းလမ်း



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ်ဆိုတာ။ အဟီး . . ပိုင်တယ်နော်။

ညဖက်ရောက်တော့ ကျွန်တော့်အခန်းထဲကို ဦးလေးဆိုင်းမပါ၊ ပုံမဆင့်ပဲ ရောက်ချလာတယ်။ ဒီနေရာမှာ ဖြုန်းစားကြီးဆိုတာထက် ငတက်ပြားလို တိတ်တိတ်ကလေး ချွတ်နင်းဝင်ရောက်လာတာမျိုးကို ဆိုလိုချင်တာပါ။ မလာစဖူး အလာထူးလို့ ကျွန်တော်တောင် အံ့အားသင့်သွားတယ်။ ဦးလေးက ကျွန်တော့်ဘေးနားမှာ တပ်ထိုင်ပြီး မချိုပြုံးလေး အရင်ပြုံးပြတယ်။ ပြီး အိမ်သားသုံးယောက်ပဲရှိတဲ့အိမ်မှာ ဒီအချိန်မေမေလည်း ကျွန်တော့်အခန်းကို မလာတတ်မှန်းသိရက်နဲ့ မလုံသလို ကျိုးတိုးကျားတား ကြည့်နေသေးရဲ့။

ကျွန်တော် ဘာမှမပြောသေးပါဘူး။ သူ့အထင် စိတ်ချရတဲ့အနေအထားရောက်မှ လေသံတိုးတိုးနဲ့ . . .

"စည်သူ . . ."

"ဘာလဲဗျ . . ."

ဘောက်ဆတ်ဆတ် ပြန်ထူးလိုက်လို့ ဦးလေးမျက်နှာ ပိုအိုစာသွားတော့တယ်။ အားပြန်တင်းလိုက်တဲ့ ပုံစံမျိုးနဲ့ ပင့်သက်ကိုရှိုက်ပြီး . . .

"မင်းပြောလည်း ခံရတော့မှာပဲ၊ ငါတော့ ရောဂါတက်နေပြီစည်သူရာ"

"ရောဂါ ဟုတ်လား၊ ဘာရောဂါတုန်းဗျ"

မယုံတဝက်နဲ့ ပြန်မေးမိတယ်။ ဦးလေးပုံစံက အလတ်ကြီးပါ။ ဆိုင်းမသွားချင်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး လိပ်ခေါင်းရောဂါလားလို့ ကြောင်တောင်တောင် တွေးမိသေးတယ်။ မဖြစ်နိုင်ဘူး၊ ဦးလေးက

www.burmeseclassic.com



လူတစ်ယောက်ကိုလိုက်ပြီး ဖင်လှန်ပြနေမှာမှ မဟုတ်တာဘဲ။

"ဖီနိုင်းအီသိုင်းအေမင်း ဆိုတာ မင်းကြားဖူးလား"

"ဟင့်အင်း . . မကြားဖူးဘူး၊ ဒါပေမယ့် HIV - AIDS မဟုတ်ရင်တော့ ကုလို့ရမှာပါဗျ"

"မင်းကွာ၊ လွဲပါစေ ပယ်ပါစေ"

ဦးလေးမျက်နှာက သင်္ဘောသီးမှည့်လို ညိုပြသွားတယ်။ ဟုတ်တယ်လေ။ ကြားဖူးလားဆိုတော့ ကြားဖူးတာကိုပဲ ပြောရတာကိုး။

"ရောဂါဆိုတာ တင်စားတာပါ၊ ဖီနိုင်းအီသိုင်းအေမင်း (Phenylethy-Lamine) ဆိုတာ ဦးနှောက်အကျိတ်တစ်ခုထဲက ထွက်တဲ့ ဓါတုပစ္စည်းတစ်မျိုးကွ၊ သူ့ကို (PEA) လို့ အတိုကောက် ရေးကြတယ်"

"ဟာ . . ဒါဆို ဦးလေးက ဦးနှောက်အကျိတ်ရောင်နေတာပေါ့၊ ဒုက္ခပါပဲဗျာ"

"နေစမ်းပါဦး စည်သူရာ၊ စွတ်မပြောနဲ့၊ လူတစ်ယောက်ကို မြင်မြင်ချင်း ချစ်မိသွားတဲ့အခါမျိုးမှာမှ အဲဒီ (PEA) က ထွက်လာတာ၊ ကတုန်ကယင်တွေဖြစ်ပြီး ရင်ခုန်လာမယ်၊ တလှပ်လှပ်နဲ့ သွေးဖိအားလျော့သွားမယ် ဒါမျိုးတွေပေါ့၊ (PEA) ကပဲ ဆန္ဒကျင်ဘက်လိင်ကို တပ်မက်စေတဲ့သဘောပဲ"

နည်းနည်းတော့ ရိပ်မိလာပါပြီ။ ဒါပေမယ့် ဖားလေး ... ခေါင်းလေးပျော့ပါစေဆိုပြီး လွှတ်ထားပေးလိုက်တယ်။

"အဲဒီ (PEA) က အမြဲတမ်းတော့ ရှိမနေဘူးကွ၊ သုံးလေး



www.burmeseclassic.com

www.burmeseclassic.com



နှစ်လောက်ကျရင် ပျောက်သွားတတ်တာမျိုး၊ ပြီးမှ ပြန်ပေါ်လာတတ်တာမျိုးလေ"

"အင်း . . သဘောပေါက်လာပြီ"

ကျွန်တော် အလိုက်သင့်လေး မဖိမဖော့ ထောက်ခံလိုက်တယ်။ သူကဆက်ပြီး ရှည်လျားထွေပြားပါတော့တယ်။

"အေး . . ငါ့ဘဝမှာလည်း (PEA) ပေါ်ခဲ့ဖူးတာပေါ့ကွာ၊ အဲဒါတွေ ကွယ်ပျောက်သွားပြီး ခုချိန်မှ (PEA) က ငါ့ဦးနှောက်မှာ ပြန်ထွက်လာလား မသိဘူး၊ ငါတစ်ယောက်ယောက်ကို ထပ်ပြီး ရင်ခုန်မိနေပြီကွ"

"ဒီမှာ ဦးလေး . . ."

"ဟေ . . ."

ကျွန်တော် ရုတ်တရက် ဖြတ်ခေါ်ချလိုက်လို့ ဦးလေးအရှိန်ပျက်ပြီး လန့်သွားတယ်။ တော်တော်လျှာရှည်တဲ့ ဦးလေးကို ပညာပေးရတော့မှာပဲ။

"ဦးလေးပြောတာတော့ ဟုတ်ပါပြီ၊ ဒါနဲ့ ဦးလေး အင်ဒရူးကာနတ်ဂျီကို သိလား"

"ဟေ . . ဘာကာနတ်ဂျီ၊ ဟို ဖိနိုင်းအီသိုင်းအေမင်းလို ဓါတုပစ္စည်းမျိုးလား"

သေသာ သေလိုက်ချင်ပါတော့တယ်။ ဘယ်အကျိတ်က ထွက်သလဲဆိုရင် ဖြေတတ်တော့မှာ မဟုတ်ဘူး။ ပေါင်ခြံက ထွက်တယ်လို့ ငေါ့ပြီး ပြောမိမှာ။ အင်းလေ . . ဦးလေးအောင်အေးမှာကလည်း လိင်ကိစ္စနဲ့ပတ်သက်တဲ့ စာအုပ်တွေပဲရှိတာဆိုတော့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကိုဖြေပေးရပါတယ်။

"အင်ဒရူးကာနက်ဂျီဆိုတာ သံမဏိလုပ်ငန်းရှင်ကြီးဗျ၊ ဒေးကာနက်ဂျီနဲ့ ဘာတော်သလဲတော့ ထပ်မမေးနဲ့နော်"

ဦးလေးက အူတူတူနဲ့ ခေါင်းညိတ်ပြတယ်။ သူ့ရင်ခုန်တဲ့ ကိစ္စမှာ ဘယ်က သံမဏိလုပ်ငန်းရှင်ကြီး ပါလာရတာလဲလို့ ဘဏ် တိမ်တိမ်လေးနဲ့ တွေးချင်တွေးနေမှာပေါ့။

"အဲဒီ အင်ဒရူးကာနက်ဂျီက တစ်ရက်မှာ သူ့ဆီအလုပ်လာ လျှောက်တဲ့ လူငယ်နှစ်ယောက်ကို ကြိုးချည်ထားတဲ့ အထုပ်တစ်ထုပ် ဖြည်ခိုင်းတယ်ဗျ"

"အင်း . . ."

အဲဒီ အင်းကလည်း ယောင်တောင်တောင် အင်းပါပဲ။

"အဲဒီမှာ တစ်ယောက်က ကြိုးကို သေသေသပ်သပ် ဖြည် တယ်။ တစ်ယောက်ကတော့ ကြိုးကို ကတ်ကြေးနဲ့ညှပ်ပြီး အမှိုက် ခြင်းတောင်းထဲကို လုံးထွေးပစ်ထည့်လိုက်တယ်။ အင်ဒရူးကာနက်ဂျီ က သေသေသပ်သပ်ဖြည်ပြီး ကြိုးစကို အံဆွဲထဲထည့်တဲ့သူကို မရွေး ဘဲ အမြန်ဖြည်လိုက်တဲ့သူကိုပဲ ရွေးလိုက်တယ်ဗျ"

"ဘာ . . ဘာဆိုင်လဲကွာ၊ ငါ့ကိစ္စနဲ့ . . ."

"လာမယ်လေ၊ အင်ဒရူးကာနက်ဂျီ ပြောတဲ့စကားဟာ နာမည်တွင် ကျန်ခဲ့တယ်ဗျ၊ ဘာလဲဆိုတော့ ကြိုးကို ချွေတာတဲ့ခေတ် မဟုတ်ဘူး၊ အချိန်ကို ချွေတာတဲ့ခေတ်တဲ့၊ ဦးလေး သဘောပေါက် ပြီလား"

အဲဒီတော့မှ ဦးလေးမျက်နှာကြီးက စပ်ဖြဲဖြဲ ဖြစ်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူလျှာရှည်ပြီး ဇေ့ဗိုက်နေတာကိုပြောမှန်းယည်း သဘော ပေါက်သွားရောပေါ့။

"အဟီး . . လူကြီးဆိုတော့လည်း ကွေ့ဝိုက်ပြီး ပြောရတာ ပေါ့ကွာ၊ မင်းကလည်း . . ."

"ကဲပြော၊ ဆက်စပ်စဉ်းစားကြည့်ရင် အန်တီသီသီမှ ဟုတ် ရဲ့လား"

"အဟီး . . အဟီး"

ဒါမျိုးကျတော့ စကားဇွောင် မပြောတော့ဘူး။ ဒီအချိန်မှ လျှာထိုးရှည်ရင်လည်း အင်ဒရူးကာနတ်ဂျီ ရွေးလိုက်တဲ့လူကိုခေါ်ပြီး ကတ်ကျေးနဲ့ ညှပ်ခိုင်းလိုက်တော့မယ်။

"အခြေအနေက ဘယ်လိုဖြစ်နေပြီလဲ၊ ပြောပါဦး"

"အကြည့်တွေနဲ့တော့ သိနေကြပြီပေါ့ကွာ၊ သေချာအောင် လို့ စာတစ်စောင်ပေးထားတယ်၊ အဲဒါကြောင့် ဆိုင်ကို ငါမသွားရဲ တာပေါ့"

"အလဲ . . . ဒီလိုကိုး၊ တစ်ခါထဲ သဗ္ဗေသတ္တာ ကာမွှသကာ လို့ကောထည့်ရေးလိုက်ရဲ့လား"

"ဟာကွာ၊ ဒီခေတ်မှာ ရေးလို့ဘယ်ဖြစ်မလဲကွ၊ မင်းကလည်း ချေးခြောက်ကို ရေနူးနေပြန်ပြီ"

ခုကျတော့လည်း သူ့အချစ်ဟောင်းကို ချေးခြောက်နဲ့နှိုင်း ပါပြီတော့တယ်။ တော်တော်တရားကျဖို့ကောင်းတဲ့ ဦးလေးပါ။ ငါးမိမ်း မြင်တွေ့လည်း ထပ်ကာင်စားချင်တဲ့သဘောပေါ့။

"အန်တီသီသီဘက်ကကော ဘယ်လိုလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အနေနဲ့ကတော့ကွာ၊ အရင်ထက် ပြင်ဆင်လာတာမျိုးတော့ ရှိတယ်၊ အပျိုကြီးဆိုတော့လည်း ထိန်းထိန်းသိမ်းသိမ်း နေ့နေတာပေါ့၊ သိပ်မပွင့်လင်းရဲဘူးလို့ ငါယူဆမိတာပဲ"

"အပျိုကြီးတွေကလည်းဗျာ . . ."

"ဟ . . ဘာဖြစ်လို့လဲကွ"

"ဘာဖြစ်ရမှာလဲ၊ အပျိုကြီးဆိုတာ လင်လိုချင်ရင် ဖီးလိမ်းပြင်ဆင်ပြီး ငြိမ်နေလို့မရဘူးဗျ၊ ကိုယ်ကိုတိုင်ကပါ နန့်ပြရသေးတယ်၊ ဦးလေးသိရဲ့လား"

"ဟာ . . ဟောကောင် . . ဟောကောင် မိုက်ရိုင်းလိုက်တာကွာ"

"မသိဘူး၊ ရှေးလူကြီးတွေပြောတာကို ပြန်ပြောပြတာ"

"အေး . . ထားပါတော့ကွာ၊ ခု မင်း ငါ့ကို ကူညီပါဦး"

"ဗုဒ္ဓေါ . . ကျွန်တော်က . . ."

"အေးလေ . . မင်းပဲ မနက်ဖြန် ဆိုင်သွားထိုင်မှာဆို၊ သိသိဆီသွားပြီး တော်ကီပစ်ပေးလေကွာ၊ ငါ့တူကလည်း . . ."

ကျွန်တော် စဉ်းစားရပါတော့တယ်။ ဦးလေးကို ဒီအသက်၊ ဒီအရွယ်ထိ ကျွေးမွေးပြုစုလာခဲ့ပြီးမှ အိမ်တစ်ဆောင်၊ မီးတစ်ပြောင်နဲ့လည်း ဖြစ်စေချင်ပါပြီ။ တူတို့ရဲ့ ဝတ္တရားရှိသည့်အတိုင်းတော့ အောင်သွယ်ပေးရတော့မှာပေါ့။

"အင်းလေ . . ကျွန်တော် ကြည့်ကျက်လုပ်ပေးမယ်၊ သူပြီးသွားရင်တော့ ဦးလေးတို့ အိမ်ခွဲနေနော်၊ ဒီမှာ လာမနေနဲ့"

"ဘာဖြစ်ပြန်ရတာတုန်းကွ၊ ကြိုက်ဖြင့် မကြိုက်ရသေးဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုပြောထားတာ . . ကြိုပြောထားတာ၊ တော်ကြာ ကိုယ့်တူလေး မဖွယ်မရာတွေမြင်ပြီး အိုတူယူမှားမှာကို မတွေးမိဘူးလား"

"ဒီလဒလေးကတော့ကွာ၊ အေး အေး . . ."

ကျွန်တော့်အခန်းထဲ ဝင်လာတုန်းက ကုတ်ချိချိနိုင်သလောက် ပြန်ထွက်သွားတော့ မာစ်အန်ထော်နီလို ရင်ကော့ပြီး ဦးလေးထွက်သွားပါတယ်။ မာစ်အန်ထော်နီကလည်း ကလီယိုပါထရာကို သူ့နိုင်ငံတောင်ပေးမယ်လို့ ဂတိပေးဘူးတာဆိုတော့ ဦးလေးလည်း အန်တီသီသီဆို ဒီအိမ်ကြီးမပေးဘူးလို့ ဘယ်ပြောနိုင်မလဲ။ အဲဒါကြောင့် ကြိုကန်ထားရတာ။ ပြောလို့ရတာ မဟုတ်ဘူး။ အမွေကိစ္စတွေက ရှုပ်တယ်။

အောင်သွယ်လုပ်ရဦးမယ်ဆိုတော့ မဆီမဆိုင် သူမကို သတိသွားရပါတယ်။ ကျောင်းထဲမှာ မဟုတ်တော့ သူမဘယ်သိနိုင်ပါ့မလဲ။ သူမကိုချစ်လွန်းလို့ဆိုပြီး ကျွန်တော်အောင်သွယ်လုပ်မှာကို လာဖျက်ခိုင်းရင် ကောင်းမလားမသိဘူး။ သူမကတော့ လာမှာသေချာပေါက်ပဲ။ ကျွန်တော့်မှာပဲ ဦးလေးဆီမှာ နဘန်ကျင်းခံရမှာ။ လက်သိပ်ထိုးလေးပဲ လှုပ်ရှားလိုက်တော့မယ်။ ဟဲ ဟဲ . . .။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၄)

နောက်နေ့မနက်မှာ ကျောင်းမတက်ဘဲ ဗိုလ်ချုပ်ဈေးထဲက အန်တီသီသီရဲ့ဆိုင်ကို ရောက်သွားတယ်။ မနက်ခင်းဆိုတော့ အန်တီသီသီက ဆိုင်ခင်းကျင်းနေတုန်းပဲ။ သူ့ဝန်ထမ်းအမျိုးသမီးတွေနဲ့ အလုပ်ရှုပ်နေကြတယ်။ ဖြစ်ချင်တော့ အန်တီသီသီရဲ့ဆိုင်က အမျိုးသမီးအတွင်းခံအဝတ်အစားတွေ ရောင်းတဲ့ဆိုင်ပါ။

ကျွန်တော့်ကိုမြင်သွားတဲ့ ဝန်ထမ်းအမျိုးသမီးတစ်ယောက်က ပြေးထွက်လာပြီး . . .

"မောင်လေး . . ဘာအလိုရှိလို့လဲ မသိဘူး"

"အဟီး . ..."

ဟုတ်တယ်လေ။ ဒီဆိုင်က ဘာပစ္စည်းကိုလိုချင်လို့ ပြောရ



www.burmeseclassic.com

www.burmeseclassic.com



မှာလဲ။ ဒီလိုပဲ ရယ်ပြလိုက်ရတာပေါ့။ အန်တီသီသီကလည်း ကျွန်တော့်ကို မမြင်သေးဘူး။ အမျိုးသမီးကလည်း ကျွန်တော်ရယ်ပြတာကို-

"အားမနာပါနဲ့ မောင်လေးရယ်၊ ဆိုင်မှာက ဒီလိုပဲ လူကြီး၊ လူငယ်တွေ လာဝယ်ကြတာပဲ၊ တချို့ကောင်လေးတွေဆိုရင် အမေအတွက်၊ ညီမအတွက်၊ တချို့လူကြီးတွေဆိုရင်လည်း ညီမလေးတွေအတွက်ပေါ့၊ အဟင်း . . ပြော မောင်လေးက ဘယ်ဆိုဒ်လိုချင်တာလဲ၊ အပေါ်လား အောက်လား"

အခေါ် အပြောကတော့ ညက်နေတာပဲ။ ဒါပေမယ့်လည်း ဝယ်ပေးစရာ လူမှမရှိတာ။ အန်တီသီသီကိုပဲ လက်ညှိုးထိုးပြလိုက်ပါတယ်။ ဒီနေရာမှာ အပေါ်အောက် ခွဲမနေတော့ပါဘူး။ တစ်ကိုယ်လုံးကိုရည်ညွှန်းပြီး ထိုးပြလိုက်တာပါ။

အမျိုးသမီးက မျက်လုံးကို ဟန်လုပ်ဝိုင်းပြရင်း အံ့သြသလိုနဲ့ . . .

"ဩော် . . မမသီလော်က် ဟုတ်လား၊ အဲဒါဆိုရင်တော့ ကြားဆိုဒ်မောင်လေးရဲ့ သုံးဆယ်နဲ့ . . . "

"ဟာ . . မဟုတ်ဖူးဗျ၊ အန်တီသီသီနဲ့ တွေ့ချင်တယ်လို့ ပြောတာ"

အမျိုးသမီး နဝေတိမ်တောင် ဖြစ်သွားတယ်။ ကျွန်တော့်အသံ ကျယ်သွားလို့လား မသိဘူး။ အန်တီသီသီကြားသွားပြီး စည်သူပါလားလို့ပြောရင်း ရှေ့ထွက်လာပါတယ်။

"အန်တီလေး နေကောင်းလား ဟဲ ဟဲ . . . "

အန်တီသီသီ မျက်နှာတစ်မျိုးဖြစ်သွားတယ်။ ဦးလေးစာပေး



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး တူကရောက်လာတာကိုး။ ဒါပေမယ့် ကျွန်တော့်အမေးကို မကောင်းနင့်အပူပါလားလို့ မဖြေပါဘူး။ ရှိုးတိုးရှန်းတန်းတောင် ဖြစ်သွားသေးတယ်။

ပြီးမှ မပွင့်တပွင့်လေသံနဲ့ . . .

"စည်သူ . . သားလာလေ အထဲကို . . ."

"ဟုတ်ကဲ့ . . ."

အန်တီသီသီ ထိုင်တဲ့စားပွဲက ဆိုင်အတွင်းထဲမှာပါ။ အဲဒါကြောင့်လည်း ကျွန်တော့်မှာ ဘာရာစီယာနဲ့ ဆပ်စပန်ဒါပင်လယ်ကြီးကို ကူးဖြတ်သွားရတယ်။ မျက်စိထဲမှာ အရောင်မျိုးစုံပါပဲ။ နှစ်ယောက်သား ထိုင်မိကြတော့ . . .

"ကဲဆို ဘာကိစ္စလဲ"

ဒီအပျိုကြီး သိသိကြီးနဲ့မေးမှန်း ကျွန်တော်သိတာပေါ့။ ဦးလေးကြိုက်မယ်ဆိုလည်း ကြိုက်ချင်စရာပါ။ အန်တီသီသီရဲ့ အလုံးအဆစ်ကို ပြောမနေတော့ပါဘူး။ ဟိုအမျိုးသမီးပြောသလို ကြားဆိုဒ်ပဲထားလိုက်တော့။

အန်တီသီသီကို စေ့စေ့ကြည့်ပြီးမှ ကျွန်တော်က ခေါင်းခါလိုက်ရင်း . . .

"အိမ်က ဦးလေးပေါ့ဗျာ"

အန်တီသီသီမျက်နှာ ရဲခနဲဖြစ်သွားတယ်။ ဦးလေးဘယ်လောက်ခံစားနေရကြောင်းတွေ၊ အိပ်မပျော်စားမဝင် ဖြစ်တဲ့အကြောင်းတွေ ပြောတော့မယ်လို့ ထင်ချင်ထင်မှာပေါ့။ မပြောနိုင်ပါဘူး။ အိမ်က ကျွန်တော်ထွက်လာတော့ ဦးရီးတော်က နွားနို့တစ်ခွက်သောက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ချစ်စိန်လွင်ရဲ့ ဆောင်ကြာမြိုင်မှတ်တမ်းကို ဖတ်ပြီးကျန်ခဲ့တာ။ ဘေးမှာတောင် သိန်းဖေမြင့်ရဲ့ တက်ဘုန်းကြီးစာအုပ်ကို ဖတ်ဖို့အရံသင့်ချထားသေးတယ်။ ဒီနေရာမှာတော့ ကျွန်တော်ရှုံးသွားရမယ်။

"သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ဆိုတာ ကျွန်တော်နားလည်ပါတယ် အန်တီလေးရာ၊'ဒါပေမယ့် ဒီအရွယ်ကြီးရောက်မှ ဦးလေးဒီလိုလုပ်တာကိုတော့ ခွင့်မလွှတ်နိုင်ဘူး၊ အန်တီလေးကိုလည်း အရမ်းအားနာတာပဲ"

"စည်သူ . . သား၊ အဲလိုမဟုတ် . . ."

"မဟုတ်တာတွေ လျှောက်လုပ်မှန်း ကျွန်တော်သိသားပဲ၊ ဦးလေးဗျာ . . ဒီလောက် အတန်တန်ပြောထားတဲ့ကြားထဲက ရအောင်လုပ်သေးတယ်၊ ကိုယ့်မှာလည်း အလုပ်အကိုင်ရှိတာ မဟုတ်ဖူး၊ သူများသားသမီးကို စိတ်ဒုက္ခပေးသလို ဖြစ်နေဦးမယ်၊ တကယ်ချစ်ရင်လည်း မျိုသိပ်လိုက်ပေါ့၊ ဘာလဲ တတိယအရွယ်၏ ပထမဝေဒနာဆိုလား၊ ပေါ်တောတောနဲ့ဗျာ၊ အန်တီလေးမျက်နှာကို ဘယ်လိုကြည့်ရမှန်းတောင် မသိတော့ဘူး၊ မေမေက ပြောသေးတယ်"

"ဟင် . . မမ သိသွားပြီလား"

အန်တီသီသီ မျက်စိမျက်နှာပျက်သွားရင်း အထိတ်တလန့်မေးလာတယ်။ ကျွန်တော်က လက်ကာပြရင်း . . .

"မေမေကတော့ ဘယ်သိဦးမလဲ၊ ခု ဦးလေးဆိုင်မထွက်တော့လို့ ဗျစ်တောက်,ဗျစ်တောက်ပြောနေတာ၊ သိရင်တော့ မလွယ်ဘူး"

"ဟင်း . . တော်ပါသေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . ."

"ဩော် . . မမသိသွားတော့ အင်း . . အဲ . . ."

သူ အူတီးအူကြောင်ဖြစ်နေတုန်း ကျွန်တော်က အခွင့်ကောင်းယူပြီး . . .

"ဒါနဲ့ အဲဒီစာကရော၊ အန်တီလေး စိတ်ဆိုးပြီး ဖြဲပစ်လိုက်ပြီလား"

"မဖြဲ . . မဖြဲပါဘူး"

"ဒါဆိုလည်း ပေး၊ ကျွန်တော်ပဲ ပြန်ယူသွားမယ်၊ ဦးလေး ကိုယ်စား တောင်းပန်ပါတယ် အန်တီလေးရယ်"

"စည်သူ . . ဒါက ဒီလို . . အဲ . . ."

"သိပြီ၊ အန်တီလေး အိမ်မှာ ကျန်ခဲ့တာလား"

အန်တီသီသီ အသက်ရှူချောင်သွားပုံရတယ်။ သက်ပြင်းကို ဆွဲချရင်း . . .

"ဟုတ်တယ်၊ အိမ်မှာ ကျန်ခဲ့တာထင်တယ်"

"ဒါဆိုလည်း နောက်နေ့မှ လာယူတော့မယ်ဗျာ၊ အိမ်လိပ်စာပေးလိုက်တော့ . . ."

အိမ်လိပ်စာယူပြီး ခပ်တည်တည်နဲ့ ကျွန်တော်ထွက်လာခဲ့တယ်။ အပျိုကြီးကို ပလီပလာသွားလုပ်ရင် ကညာစစ်နေမှာစိုးလို့ ခုလို ကကက်ကင်းရိုက်လိုက်တာပါ။ အန်တီသီသီတော့ ရင်မောပြီး ကျန်ခဲ့မှာပဲ။ အိမ်က ဦးလေးသာ ဒီစကားတွေကြားရင် ဖြီးထိုးမလား မသိဘူး။ ကျွန်တော်ဆိုတဲ့ ကောင်ကလည်း ခက်ပါတယ်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၅)

အိမ်ပြန်ရောက်တော့ ဦးလေးက ဖတ်လက်စစာအုပ်ကိုချ ရင်း အမောတကော လာမေးတယ်။ ဖြစ်ကြောင်းရယ်ကုန်စင်ကို စုန်ချည်၊ ဆန်ချည်ပြောပြလို့ မဖြစ်ပါဘူး။ နားဖာထုတ်ခံရမှာပေါ့။ ဒါက နားရင်းအုပ်တာကို ဗားရှင်းပြောင်းထားတဲ့ စကားပါ။ ဦးလေး ကို အဆင်ပြေမှာပေါ့ဗျာ။ မလောပါနဲ့လို့ မယုတ်မလွန် ပြောထား ရတယ်။ ဒါတောင် ဒင်းက သိပ်ကျေနပ်လှတယ် မဟုတ်ဘူး။ အင် ဒရူးကာနတ်ဂျီကို သတိရနော်ဆိုပြီး ကျွန်တော့်ကို ပြန်ဖွဲ့သေးတာ။

နောက်နေ့ကျတော့ မေမေက ကျွန်တော့်ကို ကျောင်းမဖျက် စေချင်တာနဲ့ ဆိုင်ပြန်ထွက်ပါတော့တယ်။ ဒီလိုဆိုတော့လည်း ကျောင်း တက်ရပြီပေါ့။ သူငယ်ချင်းတွေဆိုတာ ဘယ်အချိန်တွေ့တွေ့ရတာမို့



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ သူမကို လိုက်ရှာမိတယ်။ စာသင်ခန်းထဲမှာလည်း မရှိဘူး။ ကြည်ပြာတို့အုပ်စု သွားမေးတော့မှ ကင်တင်းနာမည်တစ်ခုကို ပြောပြတယ်။ ကျွန်တော်လည်း တန်းတန်းမတ်မတ်ကြီးကို ရောက်သွားပါတယ်။ (ဒီနေရာမှာ ပုံမဖော်ပါနဲ့။ ဘယ်ကိုမှ ကွေ့ဝိုက်လိုက်ရှာစရာမလိုဘဲ ရောက်သွားတာကို ဆိုလိုတာပါ။)

ကျွန်တော့်ကိုတွေ့တော့ သူမက ရည်းစားစကားပြောခံထားရတဲ့ တခြားသော မိန်းကလေးတွေလို ရှက်စနိုးတွေ၊ ဘာတွေ ဖြစ်မသွားပါဘူး။ မကြည်မလင်တဲ့ ဟန်လေးနဲ့ မျက်နှာလေးတောင် မဲ့သွားသေးတယ်။ ရပါတယ်။ ဒါလည်း မိန်းမမာယာလေးဆယ်ထဲမှာ ရောဒတီလို့ ဖွင့်ဆိုထားတယ် မဟုတ်လား။

ကျွန်တော်လည်း သူနဲ့မျက်နှာချင်းဆိုင်ခုံမှာ တခြားသောအတွဲတွေလို ဝင်ထိုင်ရင်း . . .

"ကျွန်တော် သူမတို့အတန်းဘက် သွားကြည့်သေးတယ်၊ မရှိတာနဲ့"

"ဘာကိစ္စရှိလို့လဲ"

"ရော် . . သူမကို ကျွန်တော့်မေတ္တာတွေ ဖွင့်ဟထားတယ်လေ၊ အဖြူအမည်းလေးတော့ သဲကွဲချင်တာပေါ့ဗျာ"

"ရှင်က ကန်းနေလို့လား"

"ကဲကြည့် သူမတောင်သိသွားပြီ၊ အချစ်နဲ့ပတ်သက်လာရင် လူတွေဟာ ကန်းသွားကြတယ်ဆိုတာ ကျွန်တော်ပဲသိလားလို့"

သူ့စကားနဲ့သူ ခံလိုက်ရလို့ သူမက စောင်းငဲ့ငဲ့လေးကြည့်တယ်။ ဒါမျိုးအကြည့်ကိုလည်း မာယာလေးဆယ်ထဲမှာ ပေက္ခတိ



www.burmeseclassic.com

www.burmeseclassic.com



လို့ ဖွင့်ဆိုထားတာပဲ။ ကျွန်တော် တောင်တောင်အီအီတွေးနေတုန်း-

"နေစမ်းပါဦး၊ ရှင်က ရှင့်ကိုယ်ရှင် အောင်သွယ်လာလုပ်နေတာလား"

"ဟာ . . အဲလိုမထင်ပါနဲ့ဗျာ၊ ကျွန်တော်က သူမကို တကယ်ချစ်တာပါ၊ ဂရိရာဇဝင်ထဲမှာတောင် ကျူးပစ်က သူ့ကိုယ်သူ့ အောင်သွယ်လုပ်ခဲ့တာ မဟုတ်ဘူး၊ အဲဒါ သူမ သိလား"

သူ့မျက်ခုံးလေးနှစ်ဖက် မြင့်တက်သွားတယ်။ ဒါကိုလည်း မာယာလေးဆယ်ထဲက ဘာမူကန့်ကွက်တိပဲဆိုပြီး လိုသလို မညှာမတာဆွဲတွေးလိုက်တယ်။

"ပြောစမ်းပါဦး၊ ရှင်က အလာကြီးပဲ"

"ဒီလိုလေ၊ ဂရိရာဇဝင်ထဲမှာက ကျူးပစ်အိပ်ပျော်နေတုန်းဆိုင်ခီက မြှားနှစ်စင်းကိုယူဆော့တာ၊ အဲဒီမှာ စူးမိပြီး ဆိုင်ခီရဲ့သွေးက ကျူးပစ်အပေါ် ကျပြီး ကျူးပစ်နိုးသွားတာ"

"အင်း . . ."

"နောက်ဆုံးတော့လည်း ချစ်သူတွေ ဖြစ်သွားကြတာပေါ့ဗျာ၊ ပြောချင်တာကတော့ သူမလည်း ကျွန်တော့်ကို အဖြေပေးပါတော့လို့ . . နော် သူမ"

"ဘာမှလဲမဆိုင်ဘူး၊ အဝေးကြီး"

"အနီးလေးပါ၊ ကြည့်တတ်ရင် မြင်ပါတယ်"

ကျွန်တော့်စကားကြောင့် ပြုံးစစနဲ့ နှုတ်ခမ်းလေးကိုတွေ့ပြီတယ်။ အဲဒါကိုတော့ မာယာလေးဆယ်ထဲက ဩဇ္ဈဥပေက္ခာတိလို့ ခဏ,ခဏ မပြောချင်တော့ပါဘူး။ ကျွန်တော့်မှာဖြင့် ချပြီးရင်းချစ်



www.burmeseclassic.com

www.burmeseclassic.com



နေမိတော့တာပါပဲ။

"သူမ . . ."

ကျွန်တော်ခေါ်လိုက်ပေမယ့်လည်း သူမက အဝေးကို ရီဝေဝေငေးနေတယ်။ ချစ်တယ်လို့ပြောဖို့ ရှက်နေတဲ့ပုံစံမျိုးတော့ မဟုတ်ဘူး။ အဲလိုဆိုရင် မာယာလေးဆယ်ထဲက နစေန နခိယဋ္ဌေတိ လို့ ရည်ညွှန်းထားသလို လက်သည်းချင်းထိခိုက်ပွတ်ပြနေမှာပေါ့။ ခုတော့ သူ့မျက်နှာလေးက လေးနက်သိမ်မွေ့နေတယ်။ တစ်ခုခုကို စဉ်းစားနေသလိုမျိုးပဲ။ ခဏနေတော့မှ . . .

"စည်သူ . . ."

"ဗျာ . . ပြောလေ သူမ"

"ကျွန်မ စဉ်းစားပါဦးမယ်"

"ဝမ်းသာလိုက်တာ သူမရယ်၊ မိန်းကလေးဆိုတာ စဉ်းစားရမှာပေါ့၊ ကျွန်တော့်ကို ခုလို စဉ်းစားပေး . . ."

"သိပ်လည်း ဝမ်းသာမနေနဲ့ဦး၊ ရှင့်ကို လက်ခံ၊ လက်မခံကို စဉ်းစားမှာ မဟုတ်သေးဘူး"

"ဗျာ . . ."

"ဟုတ်တယ်၊ ပြောရရင် ရှင် ကျွန်မကို ရည်းစားစကားပြောတာကိုတောင် သိပ်ယုံချင်သေးတာ မဟုတ်ဘူး၊ ပြီးတော့ ကျွန်မအတွက် ချစ်သူတစ်ယောက်ထားဖို့ တကယ်ရော လိုအပ်နေပြီလားဆိုတာကိုပါ စဉ်းစားချင်သေးတယ်၊ အဲဒီအတွက် ရှင်ဘာမှရှင်းပြနေစရာ မလိုပါဘူး၊ အချိန်က စကားပြောပါလိမ့်မယ်"

အစည်ပေါက်ကြီးပြောနေတဲ့ သူ့ကိုကြည့်ပြီး ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



မှာ ပြောစရာစကားတွေ ပျောက်ကုန်တယ်။ မချိတင်ကဲဟန်လေးနဲ့ သူမကိုကြည့်မိတော့ . . .

"ဘာလဲ . . ရှင်စိတ်ပျက်သွားပြီလား၊ ရှင်နောက်ဆုတ်မယ်ဆိုရင်လည်း ကျွန်မက ဝမ်းမြောက်ဝမ်းသာ လက်ခံမှာပါ"

"အာ . . ဘာလို့နောက်ဆုတ်ရမှာလဲ၊ သူမကို ကျွန်တော် နောက်ဆုတ်ပေးဖို့ ချစ်တာမှမဟုတ်ဘဲ၊ အဲဒီအတွက် သူမဝမ်းမနည်းပါနဲ့လို့ပဲ ပြောပါရစေ"

ခုလိုပြောလိုက်တော့လည်း သူမက အသံလွင်လွင်လေးနဲ့ ရယ်ပါတယ်။ မာယာလေးဆယ်ထဲက ဇွတ္တတိပေါ့။ ဒါ အောင်မှတ်မရသေးပေမယ့်လည်း မဆိုးဘူးဆိုတဲ့ အခြေအနေမျိုးလောက် ရှိတယ်။ တစ်ယောက်မျက်ဝန်းထဲကိုတစ်ယောက် ခုန်ကူးမိတယ်။ အကြည့်ဝတ်မှုန်တွေဟာ ပန်းတစ်ပွင့်,ပွင့်လာမယ်ဆိုရင် သူမကိုပဲ အမြတ်တနိုးပေးမိမှာပဲ။

ဖြစ်နိုင်မယ်ဆိုရင် ဒီအချိန်မှာ အာခိမိဒိကို အကူအညီတောင်းချင်ပါတယ်။ သူက ကမ္ဘာကြီးကိုတောင် ကုတ်နဲ့ရွှေ့ပစ်လို့ရတယ်ဆိုတော့ ကျွန်တော်တို့အတွက် ဧဒင်ဥယျာဉ်ကိုပဲ ရွှေ့ပေးဖို့ပါ။ ဒါပေမယ့် ကျွန်တော်တွေးတာ မှားသွားတယ်။ ဧဒင်ဥယျာဉ်ဆိုတာ (space) နေရာ အကျယ်အဝန်းမှ မရှိတာကိုး။ တကယ်တော့ ချစ်တတ်သူတွေအတွက် ဒီကမ္ဘာကြီးဟာ ဧဒင်ဥယျာဉ်ပါပဲ။ နေ့တိုင်းဟာလည်း ချစ်သူများနေ့ပါပဲ။ တွေးရင်းနဲ့ ကျွန်တော့်စိတ်တွေ အံ့ဩကြည်နူးနေမိတယ်။

"ကိုစည်သူဆိုတာ အကိုလား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အတွေးဟာ မီးပြတ်သွားရတယ်။ ဧဒင်ဥယျာဉ်ထဲကို ရက်ပါ (Rapper) တစ်ယောက် ဝင်လာလို့ပါ။ အတွေးနဲ့ ရက်ပါရောသွားပြီလား မသိဘူး။ အကျီပွပွ၊ ဘောင်းဘီခွကျ၊ ဦးထုပ်နောက်ပြန်ဆောင်းထားပြီး (925) ဟန်းချိန်းကြိုးတွေနဲ့ ရှုပ်ပွနေတဲ့ ငနဲလေးကြောင့် ကျွန်တော်ကြောင်သွားတယ်။

ရက်ပါငနဲလေးက ကျွန်တော်တို့စားပွဲဝိုင်းမှာ ပိုင်စိုးပိုင်နင်းဝင်ထိုင်ပြီး . . .

"ကိုစည်သူ ဟုတ်ပါတယ်နော်"

"အင်း . . ဟုတ်ပါတယ်၊ ပြောပါ ဘာကိစ္စလဲ မသိဘူး"

မျက်နှာစိမ်းမို့ ကိစ္စကို မေးလိုက်တယ်။

"ကျွန်တော့်နာမည် ဝင်းလွင်ဦးပါ"

"အင်း . . ပြော"

"ဟုတ်ကဲ့ . . ကျွန်တော်က စာအုပ်ထုတ်ဝေသူတစ်ယောက်ပါ"

ဘာမှလဲမဆိုင်ဘူး။ ဒီပုံစံနဲ့ စာအုပ်ထုတ်ဝေသူဆိုတာ ယုံရခက်ခက်ပဲ။ ကျွန်တော်လည်း ဝတ္ထုတွေ၊ ဘာတွေ မရေးမိပါဘူး။ ဒီကောင် ဘလိုင်းကြီးလာကြွားနေတာလားလို့ တွေးမိပြီး . . .

"ကိစ္စကိုပဲ ပြောပါ"

"ဟုတ်ကဲ့၊ ဟိုလေ . . အကိုက အောင်သွယ်လုပ်ပေးတယ်လို့ သတင်းကြားမိလို့ . . အဲဒါ"

ဗုဒ္ဓေါလို့ စိတ်ထဲက တမိတယ်။ သူမကို ကြည့်လိုက်တော့ မှုန်ကုတ်နေလေရဲ့။ ကျွန်တော်လည်း မဖြစ်ချေဘူးဆိုလို့ အတွေးနဲ့-



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . မဟုတ်ပါဘူး၊ အဲဒါက သူငယ်ချင်းတစ်ယောက်ကိုပဲ ကူညီဖူးတာပါ၊ စကားဆိုတော့ ကားသွားတာ ဟဲဟဲ"

"ဒါဆိုလည်းဗျာ၊ နည်းနည်းတော့ ကူညီပါ၊ အကိုလိုက်လုပ်ပေးစရာ မလိုပါဘူး၊ ကျွန်တော်ချစ်နေတဲ့ မမကို ဘယ်လိုပုံစံနဲ့ ပြောရမလဲဆိုတာလေးပဲ အကြံပေးစမ်းပါဗျာ"

ပြဿနာကတော့ ဒေင်ဥယျာဉ်ထဲမှာ ငယ်ထပ်မြွေပေါက်ခံရတာမျိုး ဖြစ်နေပါတယ်။ ချစ်တဲ့သူမကိုလည်း ဂတိအထပ်ထပ် ပေးထားမိပြီ။ ပါးစပ်ဆော့ပြီး ပြောထားမိလို့လည်း သတင်းက ပြန့်နေပါပြီ။ ဘယ်လိုဇယားရွှေ့ရမှန်းတောင် မသိတော့ဘူး။

အားနာလာတာနဲ့ သူမကို မချိပြုံးလေး ပြုံးပြရင်း . . .

"သူမ ခဏနော်၊ ကဲ . . ညီလေးရဲ့ မမပုံစံကို ပြောပါဦး၊ ခဏလောက် . . ."

"စည်သူ . . ."

သူမခေါ်သံက ဘောက်ဆတ်ဆတ် ထွက်လာတယ်။ ကျွန်တော်က မသိကျိုးကျွံပြုရင်းနဲ့ . . .

"ပြောလေ ညီလေး . . ."

ငနာလေးက သူမကို ရွှန်းရွှန်းစားစားကြည့်ပြီး . . .

"ဒီမမလောက်ပါပဲ"

"ပုံစံကို ပြောတာကွ"

"ဒီမမအတိုင်းပဲလေ"

"ဝါသနာတွေ၊ သူ့အကြိုက်တွေကကော . . ."

"ဒီမမနဲ့ ထပ်တူပဲ၊ အဲ . . မမကိုချစ်နေတာ၊ နော်မမ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ . . ."

"ဟော့ကောင် . . ."

ကျွန်တော်နဲ့ သူမတို့ရဲ့ပါးစပ်က ပြိုင်တူထွက်သွားကြတယ်။ ဝင်းလွင်ဦးဆိုတဲ့ ငနာလေးက သူမကို ရိတိတိလာလုပ်နေတာကိုး။ ပထမတော့ ပြီးပြီးရောဆိုပြီး အကြံပေးလိုက်မလို့ပါ။ ခုတော့ အနာပေါ်တုတ်ကျသလို ခံရခက်သွားတယ်။

"ဟော့ကောင် . . မင်း ဘာစကားလာပြောတာလဲ"

"ဟဲဟဲ . . အကိုကလည်း ဒေါသချည်းပဲ၊ သွားပြီနော် . . အဟီး"

ရှူးသလို၊ ပေါသလိုနဲ့ ဝင်းလွင်ဦး ပြန်ထွက်သွားပါတယ်။ ကျပ်ကောပြည့်ရဲ့လား မသိဘူး။ ကျွန်တော့်ဒေါသတွေ တစ်(ထစ်) သွားရတယ်။ အဲဒီတော့မှ သူမက ကောင်းတယ်ဆိုတဲ့အကြည့်နဲ့-

"အကြံပေးချင်ဦးလေ၊ ခံပေါ့၊ လာထိုင်ကတည်းက မစဉ်းစားမိဘူးလား"

"အဟီး . . သိဘူးလေ"

"အဲဒီကောင်လေးက ကျွန်မကို လိုက်လိုက်စနေတာ၊ သိပ်မလွန်သေးလို့ ကြည့်နေသေးတာရှင့်"

"ဟုတ်လား"

"ဟုတ်လားမလုပ်နဲ့၊ ခု ရှင့်ကိုခုတုံးလုပ်ပြီး ကျွန်မကို ရည်းစားစကားပြောသွားတာ ကြားတယ်မဟုတ်လား၊ ဝင်္ကဆိုတာ အဲသိုပဲလည်တတ်တယ်"

ပြောလည်း ပြောချင်စရာပါ။ ဝင်းလွင်ဦးဆီမှာ ပညာအပေး



www.burmeseclassic.com

www.burmeseclassic.com



ခံလိုက်ရတာကိုး။ အောက်ကနေရပေမယ့်လည်း မလျှော့နိုင်ဘူးလေ။

ကျွန်တော်ကပဲ . . .

"ဘာပဲဖြစ်ဖြစ် ကျွန်တော်က ပထမလူပါ သူမရယ်၊ ဟုတ်တယ် မဟုတ်လား"

"တော်ပါ . . ."

ပြောရင်းနဲ့ ထပြန်မလို့လုပ်နေတဲ့ သူမကိုကြည့်ပြီး . . .

"သူမတို့ဖယ်ရီက စမ်းချောင်းနော်၊ ကျွန်တော်လည်း လိုက်စီးမလို့ဗျ"

"ဘာလဲ . . ကျွန်မအိမ်ကို သိချင်လို့လား၊ အဲဒါလေးနဲ့တော့ မလိုက်ပါနဲ့၊ ပြောပြမယ်"

"အာ . . မဟုတ်ပါဘူး၊ ကိစ္စရှိလို့ပါ၊ ဒီမှာ လိပ်စာတောင်ပါသေးတယ်"

ကျွန်တော်ပေးလိုက်တဲ့ စာရွက်ကလေးကိုကြည့်ပြီး သူမ မျက်မှောင်ကုတ်သွားတယ်။ ပြီးမှ . . .

"ဒါ . . ကျွန်မတို့ လမ်းထဲကပဲ . . ."

* * * *

www.burmeseclassic.com

www.burmeseclassic.com

(၁၆)

ကျောင်းဖယ်ရီကားပေါ်မှာ သူမနဲ့အတူ နှစ်ယောက်ယှဉ်တွဲပြီး တစ်ခုံတည်းစီးလာခဲ့ရတဲ့ ကျွန်တော့်မှာ တကယ့်ကို ကြည်ကြည်နူးနူးဖြစ်ရတယ်။ ပြတင်းပေါက်ကဝင်လာတဲ့ လေပြေကလည်း တဖျတ်ဖျတ်လွင့်လူးနေတဲ့ သူ့ဆံနွယ်လေးတွေကိုဖြတ်ပြီး ကျွန်တော့်ဆီရောက်လာတာဆိုတော့ မွှေးရှတဲ့ရနံ့သဲ့သဲ့လေးနဲ့ ရင်ခုန်ချင်စရာပါ။ ချစ်တဲ့မိန်းကလေးတစ်ယောက်နဲ့ ဒီလိုအတူမစီးဘူးတော့ ကျွန်တော့်မှာ ရင်ဘတ်တစ်ခုလုံး ပြောင်းဆန်လို့ပေါ့။

သူမကတော့ ပြတင်းပေါက်ကတဆင့် အပြင်ကိုငေးနေအေ ရဲ့။ ကားပေါ်က တချို့လူတွေကလည်း ကျွန်တော့်ကို သူမရဲ့ချစ်သူအသစ်စက်စက်လို့ ထင်ကြမှာပဲ။ ဒီနေရာမှာတော့ လိုက်ဖြေရှင်းဖို့



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမကြီးစားတော့ပါဘူး။ အဲဒီအတွေးနဲ့တင် ပီတိတွေ တလက်လက် ဖြာနေမိတယ်။

လမ်းတလျှောက်လုံး စကားမပြောဖြစ်ကြဘဲ စမ်းချောင်းမြို့နယ်ထဲက တစ်နေရာမှာ ကားရပ်တော့ သူမက ဆင်းမယ်လို့ ခပ်တိုးတိုးပြောလာတယ်။ သူဆင်းတော့လည်း ကျွန်တော်ပါ လိုက်ဆင်းရပြီပေါ့။ သွားချင်တဲ့နေရာက သူတို့လမ်းထဲမှာကိုး။ သူတို့လမ်းထဲမှာလည်း သူမလို မိန်းမလှလေးနဲ့ ယှဉ်လျှောက်လာရတာကို မာန်တက်စရာလို့ ထပ်မပြောချင်တော့ပါဘူး။

"ရှေ့လေးငါးအိမ်ကျော်ရင် ရှင်သွားချင်တဲ့ လိပ်စာပဲ"

"ဟင် . . သူမတို့အိမ်က . . . "

"ဒီအနားမှာပါ၊ ဟိုအိမ်လေ"

ပျဉ်ထောင်သွပ်မိုးအိမ်တစ်လုံးကို လက်ညှိုးထိုးပြလို့ ကျွန်တော်မှတ်ထားလိုက်တယ်။ ဒါ နောက်ဆိုရင် ချောင်းပေါက်မတတ် လာရမယ့်အိမ်ပဲလေ။ သူ့ကိုနှုတ်ဆက်ပြီး ဆက်ထွက်လာခဲ့တယ်။ ဒီလိပ်စာအရဆိုရင် အန်တီသီသီတို့အိမ်က ချစ်စရာတစ်ထပ်တိုက်ပုလေးပါ။ အတော်လေး ပြေလည်တဲ့ပုံပဲ။ ခြံထဲမှာလည်း ဆလွန်းကားအဖြူလေးတစ်စီး ရပ်ထားတယ်။

ခြံဝက ဘဲလ်ကိုနှိပ်လိုက်တော့ ကောင်မလေးတစ်ယောက် ပြေးထွက်လာပြီးမေးတယ်။ အကျိုးအကြောင်း ပြောပြလိုက်တော့ အထဲကို ပြန်သွားမေးနေသေးတယ်။ ပြီးမှ တံခါးပြန်လာဖွင့်ပေးတယ်။

ဧည့်ခန်းထဲမှာ အန်တီသီသီက အသင့်စောင့်နေပါတယ်။ ကျွန်တော့်ကိုမြင်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"စည်သူ လာလာ၊ အန်တီတောင် ခုနကမှ ဈေးကပြန်ရောက်တာ၊ သား ဘာသောက်မလဲ၊ အပူလား အအေးလား"

"ရပါတယ်၊ အဆင်ပြေတာ တစ်ခုခုပေါ့"

အန်တီသီသီက အိမ်ဖော်ကောင်မလေးကို အအေးသွားဖျော်ခိုင်းလိုက်တယ်။ ပ,ထုတ်လိုက်တာလား မသိဘူး။ နှစ်ယောက်တည်းရှိတော့မှ ကျွန်တော်က . . .

"ဟိုလေ . . အန်တီလေးကို တောင်းပန်ချင်လို့ လာခဲ့တာ"

"ရပါတယ်ကွယ်၊ အန်တီလည်း ဘယ်လိုမှ သဘောမထားပါဘူး၊ ဟို . . ကိုအောင်အေး . . . "

"မဟုတ်ဖူး အန်တီလေးရဲ့၊ ဦးလေးက အန်တီလေးကို စိတ်ဆိုးနေရင် ခွင့်လွှတ်ဖို့ပဲ ပြောခိုင်းလိုက်တာ၊ အဲဒါကို ကျွန်တော်က နားလည်မှုလွဲပြီး အန်တီလေးကို တလွဲတွေ ပြောခဲ့မိတာလေ၊ အိမ်ရောက်တော့ ဦးလေးက ဆူပါလေရော"

"ဟယ် . . . တကယ်လား"

ကျွန်တော် အဆူခံရတာကိုပဲ သူ့မှာပျော်သွားသလိုပဲ။ တဆက်တည်း ငယ်မူငယ်သွေးတွေ ကြွလာတဲ့ပုံစံနဲ့ . . .

"ဟိုလေ . . အန်တီလေးကလည်း သားကို ခုနက ပြောပြီးပြီပဲ၊ ဘယ်လိုမှ သဘောမထားပါဘူးလို့"

"ဒါ . . ဒါဆို ဦးလေးပြောထားတဲ့ကိစ္စကို ခေါင်းထဲက ထုတ်ပစ်လိုက်ပြီဆိုတဲ့ သဘောပေါ့နော်၊ ဟူး . . . "

စိတ်အိုက်သလို ကျွန်တော်က လုပ်ပြလိုက်တော့ အန်တီသီသီက မျက်နှာရဲပြီး ကပျာကယာပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"အို . . အဲဒီလိုလဲ မဟုတ်ဖူးလေ၊ ကဲ . . စည်သူရယ်၊ ကိုအောင်မအေးကိုသာ ကိုယ့်ကိစ္စ ကိုယ်လာဖြေရှင်းပါလို့ ပြောလိုက်တော့၊ မလာချင်ရင်လည်း သဘောပါပဲလို့ ကြားလား"

ဒီလောက်ဆို အပျိုကြီးဘက်က အခြေအနေကောင်းနေပါပြီ။ ဦးလေးကတော့ ရှယ်ပဲ။ အိမ်ဖော်ကောင်မလေး အအေးခွက်လာချပေးလို့ စကားပြတ်သွားသေးတယ်။ ပြန်ထွက်သွားတော့မှ နည်းနည်းတော်ကီပစ်ခဲ့ဦးမယ်လို့ တွေးပြီး . . .

"ဟုတ်ကဲ့ပါ အန်တီလေးရယ်၊ အန်တီလေးတို့ ကိစ္စကို အန်တီလေးတို့ ဆွေးနွေးတာပဲ ကောင်းမှာပါ၊ ကျွန်တော် ဦးလေးကို အသေအချာ ပြောလိုက်ပါ့မယ်၊ ဦးလေးကလည်း အဆင်ပြေရင် မေမေ့ကို ခွင့်တောင်းမယ်လို့ ပြောနေလို့လေ၊ သူ့ဘက်ကိုတော့ အန်တီလေးစိတ်သာချပါ၊ အန်တီလေးကို ဦးလေးတကယ်မြတ်နိုးတယ်ဆိုတာ ကျွန်တော်ရဲရဲကြီးအာမခံ . . ."

"စည်သူ . . ."

ရုတ်တရက် စူးစူးရှရှ ခေါ်ခံလိုက်ရလို့ ထခုန်မိမတတ် ဖြစ်သွားတယ်။ ရှေ့က အန်တီသီသီခေါ်လိုက်တာ မဟုတ်ပါဘူး။ ကျွန်တော့်နောက်ကျောဘက်က ထွက်လာတာပါ။ ကြားဖူးသလိုလိုပဲဆိုပြီး တမန်းကတမ်း လှည့်ကြည့်မိတယ်။

"ဟာ . . ၊ သူ . . သူမ ဘယ်က ဘယ်လိုရောက်လာတာလဲ"

"ဘယ်လိုရောက်ရမှာလဲ၊ ကိုယ့်အိမ်ကိုယ် သော့ဖွင့်ပြီး ရောက်လာတာပေါ့၊ ပြောပါဦး ရှင်က ဒါဘာအချိုးလဲ"

"သမီး . . သူသူထိုင်လေ၊ စည်သူက တီတီမိတ်ဆွေရဲ့သားပါ"



www.burmeseclassic.com

www.burmeseclassic.com



သူမက အန်တီသီသီရဲ့စကားကို ဘာမှပြန်မဖြေဘူး။ ကျွန်တော့်ကိုပဲ မီးဝင်းဝင်းတောက်နေတဲ့ မျက်ဝန်းတွေနဲ့ စိုက်ကြည့်နေတယ်။ ဘာတွေဖြစ်ကုန်ပြီလဲလို့ အထိတ်တလန့် တွေးမိတယ်။ ပြီးလေသံအထစ်ထစ်၊ အငေါ့ငေါ့နဲ့ပဲ . . .

"ဟို . . ဟို သူမနဲ့ အန်တီသီသီက . . ."

"သူသူက အန်တီလေးတူမလေ၊ သားနဲ့က သိ . . သိ . . ."

"တီတီ ဘာမှဝင်မပြောနဲ့၊ စည်သူ . . ဒါ ရှင်ကျွန်မကို သက်သက်ရွဲ့ပြီး တမင်လုပ်နေတာ မဟုတ်လား"

"ဟာ . . မဟုတ်ဖူးလေ သူမရဲ့၊ အန်တီလေးနဲ့ သူမကို ပတ်သက်မှန်းတောင် မသိပါဘူး၊ ခုဟာက ဦးလေးနဲ့ အန်တီလေးကိစ္စကို လာတောင်းပန်တာပါ"

"အို . . ကျွန်မ အကုန်ကြားပြီးပြီ၊ ကျွန်မ,မကြိုက်မှန်းသိလို့ ရှင်တမင်ရွဲ့ပြီး လုပ်တာသေချာတယ်၊ ပထမတော့ ကျွန်မအိမ်လိပ်စာကို ရှင်ရအောင်စုံစမ်းထားတယ်ဆိုပြီး အထင်ကြီးလိုက်မိသေးတယ်၊ ခုတော့ ရှင်က ကျွန်မကို တကူးတကန့်ကြီး အစွမ်းလာပြနေတာကိုး၊ ရွံ့စရာကောင်းလိုက်တာ"

သူမရဲ့အသံတွေဟာ ဒေါသနဲ့ ဆူဝေခက်ထန်နေတယ်။ မျက်နှာပေါ်မှာလည်း ခံပြင်းတဲ့အရိပ်တွေ ယှက်ဖြာနေလို့ ကျွန်တော်တောင် အတော်လန့်သွားတယ်။ သူ့အဒေါ်မှန်းမှမသိဘဲ။ ခုတော့ မိုးမီးလောင်ပါပြီ။

အန်တီသီသီက အနေအထားကို သဘောပေါက်လား မပေါက်လားတော့ မသိဘူး။ ပြာပြာသလဲ ဝင်ရှင်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး . . သူသူ၊ ခဏနေပါဦးကွယ်၊ ဒီကိစ္စက တီတီ သမီးကို ပြောထားတဲ့ကိစ္စလေ၊ တီတီအိမ်ထောင်ပြုဖို့ စဉ်းစားနေတယ်ဆိုတာ စည်သူ့ဦးလေး ကိုအောင်အေး . . ."

"တီတီကို သမီးပြောပြီးသားပဲ၊ တီတီကိစ္စကို သမီးဘာမှဝင်မပြောဘူး၊ ဒါပေမယ့် ဒီကိစ္စမှာ စည်သူကြားဝင်ပြီး အောင်သွယ်လုပ်ပေးနေတယ်ဆိုရင် သမီးနဲ့ပတ်သက်နေတယ်၊ ဒါလုံးဝမရိုးသားဘူး တီတီ၊ သမီးပြောတာယုံ"

အန်တီသီသီမျက်နှာဟာ အိုစာသွားပါတယ်။ ဦးလေးကိုလက်ခံလိုက်မယ်ဆိုတာလည်း ဗူးပေါ်သလိုပေါ်သွားခဲ့ပြီ။ ခုလည်းကျွန်တော့်ကြောင့် ဒီကိစ္စဟာ မရိုးသားဘူးဆိုတော့ အန်တီသီသီရတက်ပွေသွားပုံရတယ်။

"စည်သူ . . သား၊ ဒီကိစ္စဟာ သမီးသူသူပြောသလို . . ."

"ဟာ . . ရှုပ်ကုန်ပြီဗျာ၊ လုံးဝမဟုတ်ဘူးဗျ၊ သူမရာ လူကြီးတွေကိစ္စနဲ့ ကျွန်တော်တို့ကိစ္စကို မရောပစ်လိုက်ပါနဲ့၊ ကျွန်တော်ရှင်းပြပါ့မယ်၊ ဒါက . . ."

"ဘာမှလာရှင်းပြမနေနဲ့၊ ရှင်အောင်သွယ်ပေးတဲ့ ရှင့်ဦးလေးနဲ့ တီတီကို ကျွန်မသဘောမတူနိုင်ဘူး၊ အဲဒါက ရှင့်ဦးလေးဖြစ်နေလို့ပဲ၊ ရှင် အိမ်ပေါ်က ဆင်းသွားပါတော့"

သူမ ဒီလောက်စိတ်ဆိုးနေတာ ကျွန်တော်မမြင်ဖူးပါဘူး။ ငိုချလိုက်တော့မယ့်အတိုင်း သူမမျက်ခွံတွေဟာ နီရဲမို့မောက်နေတယ်။ ကျွန်တော်လည်း ဘယ်လိုရှင်းရမှန်း မသိတော့တာနဲ့ . . .

"ဒါဆို . . ကျောင်းမှာ လိပ်စာပြတုန်းက အဲဒါ သူမတို့အိမ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ဘာလို့မပြောတာလဲ"

"ရှင်းရှင်းလေးပဲလေ၊ ရှင့်ကို ကျွန်မ မယုံသေးဘူးလို့ ပြောခဲ့ပြီးသားပဲ"

ကျွန်တော့်ရင်ထဲမှာ ခုမှတကယ် ဆို့ကျင်သွားပါတယ်။ မထင်မှတ်ထားတဲ့ အဖြစ်အပျက်တွေက သူမ ကျွန်တော့်အပေါ် မယုံရဲသေးတဲ့အဖြစ်ကို ပိုမယုံအောင် ခိုင်မတ်ပေးလိုက်သလိုပဲ။ အန်တီသီသီလည်း ရှက်လွန်းလို့လား မသိဘူး။ တရှိုက်ရှိုက်နဲ့ ငိုနေပါပြီ။ ကျွန်တော့်ကို ခါးဆီးခက်မှန်နေတဲ့ သူမအတွက် ရွေးစရာ တစ်လမ်းပဲ ရှိပါတော့တယ်။

"သွားဆိုရင်လည်း ကျွန်တော်သွားမှာပါ၊ ဘယ်လိုကံကြမ္မာမျိုးနဲ့ ခုလို တိုက်ဆိုင်သွားတာလည်းဆိုတာတော့ ကျွန်တော်မတွေးတတ်တော့ဘူး၊ ဒါပေမယ့် ကျွန်တော် သူမကိုချစ်ခဲ့တာ၊ ဦးလေး အန်တီလေးကို ချစ်ခဲ့တာတွေဟာ အမှန်တရားတွေချည်းပါ။ ထားပါတော့လေ၊ တချို့ကိစ္စတွေမှာ မှန်တဲ့အတိုင်းလည်း ဝန်ခံချက်ပေးနေစရာ မလိုပါဘူး။ ခု သူမဆုံးဖြတ်သလိုပဲ ကျွန်တော်လက်ခံပါ့မယ်၊ ဦးလေးကိုလည်း ဒီအတိုင်း နားလည်လက်ခံအောင် ပြောပြပေးပါ့မယ်၊ အဲဒါဆိုရင်တော့ သူမ ကျွန်တော့်အပေါ်မှာ အကြွေးကြေလောက်ရောပေါ့နော်"

သူမ ကျွန်တော့်ကို စိုက်ကြည့်နေပါသေးတယ်။ ဘာမှထင်မထားတဲ့ ခွက်တစ်လုံးလို သူ့မျက်ဝန်းတွေဟာ ဗလာသက်သက်ပါပဲ။ ဘာခံစားချက်မှ ကျွန်တော်ရှာလို့မတွေ့မိဘူး။ မျှော်လင့်ချက်တွေဟာ ချက်ချင်းကျိုးကြေကုန်တယ်။ ကျွန်တော်ဝမ်းနည်းစွာနဲ့ပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ကျွန်တော်တို့နှစ်ယောက်ဟာ မပြိုင်ရဘဲ သရေကျသွားခဲ့တာပါ"

တိတ်ဆိတ်နေတဲ့ သူမကို ကျွန်တော်ကျောခိုင်းလိုက်ပါတယ်။ အပြန်လမ်းဟာ အလွမ်းတေးတဝေဝေနဲ့ ကောင်းကင်ကလည်း တိမ်ညိုတွေနဲ့ မှိုင်းပြနေတော့တယ်။

အိမ်ရောက်တော့ ဦးလေးကို အဖြစ်အပျက်အကုန်လုံး (သူမနဲ့ ကျွန်တော့်ရဲ့ ကျောင်းတော်က ချစ်စတွေ) ကို ပြောပြလိုက်ပါတယ်။ နားလည်လက်ခံပေးပါလို့ပြောတော့ ဦးလေး ဘာမှပြန်မပြောဘူး။ ဦးလေး ဒီတစ်ခါ တိတ်ဆိတ်သွားတာ အရမ်းနက်ရှိုင်းတယ်လို့ ကျွန်တော်ခံစားနေမိတော့တယ်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၇)

သူမနဲ့ မျက်နှာချင်းဆိုင် မတွေ့ရတာ တစ်ပတ်လောက်ရှိပါပြီ။ ကျွန်တော့်ဘက်ကတော့ တမင်ရှောင်နေတာမျိုး မဟုတ်ပါဘူး။ ခါတိုင်းသွားနေကျ သူရှိနေတတ်တဲ့ နေရာတွေကို မရောက်ဖြစ်တာပါ။ သူကလည်း ကျွန်တော့်ကို လိုက်ရှာနေတာမှ မဟုတ်တာ။ ဒီလိုနဲ့ပဲ မြန်မာနိုင်ငံမှာနေပြီး ကိုရီးယားကားထဲကလို လွဲနေကြပြီပေါ့။ လွမ်းစရာရှိရင် နာစရာနဲ့ဖြေလို့ပဲ ပြောပြော၊ နာစရာရှိရင် လွမ်းစရာနဲ့ဖြေလို့ပဲ ပြောပြော ကျွန်တော့်မှာတော့ နေရတာ အရသာမရှိလှပါဘူး။ ခေတ်စကားနဲ့ဆိုရင် ခါး,တယ်ပေါ့ဗျာ။

ကိုယ့်ဟာကိုယ် ဂန္ထဝင်ကင်တင်းမှာ ဘူ,ပြီးထိုင်နေတာတောင် အကောင်းမထိုင်ရပါဘူး။ ကျွန်တော့်ရဲ့ ရောင်းရင်းတွေက



www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်လာစားနေကြတယ်။ ထုံးစံအတိုင်း ဆရာကြီးရန်နိုင် အဆိုးဆုံးပဲ။

"အင်း . . စည်သူရာ၊ မင်းဖြစ်နေတဲ့ပုံစံကတော့ အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်ရတဲ့ ကိန်းပဲ"

"ဟော့ကောင် ရန်နိုင်၊ ကျားကိုက်ခံရတာ လူတိုင်းသိတယ်၊ အပေါက်နဲ့လားလို့ မင်းမေးနေစရာ မလိုဘူး"

အရေးထဲ ဝင်းဇော်ကလည်း တမှောင့်။ ကျွန်တော့်ကို ဥပမာပေးရင်းနဲ့ ထငြိနေကြတာ။ နေမျိုးကျော်က မနေနိုင်လို့ ဝင်ဟန့်တယ်။

"တော်ကြပါတော့ကွာ၊ ဒီမှာ စည်သူ တကယ်ခံစားနေရတာကွ၊ လဒမှိုင်,မှိုင်နေတာကို မတွေ့ကြဘူးလား"

ငြိမ်နေတဲ့ ကျွန်တော့်ကို သုံးကောင်သား ဝိုင်းကြည့်ကြတယ်။ ဒီအချိန်ပြုံးပြရင်တောင် မချိပြုံးလို့ ပြောကြဦးမယ်။ အပြင်ဘက်ကို ရီဝေဝေလှမ်းကြည့်လိုက်လို့ ရန်နိုင်က စိတ်မကောင်းဟန်နဲ့ . . .

"ဆောရီး စည်သူရာ၊ မင်း တကယ်ခံစားနေရတယ်ဆိုရင် ငါတောင်းပန်ပါတယ်၊ ငါတို့လည်း မင်းကို ပေါ့သွားမလားဆိုပြီး ပြောနေကြတာ"

"ရပါတယ်ကွာ၊ ဘာမှမဖြစ်ပါဘူး"

"အေးကွာ၊ မင်း အဲဒီလို စိတ်ထားနိုင်တာကို ဝမ်းသာပါတယ်၊ ဘာမှစိတ်ခါတ်ကျမနေနဲ့၊ နေမျိုးကျော်မှာ ညီမနှစ်ယောက်တောင် ရှိသေးတာပဲ၊ သူ့အမေက အရက်မသောက်တတ်တာ တစ်ခုတည်းနဲ့ မင်းကိုသဘောကျမှာပါ"

"အေပေး . . ."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ဖြောင်းဖျသလိုနဲ့ နေမျိုးကျော်အရက်စွဲလုလု ဖြစ်နေတာကို ဒေါက်ဖြုတ်နေကြတယ်။ သူတို့ ဘယ်လိုပဲပြောပြော ကျွန်တော်နဲ့ သူမရဲ့အခြေအနေက ပြောင်းလဲလာမှာမဟုတ်လို့ ဝင်ခံစားမနေတော့ပါဘူး။ နေသာသလိုပဲ နေလိုက်တော့တယ်။ စိတ်ထဲမှာတော့ သူမကို လွမ်းတနင့်နင့်ပေါ့။

အဲဒီအချိန်မှာပဲ မထင်မှတ်ဘဲရောက်လာတဲ့ အတွဲတစ်တွဲကိုကြည့်ပြီး အံ့သြသွားရတယ်။ သက်နိုင်ထွန်းနဲ့ ကြည်ပြာတို့ပါ။ သီးချိန်တန်သီးပြီး ပွင့်ချိန်တန်ပွင့်သွားတဲ့ သူတို့ကို ဩော် . . လို့ပဲ ခပ်ယဲ့ယဲ့ အသံပြုနိုင်တော့တယ်။

သက်နိုင်ထွန်းက . . .

"ဘယ်လိုဖြစ်ရတာလဲ စည်သူရာ၊ မင်းကျမှပဲ"

"မြင်တဲ့အတိုင်းပဲ သက်နိုင်ရေ၊ မင်းဆရာတော့ ငုတ်တုတ်မေ့နေတာ တစ်ပတ်လောက်ရှိပြီ၊ လုပ်ကြပါဦးကွာ"

နေမျိုးကျော်စကားကြောင့် ကြည်ပြာက အားနာဟန်လေးနဲ့ . . .

"ကျွန်မတို့က ကိုစည်သူနဲ့ မိသူကို လုံးဝအဆင်ပြေသွားမယ်လို့ ထင်ထားတာ၊ အင်း . . ခုတော့ မိသူလည်း . . . "

"ခံစားနေရပြီ မဟုတ်လား၊ စည်သူလို တမှိုင်မှိုင်နဲ့"

ရန်နိုင်က ဖြတ်မေးလိုက်တာပါ။ သိချင်စိတ်ကလေးနဲ့ ကျွန်တော်ပါ ကြည်ပြာ့ကို လှမ်းကြည့်မိတယ်။

ကြည်ပြာက မပြောချင်ပြောချင် ပုံစံလေးနဲ့ ပြန်ကြည့်ပြီး-

"ဟင့်အင်း . . မိသူအရင်ထက်ပိုပြီး တက်ကြွသွက်လက်



www.burmeseclassic.com

www.burmeseclassic.com



နေလို့ ကျွန်မတို့တောင် အံ့ဩယူရတယ်"

ကျွန်တော့်မှာ အင့်ခနဲ အလွမ်းတွေ သီးသွားရတယ်။ ပျက်သွားတဲ့မျက်နှာကို ပြန်ထိန်းတာတောင် မမီလိုက်ဘူး။

သက်နိုင်ထွန်းက မြင်သွားလို့ . . .

"အလကားပါကွာ၊ မင်းရဲ့သူမက ဟန်လုပ်နေတာ နေမှာပေါ့၊ ကြည်ပြာကလည်း စွတ်မပြောပါနဲ့၊ မောင်နဲ့ကြည်ပြာတုန်းကလည်း ကြည်ပြာခံစားရတာကို ဖုံးကွယ်ခဲ့တာပဲ မဟုတ်လား၊ ပြော"

အခံရေးထဲ သက်နိုင်ထွန်းက အသားဝင်ယူတယ်။ အကုန်ပုံအပ်ထားတဲ့ ဟိုအမိုက်မကြည်ပြာကလည်း အံတိတ်ကို တူးဖော်သလိုနဲ့ ရီဝေဝေစဉ်းစားရင်း . . . .

"အင်း . . ဖြစ်နိုင်တာပဲလေ၊ ဒီအချိန်မှာ ကျွန်မတို့ ဝင်မကူညီနိုင်ပေမယ့် စိတ်ခါတ်မကျပါနဲ့၊ အချစ်စစ် အချစ်မှန်ဆိုရင် ကျွန်မနဲ့မောင့်လိုပဲ ဆုံဆည်းရမှာပါ"

"မောင်တို့လည်း ခဏတော့ ဝေးခဲ့ကြတာပဲလေ"

"ဒါတွေ ပြန်ပြောမနေပါနဲ့တော့ မောင်ရယ်၊ ခု ကြည်ပြာက မောင့်အနားမှာပဲ ဥစ္စာ"

မရှက်မကြောက် ရှေ့လာပြီး ချစ်ရည်လူးနေကြလို့ ကျွန်တော်တို့မှာ မျက်နှာဘယ်ထားရမှန်းတောင် မသိဘူး။ ဘာမှပြေရာပြေကြောင်းမပြောဘဲ ကိုယ်ရည်သွေးပြီး ထပြန်သွားကြတယ်။ တစ်ယောက်ကောင်းဖို့အတွက် တစ်ယောက်ပျက်ရတာ မမွှတာပါပဲလို့ တွေးပြီး ဖွာရားနဲ့ စိတ်ဖြေရမယ့်ပုံပဲ။ ဒါမှမဟုတ် မင်းတို့ခေတ်ပဲ ဖူးပါကြပေါ့လို့ ပြောလိုက်ရရင်ကောင်းမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို အလွမ်းတွေ တောင်တောင်အီအီနဲ့ပဲ အိမ်ပြန်ရဦးမှာပေ့ါ။ ညရောက်ရင် ဆင်ကန်းတောတိုး အိပ်မက်တွေ မက်ချင်ပါသေးတယ်။ သူမနဲ့များ ဆုံရမလားလို့ပါ။ ကျွန်တော့်မှာ လူကိုမပြောနဲ့ အိပ်မက်ကိုတောင် မမျှော်လင့်ရဲ မျှော်လင့်နေရတဲ့ အဖြစ်မျိုးရောက်နေပါပြီ။

အိမ်ရောက်တော့ မေမေက ရှိနေတယ်။ ဒီနေ့က ဗိုလ်ချုပ်ဈေးပိတ်တဲ့ တနင်္လာနေ့လည်း မဟုတ်ဘူး။ မေးမလို့ကြံတုန်း မေမေက မျက်စိမျက်နှာပျက်နဲ့ . . .

"သားရယ်၊ မင်းဦးလေးတော့ လုပ်ချလိုက်ပြန်ပြီ"

"ဗျာ . . ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ ခုတလော ငွေမိချက်သားကောင်းနေလို့ မေမေက အံ့သြနေတာ၊ မနက်က မေမေဈေးသွားတုန်းကတောင် နတ်နွယ်ရဲ့ ရောမကမိန်းမပျက်ဆိုတဲ့စာအုပ်ကို သဲကြီးမဲကြီးဖတ်နေလို့ ဟင်းအိုးတင်ထားခဲ့တယ်ဆိုပြီး လှမ်းအော်ခဲ့သေးတယ်"

"ဟင် . . . ခု ဟင်းအိုးတူးကုန်လို့လား"

ဦးလေးက စာဖတ်ရင် နစ်မျောတတ်လွန်းလို့ မေးလိုက်မိတယ်။ မေမေက မျက်နှာထိမျက်နှာထားနဲ့ ပြန်ကြည့်ပြီး . . .

"ဟင်းအိုးတူးရင် ခံသာဦးမယ်ဟေ့၊ ခု ငါတောင် ဈေးမရောက်သေးဘူး၊ ဘယ်အချိန် ဘယ်လမ်းက ဈေးကိုလာပြီး သီသီ့ကိုမသွားလည်း မသိဘူး၊ သူ့ဆိုင်က ကောင်မလေးတွေ လာပြောလို့ သိရတော့တယ်၊ ခဏဆိုပြီး ညနေအထိ သီသီပြန်မရောက်လို့လေ"

"ဗုဒ္ဓေါ . . သွားပြီဟ"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲက တုံ့မိတာပါ။ ဒါဆို ဦးလေး သွေးအေးအေးနဲ့ မ,သွားတာ သေချာပါပြီ။ သဲလွန်စများရမလားလို့ ဦးလေးရဲ့အခန်းထဲကို ပြေးကြည့်တော့လည်း ရောမကမိန်းမပျက်က ပက်လက်ကလေး။ စာအုပ်ကို ပြောပါတယ်။ ပုံစံကြည့်ရတာ စာအုပ်ဖတ်နေတုန်း ဖြုန်းဆိုစိတ်ကူးပေါက်ပြီး လုပ်ချသွားတာပဲ ဖြစ်ရမယ်။

"သား . . အဲဒီကိစ္စတွေ မင်းသိထားလား"

"ဒါက ဒီလိုပါ မေမေ"

နောက်ဆုံးတော့ ကျွန်တော့်မှာ မျက်နှာငယ်လေးနဲ့ ဦးလေး မရှင်းသွားတဲ့ ဘောက်ချာတွေကို ရှင်းရတော့တာပေါ့။ မေမေဆေးရုံတက်တုန်းက တွေ့တာကစပြီး ကျွန်တော် အန့်တီသီသီအိမ်ကို ရောက်သွားတဲ့အဆုံး စားမြုံပြန်ရတော့တယ်။ ဒီနေရာမှာ ကျွန်တော်နဲ့ သူမအကြောင်းကိုတော့ ချန်လှပ်ထားခဲ့ရတယ်။ အကျယ်အကျယ် မငြိမ်းဖွယ်တွေ ဖြစ်နေမှာစိုးလို့ပါ။ ခုလည်း သူမတစ်ယောက် ဘယ်လောက်ဆွေ့ဆွေ့ခုန်နေပြီလဲ မသိဘူး။

မေမေက မျက်မှောင်ကြုတ်စဉ်းစားနေပြီးမှ ပြုံးစစဖြစ်လာတယ်။

"အင်းလေ . . ခုကျမှတော့လည်း ဘာထူးတော့မှာလဲ၊ ငါကလည်း ဒီကောင်နဲ့သီသီကို သဘောမတူလို့ မဟုတ်ပါဘူး၊ ဒီအရွယ်တွေနဲ့ ပြောဆိုပြီး လက်ထပ်လိုက်ရင်ရသားနဲ့ ဘာဖြစ်လို့ ကလေးကလားတွေ လုပ်သွားလဲလို့ စိတ်တိုနေတာ"

"မေမေကလည်း မေမေ့မောင်အကြောင်း သိရဲ့သားနဲ့၊ အချစ်ဝတ္ထုတွေဖတ်ပြီး စိတ်ကူးယဉ်နေလားမှ မသိဘာ၊ ဟို စာရေး



www.burmeseclassic.com

www.burmeseclassic.com



ဆရာလူနေတို့ဆိုရင် အဲလို လွယ်လွယ်လေးရတဲ့ဟာကို ခက်ခက်ခဲခဲ ခိုးရအောင်ကို ကြံဖန်ရေးပြီး လုပ်စားနေကြတာဗျ”

“သက်သက်မယ့် အရှုးထတာပါဟယ်”

ဦးလေးကိုလား၊ စာရေးဆရာလူနေကိုလား မသိဘူး။ မေမေ ကတော့ ရေရွတ်ပြီး လှည့်သွားလေရဲ့။ ကျွန်တော့်မှာပဲ အတွေးတွေ ပလုံစီပြီး ကျန်ခဲ့ရတယ်။

ညဖက်ရောက်တော့ တော်တော်နဲ့ အိပ်မပျော်ဘူး။ မမျှော် လင့်ဘဲ သူမနဲ့ ရင်ဆိုင်တွေ့ရင်တောင် ဖြေရှင်းစရာစကားကို ရှာလို့ မတွေ့တာ တကယ်ပါ။ သူမကတော့ အကြီးအကျယ် စွပ်စွဲတော့မှာ ပဲ။ ဒီထက်ဝေးဖို့ဆိုတာ ထပ်မဝေးတော့ပါဘူးဆိုသလို ဖြစ်နေရပြီ။ တွေးရင်းနဲ့ အိပ်ပျော်သွားမှာတောင် ကြောက်နေမိတယ်။ အိပ်မက် ထဲမှာ သူမက နင်ပဲငဆပြောပြီး ဓါးနဲ့လိုက်ထိုးနေရင် ဒုက္ခပဲ။ အင်း . . ဦးရီးတော်ကတော့ ဒီအချိန် ကျွန်တော့်လို ဓါးနဲ့ထိုးခံနေရမှာ မဟုတ်ဖူးနော်။ လေ့လာထားခဲ့သမျှတွေကို လက်တွေ့အသုံးချနေ လောက်ပြီ။ (ပုံတိုပတ်စတွေပြောပြီး တီတီတာတာနဲ့ အန်တီလေးကို ချော့သိပ်နေမှာလို့ ဆိုလိုတာပါ။)

ဒီတစ်ခါလည်း တစ်ယောက်ကောင်းဖို့အတွက် တစ်ယောက် ပျက်ရပြန်ပြီလား။ ငါ့နှယ်နော် . . . ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၈)

"သူမ . . ."

မရဲတရဲလေး ခေါ်လိုက်ပေမယ့် သူမက ခပ်အေးအေးပဲ လှည့်ကြည့်ပါတယ်။ ကျွန်တော်ထင်ထားသလို သူမမျက်ဝန်းတွေထဲမှာ မီးညွန့်တွေ မရှိဘူး။ ထူးဆန်းလိုက်တာ။

"ကျွန်တော့်ကြောင့်လို့ထင်ပြီး သူမစိတ်ဆိုးနာကျည်းနေပြီလား"

ရေခဲမှတ်ထိရောက်အောင် မျက်နှာကို အေးခဲတင်းမာလိုက်မလား။ မဟုတ်ပါဘူး။ သူမက ခပ်နွမ်းနွမ်းလေး ပြုံးပါတယ်။

ကျွန်တော့်ကိုလည်း . . .

"ကျွန်မနားလည်ပါတယ် စည်သူရယ်၊ နောက်ဆုံး စည်သူ



www.burmeseclassic.com

www.burmeseclassic.com



ဝင်တားလည်း ရမှာမဟုတ်ပါဘူး၊ သူတို့က တကယ်ချစ်နေကြပြီလေ"

"ဟာ . . ကျွန်တော်ပျော်လိုက်တာဗျာ၊ ကျွန်တော့်ကိုလည်း . . ."

"အိုး . . နေဦးလေ၊ ဒါနဲ့ ညက ဘယ်လောက်အိပ်ရေးပျက်ထားလဲ မသိဘူး၊ မျက်စိတွေ ကြောင်စီစီနဲ့ မျက်နှာမှာလည်း အဆီတွေပြန်လို့၊ ဘာလဲ ကျွန်မစိတ်ဆိုးနေမယ်လို့ တွေးမိလို့လား"

"အင်း . . ဟုတ်တယ်၊ ဟုတ်တယ်၊ ကျွန်တော့်ကို သူမ . ."

"ရော့ ရော့ . . စနိုးတာဝါနဲ့ သုတ်လိုက်ဦး"

ပျော်ပြီး အဲဖြေတောင်းမလို့ လုပ်နေခါမှ စနိုးတာဝါကြီးလာပေးနေသေးတယ်။ အင်းလေ . . ကျွန်တော့် နဂိုချောမျက်နှာလေးကိုကြည့်ပြီး အဖြေပေးချင်ရှာမှာပေါ့။ ကျွန်တော် စနိုးတာဝါလှမ်းယူလိုက်တော့ သူမက စိတ်မရှည်တဲ့ဟန်လေးနဲ့ . . .

"ကဲ . . ဖယ်ပါ၊ ကျွန်မ သုတ်ပေးမယ်"

မျက်စိမှိတ်ထားလိုက်တဲ့ ကျွန်တော့်မျက်နှာဟာ အေးခနဲဖြစ်သွားတယ်။ စနိုးတာဝါက အရည်တွေ ဒီလောက်ထွက်လို့လား။ ပြီးတော့ အနံ့ကလည်း မွှေးရမှာကို မမွှေးဘဲ ဘယ်လိုအနံ့ကြီးလဲ။ ရူးရူးဝါးဝါးနဲ့ မခံနိုင်တော့လို့ မျက်စိကို အသားကုန်ပြူးဖွင့်လိုက်တယ်။

"ဟာ . . ."

သွားပါပြီ။ ကုတင်ပေါ်က ဝုန်းခနဲ ခုန်ဆင်းသွားတဲ့ ဟန်နီကို တွေ့လိုက်ရတယ်။ ဟန်နီဆိုတာ ဟိုဘက်အိမ်ကနေပြီး တစ်ခါတစ်ခါ ဟင်းလာခိုးစားတတ်တဲ့ ဝကစ်ကစ်ကြောင်သိုးလေးပေါ့။ ညက စိတ်မောမောနဲ့ အခန်းတံခါးလည်း မပိတ်မိ၊ ခြင်ထောင်လည်း မချ

www.burmeseclassic.com



မိတော့ ဒင်းက မျက်နှာကိုတွေ့ပြီး ရှုံးရှုံးဖလားဝါးသွားတာပေါ့။ တောက်! ဟန်နီဆိုတဲ့ ကြောင်သိုးတွေ့ရင်တော့ ဒင်းကို သင်းပစ်ဦးမယ်။ ငါ့မျက်နှာကိုမှ ဒင်းက . . .။

ကျွန်တော့်အိပ်မက်လည်း ဘယ်ရောက်သွားပြီလဲ မသိဘူး။ ရပါတယ်လေ။ အိပ်မက်မကောင်းလည်း သူ့ရဲကောင်းဖြစ်ချင်တယ်လို့ ကျွန်တော့်ဒိုင်ယာရီထဲမှာတောင် ရေးဖူးတာပဲ။ သူမနဲ့ မျက်နှာချင်းဆိုင်ရောက်လာမယ့် အမုန်းတွေကို မလွှဲမသွေ လက်ခံယူရဲရမယ်။

သူမအချစ်ကို မရတဲ့အတူတူ အစူးနက်ဆုံး ခံစားနေပါရစေဘုရား . . .။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၉)

ခရမ်းရောင်တိမ်လွှိုင်းတွေဟာ ကောင်းကင်မှာ အထပ်ထပ် ခတ်ရိုက်နေကြတယ်။ လေစီးထဲမှာလည်း ကျွန်တော့်အလွမ်းတွေ ဟာ ဖွာလန်ကျဲလို့ပေါ့။ မှုန်သီဝေဝါးနေတဲ့ မြင်ကွင်းထဲမှာ အရိပ်စစ် တစ်ခုတလေတောင် ရှာမတွေ့ရဘူး။ ပင်လယ်ကမ္ဘီးပင်ကို ရင်ခွဲပြီး အမိပတီလမ်းပေါ် ကျက်စားနေတဲ့ နေခြည်ပြင်းပြင်းအောက်မှာ ကျွန်တော်လမ်းလျှောက်နေမိတယ်။

ခေါင်းငုံ့လိုက်လို့ ကျွန်တော့်မျက်နှာကို လမ်းမရဲ့တန်ပြန် အလင်းတွေ ထိုးဟပ်နေလေရဲ့။ ဘာကိုမှ မမြင်ချင်၊ မတွေးမအားချင်တော့ပါဘူး။ ဖုန်းထဲက ကြားခဲ့ရတဲ့ ဦးလေးစကားသံတွေကိုပဲ အခွေရစ်သလို ပြန်ကြားနေရတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ခုလိုလုပ်လိုက်လို့ ငါ့ကိုစိတ်မခုပါနဲ့ စည်သူရာ၊ ဒီအခြေအနေမှာ မင်းရဲ့သူမနဲ့ ပိုဆိုးသွားနိုင်တယ်ဆိုတာ ဦးလေးသိပါတယ်၊ ဒါပေမယ့် သူမက မင်းကိုအထင်လွဲနေတဲ့အပြင် သီသီကိုပါ တင်းကျပ်နေပြီလေ၊ သူ့မှာလည်း စိတ္တဇလို အရိုးစွဲနေတဲ့ ခံစားချက်တွေ ရှိနေတယ်၊ အဲဒါက ဘာလဲဆိုတော့ သူ့အသက်ဆယ့်သုံးနှစ်လောက်မှာ သူ့အဖေနဲ့အမေ ကွဲကြတယ်၊ သူ့မှာ အစ်မတစ်ယောက်ရှိသေးတယ်၊ အဲ သူဆယ်တန်းလောက်ရောက်တော့ သူနဲ့သူ့အစ်မက အဖေနဲ့အမေကို ပြန်ပေါင်းပေးဖို့ စီစဉ်ကြတော့တာပဲ၊ အဖေနဲ့အမေရဲ့ အရင်းနှီးဆုံးသူငယ်ချင်းဖြစ်တဲ့ အန်တီတစ်ယောက်ကို အောင်သွယ်လုပ်ခိုင်းပြီးတော့ပေါ့ကွာ၊ အတိုပြောရရင်တော့ အဲဒီအောင်သွယ်နဲ့ သူ့အဖေက ယူသွားလို့ပဲ၊ စဉ်းစားကြည့်ပေါ့ကွာ၊ ဘယ်လောက်ဆိုးလဲလို့"

စဉ်းစားရုံမဟုတ်ပါဘူး။ သူမကို ကိုယ်ချင်းစာမိပါတယ်။

"ဇာတ်လမ်းက အဲဒီမှာ မပြီးသေးဘူး၊ နောက်တစ်နှစ်လောက်ကြာတော့ သူ့အစ်မလည်း အောင်သွယ်လုပ်တဲ့ကောင်လေး တစ်ယောက်က ကားတဲင်ပြေးတာကို ခံလိုက်ရတယ်၊ သူ့အစ်မက သူမလို မဟုတ်ဘူးလေ၊ အရမ်းအေးပြီး အယုံလွယ်တော့ ခံလိုက်ရတဲ့သဘောပဲ၊ မချစ်ပေမယ့်လည်း တစ်ရှက်က နှစ်ရှက်ဖြစ်မှာစိုးတာနဲ့ ယူလိုက်ရပြန်ရော၊ သူ့မိဘတွေကတော့ တစ်ယောက်တကွဲစီနဲ့ ပြည့်ပမှာပါ၊ သူ့အစ်မကတော့ အိမ်ခွဲနေတယ်၊ ညီအစ်မနှစ်ယောက်ဆီကိုတော့ မိဘတွေက ငွေပို့ကြတာပေါ့၊ ဒါကြောင့် သူမက သူ့အစ်မဘဝကို ဇွတ်နှစ်ပြစ်လို့ ခုထိစကားမပြောဘူး၊ အဲလောက်ဆိုရင် ငါတို့

www.burmeseclassic.com



လည်း သူမကို နားလည်လောက်ရောပေါ့၊ ဦးလေးတောင် သိသိပြောတော့ အတော်လေး စိတ်မကောင်းဖြစ်မိတယ်၊ ဒါနဲ့ မမက ဦးလေးကို. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .”

ကျွန်တော် သူမကို နားလည်နိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော် ဘာဆက်လုပ်ရမှာလဲ။ နာတာတော့ တော်တော်နာခဲ့တဲ့ ဇာတ်ပါ။ သူမရဲ့အမုန်းကိုပဲ တစ်သက်လုံး ရင်ဆီးခံနေရမလား။ ဒါမှမဟုတ် နှစ်ယောက်အတူ မျှဝေခံစားနိုင်ပါ့မလား။ ကျွန်တော် စဉ်းစားမိတာတစ်ခုရှိတယ်။

အဲဒါ ဘာလဲဆိုတော့ (ပရိသတ်ကြီး ဘာလို့ထင်ပါသလဲ)

တစ်ကယ်

ရိုး

ရိုး

လေး

ပါ။

* * * *

www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

ဒီနေ့ လက်ခံထားတဲ့အလုပ်ကို စာအုပ်လှန်ပြီး အချက်အလက်တွေ ကြည့်လိုက်မိတယ်။ ဒီလိုဆိုလို့ ကျွန်တော်ကျောင်းပြီးသွားလို့ အလုပ်တွေလုပ်နေပြီလို့ မထင်လိုက်ပါနဲ့။ ကျောင်းတစ်ဖက်နဲ့ အောင်သွယ်လိုက်လုပ်နေတာပါ။ တစ်လအတွင်းမှာကို တော်တော်အောင်မြင်နေပြီလို့ ပြောရမယ်။ ဟိုတလောက မိဘတွေလိုက်ဖမ်းလို့ သုဝဏ္ဏတံတားပေါ်မှာ ထွက်ပြေးရတဲ့ ခန့်မင်းထက်နဲ့ဇာခြည်တို့အတွဲ၊ နောက်ပြီး စိုးသူရဆိုတဲ့ ငနဲလေးကိုလည်း စာအုပ်ထုတ်ဝေသူတစ်ယောက်ရဲ့ ညီမဝမ်းကွဲလေးနဲ့ အောင်သွယ်ပေးလိုက်ပြီးတယ်။ စိုးသူရဆို မျောက်သစ်ကိုင်းလွတ်ဘဝက ကျွတ်သွားလို့ အတော့်ကိုပျော်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



သူမနဲ့ မတွေ့ဖြစ်တာလည်း တစ်လလောက်ရှိနေပြီ။ တစ်ခါတလေ ဖြတ်ခနဲ တွေ့လိုက်ရပေမယ့် မျက်နှာလွှဲလွှဲသွားလို့ ကျွန်တော့်မှာ ခံစားရတယ်။ ကျွန်တော်လည်း စိတ်အံပြောင်းအလွဲဖြစ်အောင်ဆိုပြီး အောင်သွယ်လျှောက်လုပ်နေမိတာပါ။ သတင်းက ပြန့်နေတာရော၊ သူငယ်ချင်းတွေ ဝိုင်းမြှောက်ပင့်ပေးတာရော ပါတာပေါ့။ တကယ် ချစ်ချင်ကြတဲ့သူတွေ ချစ်သွားကြတော့လည်း ကြည်နူးရပါတယ်။ မရိုးသားတာတို့၊ တစ်ဖက်က တူးတူးခါးခါးဆိုရင်တော့ ရှောင်ပါတယ်။ ဥပမာ - သူမ ကျွန်တော့်ကို မုန်းသွားတာမျိုးပေါ့။

ဦးလေးတို့ လင်မယားကလည်း ဒီနေ့မှ ခရီးကပြန်ရောက်ကြတယ်။ တစ်လလောက်ကို မြန်မာနိုင်ငံလှည့်ပြီး ချစ်ရည်လူးလိုက်ကြတာ။ ဦးလေးဆို အသားတွေမဲပြီး မျက်တွင်းလေးဟောက်ပက်နဲ့။ အိပ်ယာအပြောင်းအလွဲဆိုတော့ သိပ်အိပ်မပျော်ဘူး ထင်ပါတယ်။ အန်တီသီသီကတော့ ငယ်မူင ပ်သွေးတွေကြွပြီး လှပနေတုန်းပဲ။

သူ့ဘက်က မဆုံချင်ပေမယ့်လည်း ဦးလေးတို့ကိစ္စကြောင့် သူမနဲ့သွားတွေ့ရဦးမယ်။ ကိုယ်က ယောကျာ်းလေးရှင်ကိုး။ နေ့လည်လောက်မှ သွားမယ်ဆိုပြီး ဒီနေ့အောင်သွယ်ရမယ့် ကောင်မလေးကို လိုက်ရှာလိုက်တယ်။ ဖလော်က နေနေခိုင်ဆိုတဲ့ ကောင်မလေးပါ။ ကြိုက်နေတဲ့ကောင်လေးက သမိုင်းက ကြီးမောင်ဆိုတဲ့ကောင်လေး။ အချက်အလက်တွေလည်း စုံနေအောင် စုဆောင်းပြီးပါပြီ။ ရောက်တော့လည်း ကင်တင်းထဲမှာ နေနေခိုင်ကို တစ်ယောက်တည်းတွေ့လိုက်ရတယ်။

ကျွန်တော့်ကိုမြင်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုစည်သူ လာလေ၊ နေနေလည်း ကိုစည်သူ့ကို မျှော်နေတာ . . ."

ကျွန်တော့် ဒိတ်ခနဲ ဖြစ်သွားမိတယ်။ အောင်သွယ်လာလုပ်တဲ့သူကို မျှော်နေတယ်တဲ့။ တစ်မျိုးကြီးပဲ။

ကြောင်တက်တက်နဲ့ ဝင်ထိုင်လိုက်ရတယ်။ အဲဒီကောင်မလေးကပဲ ကျွန်တော့်ကို မခို့တရို့နဲ့ ရွှန်းရွှန်းစားစားကြည့်ပြီး . . .

"ကိုစည်သူ့အကြောင်းတွေ ကြားတယ်သိလား၊ ဟိုးအရင်သူငယ်ချင်းတစ်ယောက် လှမ်းပြကတည်းက ခင်ချင်နေတာ"

"ဩော် . . ဟုတ်လား၊ ဟိုလေ ကြီးမောင်ပြောထားတဲ့ကိစ္စ . . ."

"အို . . အဲဒီ ကြာပေါ်ကြီးမောင်ကို ထားလိုက်စမ်းပါ၊ ကိုစည်သူနဲ့ပဲ ခင်ချင်တာ၊ ဘာလဲ နေနေ့ကို မခင်ဘူးလား"

"ဗျာ . . ခင် . . ခင်ပါတယ်"

တစ်ခုခုတော့ လွဲနေပါပြီ။ ဒီကောင်မလေးကြည့်ရတာ ကျွန်တော့်ကို ရွှန်းရွှန်းစားစားအဆင့်တောင် မဟုတ်တော့ဘူး။ စာရေးဆရာတွေရေးသလို ချစ်ရည်ရွှန်းတဲ့ အကြည့်မျိုးတွေပါ ဖြစ်နေပြီ။

"ကိုစည်သူက ချောတယ်နော်၊ ခစ် . . ကိုစည်သူ့အကြောင်းတွေ နေနေ အကုန်သိချင်တယ် သိလား၊ နေနေ့အကြောင်းလည်း ပြောပြမယ်လေ၊ နော်လို့"

ဒုက္ခပါပဲ။ လဒမလေးက ကန့်ကလျကို ဖြစ်နေသေးသယ်။ သူ့အကြောင်းလည်း ကျွန်တော်မသိချင်ပါဘူး။ ကျွန်တော့်အကြောင်းလည်း မပြောပြနိုင်ပါဘူး။ ကျွန်တော်က ရှက်တတ်တယ်။ အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



က ဘေးထွက်ဆိုးကျိုးတွေ မြင်နေရလို့ လိုရင်းကိုပြောရတော့တယ်။

"ဟိုလေ . . ကျွန်တော်က ကြီးမောင်အတွက် လာတာပါ"

"အာ . . ထားလိုက်စမ်းပါ။ အဲဒီ ကြီးမောင်ဆိုတာ ကိုစည်သူဆီ နေနေ လွှတ်လိုက်တာ"

"ဗုဒ္ဓေါ . . ဘာ . . ဘာဖြစ်လို့လဲ"

"ခစ် . . ခစ် . . ကိုစည်သူ နေနေ့ဆီရောက်လာပြီး ဒီလိုခင်ရအောင် ဒီနည်းပဲရှိတော့တယ်လေ၊ နေနေ့ကို စိတ်မဆိုးရဘူးနော် . . နော်လို့"

သွားပါပြီ။ ဒါကြောင့် ဒီနေ့ ဒီလောက်လွယ်နေပါလားလို့ ထင်နေတာ။ ဒင်း ရေလာမြောင်းပေးလုပ်နေတာကို ခုမှ သဘောပေါက်သွားတယ်။ ဟိုငနာလေး ကြီးမောင်ကိုလည်း ရှာပြီး နားဖာထုတ်ပစ်ရမယ်။ ခုတော့ ဒီကောင်မလေးရဲ့ အကြည့်ရှိုင်းရှိုင်းတွေထဲက ဘယ်လိုရုန်းထွက်ရမလဲ မသိတော့ဘူး။

"ကိုစည်သူကို ပြောရဦးမယ်၊ နေနေက ငယ်ငယ်လေးထဲက စိတ်ကူးထဲက ချစ်သူရှိတယ် သိလား၊ တိုက်ဆိုင်လိုက်တာ ကိုစည်သူရယ်၊ အပြင်မှာတွေ့တော့ ဘယ်သူနဲ့တူလဲ သိလား"

"အိုစမာဘင်လာဒင်နဲ့ တူနေမှာပေါ့"

စိတ်ထဲက ပြောလိုက်မိတာပါ။ ပါးစပ်ကို ပိတ်ထားရတယ်။ စကားအသွားအလာကြည့်ပြီး မဟပေးရဲဘူး။ ချောင်ပိတ်မိသွားမယ်။ အတော်တုန်လှုပ်နေပါပြီ။ ဒီလောက် ပလီခံရတာ ဘဝမှာ မကြုံဖူးသေးဘူး။

"ကိုစည်သူ . . နေနေပြောတာ ကြားလားလို့"



www.burmeseclassic.com

www.burmeseclassic.com


"အိုစမာ . . အဲ ကြားတယ် . . ကြားတယ်"

"အင်း . . ပြောသာပြောရတယ် ရှက်စရာကြီး၊ နေနေ့စိတ ကူးချစ်သူကလေး . . ကို . . ကို . . ."

"စည်သူ . . ခဏလောက် လာဦး"

လိုက်ခနဲ ပျော်သွားရတယ်။ ကျဉ်းထဲကျပ်ထဲကနေ ဆွဲထုတ် လိုက်တဲ့ ခေါ်သံပါ။ ကယ်တင်ရှင်ကိုကြည့်လိုက်တော့ (ပရိသတ် ကြီး မျှော်လင့်ထားတဲ့အတိုင်း) ကျွန်တော့်ရဲ့ သူမဖြစ်နေတယ်။

ဟန်တောင်မဆောင်မနိုင်တဲ့ ဝုန်းခနဲ ထလိုက်တော့ . . .

"ကိုစည်သူ . . ကိုစည်သူ ဘယ်လဲလို့"

"ခွင့်ပြုဦးနော်၊ ဟိုမှာ ကျွန်တော့်ရည်းစားခေါ်နေလို့ သွား လိုက်ဦးမယ်၊ မဟုတ်ရင် စိတ်ကောက်နေဦးမယ် ဟဲဟဲ"

နေနေခိုင်တော့ ခွေခွေယိုင်မတတ် ဖြစ်သွားမှာပဲ။ မဟုတ် ရင် ကျွန်တော့်မှာ ဒူးနဲ့မျက်ရည်သုတ်နေရဦးမယ်။ သူမကလည်း မျက်နှာထိမျက်နှာထားလေးနဲ့ ခေါ်နေတာဆိုတော့ နေနေခိုင်လည်း ယုံသွားပုံရတယ်။

သူမရှေ့ခုံမှာ ဝမ်းမြောက်ရွှင်လန်းစွာနဲ့ ဝင်ထိုင်လိုက်ပြီး-

"ကျွန်တော်တောင် သူမဆီကိုလာမလို့၊ ဒီနေ့လေ . . ."

"ရှင် ဘာတွေလျှောက်လုပ်နေတာလဲ"

"အဟီး . . ကျူးပစ်လုပ်နေတာလေ၊ သူမ ကျွန်တော့်ကို ချစ်ရင် မလုပ်တော့ဘူးလို့ ဆုံးဖြတ်ထားတာ၊ သူမက ကျွန်တော့်ကို မချစ်တော့လည်း သူများတွေကိုပဲ အကျိုးပေးနေရတာပေါ့"

"လျှောက်ပြောမနေနဲ့ ရှင့်ကို ကျွန်မ ဘာမှမပြောရသေးဘူး၊


www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ခု ရှင်အောင်သွယ်နေတဲ့ ဟာမကို သိရဲ့လား၊ ရှင့်ကိုကြိုက်နေတာဆိုတာ . . .”

“ထင်တော့ ထင်သားဗျ၊ ဒီကောင်မလေးပုံစံက မရိုးဘူးလို့”

“တော်ပါ၊ ရှင်အောင်သွယ်လုပ်နေတာတွေကို ကျွန်မ,မသိဘူးလို့များ မှတ်နေလား၊ ခုတောင် ဟိုဟာမ ပလီပလာလုပ်နေတာကို ကြည့်မရလို့၊ နားရှက်လို့ လှမ်းခေါ်လိုက်တာ”

သူမကိုကြည့်ရင်း ကျွန်တော်ပျော်လိုက်တာ။ တကယ်တော့ သူမက သဝန်တိုနေတာကိုး။ အဲဒီအတွေးနဲ့ မြတ်မြတ်နိုးနိုး ထပ်ကြည့်လိုက်တော့ သူမမျက်နှာလေးက ပန်းရောင်လေး ဖြတ်ပြေးသွားတယ်။ ခေတ်ကာလသားသမီးတွေများ ချက်ဆိုနားခွက်က မီးတောက်တတ်လိုက်တာ။

“ကျွန်တော့်ကိုခေါ်ပြီး ဘာလုပ်မလို့လဲ၊ ပြောလေ”

သူမ အိုးတိုးအမ်းတမ်း ဖြစ်သွားတယ်။ ပြီး မျက်နှာလေးပြန်တင်းပြီးတော့ . . .

“အောင်မာ . . ရှင့်မျက်နှာကို ဖူးချင်လို့များ ထင်နေလား၊ တီတီတို့ မလာသေးဘူးလားလို့ မေးမလို့”

ဘာပဲဖြစ်ဖြစ် ကျွန်တော်ပျော်ပါတယ်။ သူမရင်ထဲကို လှမ်းမြင်လိုက်ရလို့ပါ။ (ဒီနေရာမှာလည်း ဒါရိုက်ကြီး ပုံမဖော်ပါနဲ့။ သူ့စိတ်ကို မြင်လိုက်ရတာမျိုးကို ဆိုလိုပါတယ်။) ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အာဖရိကတိုက်ကလေးရဲ့ ကျန်နေတဲ့တစ်ဝက်ကို ကျွန်တော် ရှာဖွေတွေ့ရှိသွားပါပြီ။ ဒီနေ့ အပျော်ဆုံးလူဟာ ကျွန်တော်ပဲလို့ ခပ်တည်တည် သတ်မှတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးတို့အကြောင်းလား၊ ပြောပြမှာပေါ့၊ ဒါနဲ့ ကျွန်တော် ကျူးပစ်ထပ်လုပ်နေရဦးမှာလားဟင်"

"ရှင်အောင်သွယ်ပေးတဲ့ ဟာမတွေနဲ့ ညားချင်ရင်လုပ်ပေါ့"

"ဟာ . . မဖြစ်ဖူး . . မဖြစ်ဖူး၊ ဒါဆိုရင် အဲ ဘောလုံးသမားတွေဆိုရင် နောက်ဆုံးကစားမယ့်ပွဲဆိုတာ ရှိတယ်၊ ခု ကျွန်တော်လည်း ကျွန်တော့်အတွက်ကျွန်တော် အောင်သွယ်တော့မယ်၊ ဒါ နောက်ဆုံးပဲလို့"

"အောင်မာ . . ဘယ်သူက လက်ခံမယ်ပြောသေးလို့လဲ"

"သူမရယ် . . စည်သူဆိုတဲ့ ကောင်လေးကို ပြန်ချစ်လိုက်ပါ။ သူက ရေကုန်ရေခမ်း မြတ်နိုးပါ့မယ်တဲ့"

သူမက မျက်စောင်းလဲ့လဲ့ထိုးပါတယ်။ ကျွန်တော့်ရင်ဘတ်ထဲကို ကြယ်တွေကြွေပြီး ဝင်သွားသလိုပဲ။ ဦးလေးပြောသလို (PEA) တွေ ထွက်လာပြီထင်တယ်။ မျက်နှာလေး မချိုမချဉ်လုပ်နေတဲ့ သူမကို ကျွန်တော်ကပဲ . . .

"စည်သူကို လက်မခံရင် သူမ အောင်သွယ်နဲ့ ညားတော့မှာနော်"

"ဘာ . . ဘာ အောင်သွယ်နဲ့ ညားရမှာလဲ"

"ဟဲဟဲ . . ကျွန်တော်ပဲလေ သူမရဲ့ တစ်ယောက်ယောက်ကိုတော့ လက်ခံလိုက်ပါ"

"သွားပါ . . ."

နှင်လွှတ်တာ မဟုတ်ပါဘူး။ ရှက်တက်တက်နဲ့ ပြန်ပြောနေတာပါ။ ကျွန်တော်တလည်း ဒီကောင်မလေးအနားက တစ်ဖဝါးမှ



www.burmeseclassic.com

www.burmeseclassic.com



မခွာနိုင်ပါဘူး။

"ဒါနဲ့ တီတီတို့အကြောင်း ပြောပြပါဦး"

"ပြီးရင် အဖြေပေးရမယ်နော်၊ ချစ်တယ်လို့"

"အောင်မယ် . . တော်တော်နုံနေပါလား၊ ပြောပါဆို"

"ချစ်တယ် . . ချစ်တယ် . . ချစ်တယ် . . ."

"အာ . . တီတီတို့အကြောင်းကို ပြောတာ . . ."

"ဒါပဲနော်၊ ပြောပြီးရင် အဖြေပေးရမယ်"

ပြောရမယ့် အဖြေကိုတော့ ထပ်မပြောပြတော့ပါဘူး။ ဘယ်လိုကြည့်ကြည့် ဒီအဆင်က ဒီဖဲပဲတက်လာမယ် ဆိုတာမျိုးပေါ့။

တက်တက်ကြွကြွနဲ့ပဲ ဦးလေးတို့ လင်မယားအကြောင်းကို ပြောပြလိုက်တယ်။ သူ့အပေါ်ကို လွမ်းလို့လား မသိပါဘူး။ သူ့မျက်နှာလေးက နွမ်းလိုက်လန်းလိုက် ဖြစ်နေတယ်။ ဒါပြီးရင်တော့ ကျွန်တော် ဘယ်လောက်ချစ်တဲ့အကြောင်း စာလုံးပေါင်းရတော့မှာပဲ။

ခုတော့ ဦးလေးတို့ ခရီးစဉ်တွေ၊ မေမေကလည်း မင်္ဂလာဆောင်ပေးမယ် ဆိုတဲ့အကြောင်းတွေ၊ အန်တီလေးခမျာ ချစ်သူနဲ့ သွားရပေမယ့် တူမလေးကို စိတ်မချဖြစ်ပြီး လွမ်းနေတယ်ဆိုတဲ့ အကြောင်းတွေ၊ ဖြစ်နိုင်ရင် စည်သူနဲ့ နေရာချပေးလိုက်ချင်တယ် ဆိုတာတောင် မသင်ပေးလိုက်ပေမယ့် အဆစ်ထည့်ပြောလိုက်သေးတယ်။ သူမမျက်နှာလေးဟာ ရှုတ်ထွေ့တွေနဲ့ နီထွေးနေလေရဲ့။

"ကဲ . . ပြီးပြီ၊ အဖြေပေးတော့ . . ."

သူမက မထုံတတ်တေး လုပ်နေသေးတယ်။ ပြီးမှ ကျွန်တော့်ကိုကြည့်ရင်း လွယ်အိတ်ထဲကို နှိုက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကိုကြည့်ရတာ တော်တော်ပင်ပန်းနေပုံပဲ၊ ရော့ ဒါလေးနဲ့ မျက်နှာသုတ်လိုက်ဦး"

"ဟာ . . ."

ကျွန်တော် ထခုန်မိမတတ် လန့်သွားရပါတယ်။ ပါးစပ်ကလည်း လွှတ်ခနဲ အော်လိုက်မိတယ်။

"ဟာ . . စန္ဒီးတာဝါကြီး"

သူမက ဘာဖြစ်တာလဲ ဆိုတဲ့အကြည့်နဲ့ ကြည့်တယ်။ အဲဒီအချိန်မှာ ကျွန်တော်လုပ်မိတာကတော့ ကိုယ့်အသားကို ဆွဲဆိတ်မိလိုက်တာပါပဲ။

လေးစားစွာ

လတ်တေဇအောင်



www.burmeseclassic.com

www.burmeseclassic.com

## လတ်ကေဇအောင်၏ ထုတ်ဝေပြီးသောစာအုပ်များ

၁။ တိမ်တွေဖျော်ထည့်ထားတဲ့ကောင်းကင်
၂။ ငါ့ရင်ဘတ်ကိုမှ ကြက်ခြေခတ်တဲ့ချစ်သူ
၃။ ရင်ကြားစေ့အလွှမ်းတွေနဲ့ ယုန်ကလေးရဲ့ငါ
ယခု
၄။ ကျွန်တော်နှင့် ဆယ့်နှစ်ကြိုးဆိုင်ခိ

www.burmeseclassic.com

www.burmeseclassic.com

ကြယ်ပွင့်စာပေ

မှ

ဆက်လက်၍

# လတ်တလောအောင်

## အနှုတ်အမြှောက်အနှုတ်

## ညီမျှခြင်း အပေါင်း

(လုံးချင်းဝတ္ထုသစ်)

BURMESE CLASSIC

မကြာမီထွက်

www.burmeseclassic.com